ညောင်လေးပင်မြို့-တောရကျောင်းတိုက်

ဓာနုနာယကဆရာတော်ဦးအာရိယဓမ္မထေရ်မြတ် [အဂ္ဂမဟာပဏ္ဍိတ]

၏

# ဘာဝနာအာရဘ

နှင့်

၎င်းဆရာတော်ပင်စုဆောင်းထားသော

ဂုဏ်တော်အနုဿသခင်

ပဌမ ရွှေကျင်ဆရာတော်ဘုရားကြီး

၏

# သိဿကောဝိဒ

## စကားပုံများ

ဝင်းမော်ဦးစာပေတိုက် · ရန်ကုန် မြို့

ညောင်လေးပင်မြို့ - တောရကျောင်းတိုက်
ပဓာန နာယက ဆရာတော် ဦးအရိယမထေရ်
(အဂ္ဂမဟာပဏ္ဍိတ)

ပြုပြင်သော

# ဘာဝနာအရသာ

နှင့်

၎င်းဆရာတော်ပင်စုဆောင်းထားသော
ဂုဏ်တော်အနန္တသခင်
ပဌမ ရွှေကျင် ဆရာတော်ဘုရားကြီး
၏

# သိဿကောဝါဒ
# စကားပုံများ

★

ဝင်းမော်ဦး စာပေတိုက်၊
အမှတ် ၅၀၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၁၀၆၂၁)

အဖုံးခွင့်ပြုချက် အမှတ်[၁၉၆]

ဒုတိယ အကြိမ်

၁၉၇၀- မတ်လ

အုပ်ရေ- ၂၅၀၀

တန်ဖိုး-၆ ကျပ်

မျက်နှာဖုံးရိုက် ● ကာလာမောင်ဝင်း

စာအုပ်ချုပ် ● မျိုးမြန်မာ

☆

ထုတ်ဝေသူ .... ဦးတင်မောင် [၀၂၂၃] ဝင်းမော်ဦး စာပေ၊ အမှတ် ၅၀၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ .... ဦးခင်ဝင်း [၀၁၄၁၅]၊ သူရိန်ပုံနှိပ်တိုက်၊ အမှတ် ၁၃၊ ဝတ်ကျောင်းလမ်း၊ ရေကျော်၊ ရန်ကုန်မြို့။

# နိဒါန်း

ဤကျမ်းကား....ဤ ဘာဝနာ အရသာကျမ်းကား အမည်နှင့် လိုက်လျောညီစွာပင် ဘာဝနာ့အရသာတွေ ပေါ်လွင်လျက်ရှိပေကြောင်း၊ ဘာဝနာနှင့်ဆိုင်ရာ အခက်အခဲကို စမ်းတဝါးဝါး မသုံးသပ်စေမိဘဲ ဆစ်ပိုင်းကျနစွာ ယူဆသုံးသပ်နိုင်စေ၍ မည်မျှပင်အမြင်ဝေးသူ ဖြစ်စေကာမူ၊ ဖတ်သွားရင်းဖြင့်ပင် ဥာဏ်၌ထင်၍ အမြင်နီးကာ ဘာဝနာ့အရသာတွေကို ကောင်းစွာ ခံယူရစေလိမ့်မည် ဖြစ်ကြောင်း။

ဖယ်ထားသည်– ဝါကျ ရှည်ကြီးများ ဖြစ်၍ အဓိပ္ပါယ်ထင်အောင် တမင်ရှင်းနေရခြင်း၊ မပေါ်လွင်သဖြင့် အမြင်ဆဆ နှောင့်နှေးရခြင်း၊ အဓိပ္ပါယ် ခက်ခဲနေသဖြင့် နက်နဲစွာ တွေးယူနေရခြင်း–စသော အရသာ ပျက်ကြောင်း သဘောများကို လုံးဝဖယ်ရှားထားသည်။

အရသာရှိသည်ပင်–အဘယ် ဘာဝနာ ဓမ္မသည် ဝိမုတ္တိရသကို မပေးစွမ်းနိုင် ရှိချိမ့်မည်နည်း၊ အဘယ် ဘာဝနာ ဓမ္မသည် ရသမရှိဘဲ ရှိချိမ့်မည်နည်း၊ ဗုဒ္ဓရှင်တော်မြတ်၏ နည်းမှန်လမ်းစစ် ဘာဝနာဓမ္မသာဖြစ်ကာ စင်စစ်ဝိမုတ္တိရသကို ပေးစွမ်းနိုင်သည်ပင်၊ စင်စစ် ရသ ရှိသည်ပင်၊ စင်စစ် အရသာရှိသည်ပင်။

# နိဒါန်း

ဤဘာဝနာအရသာကျမ်း–သို့ပင် ဖြစ်လင့်ကစား ထိုအရသာရှိသော ဘာဝနာများကို ညွှန်ကြားရေးသားမှု ပြုစုစီရင်ကာ အရသာ ပေါ်လာစေအောင် ဖန်တီးပေးရာ၌ မရှည်မဝေး အရေးပါပါ အရသာပေါ်လာအောင် ဖန်တီးစွမ်းပါ၍ ဖတ်ရုံမျှနှင့် အရသာပေါ်လာပြီး ဝိမုတ္တိရသ တိုင်အောင် စင်စစ်အရသာ ပေါ်စေသော ကျမ်းကား ညောင်လေးပင်မြို့ တောရကျောင်းတိုက် ပဓာန - နာယက– ဆရာတော် ရေးသား စီရင်အပ်သော ဤ ဘာဝနာအရသာ ကျမ်းဖြစ်ပေသည်။

အထူးထုတ်ဝေ–သို့ဖြစ်၍ လွယ်လွယ်နှင့် တကယ့်အရသာ ပေါ်အောင် စွမ်းဆောင်နိုင်သော ကျမ်းတစောင်ဖြစ်သည့်အတိုင်း ကသိုဏ်း ၁၀–ပါး အရသာများမှစ၍ ဝိမုတ္တိရသကျအောင် ဓမ္မအရသာ ထူးမြတ်စွာတို့ကို မကြာမဝေး ခံယူကြစေဘို့ အရေးကို လေးစားစွာ ရည်စူးလျက် "ဝင်းမော်ဦး စာပေတိုက်" က အထူး ထုတ်ဝေ အပ်ပါသတည်း။

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **သမထနည်း** | | |
| အကျဉ်းခေါင်းစဉ် | .... | ၉ |
| ကာမဂုဏ်အမြစ် | .... | ၁၀ |
| အာသာပြင်းထန်။ ။ပီတိပါမောဇ္ဇဖြစ်စေ | .... | ၁၁ |
| အလေးပြုခြင်း။ ။စိတ်ဖြစ်စေ | .... | ၁၁ |
| သသိုက်ကျဲးဝန်းပုံစံ | .... | ၁၂ |
| ကသိုဏ်းဆယ်ပါးပွားနည်း | .... | ၁၃ |
| အဆုံးအဆုံး၌ ဝိပဿနာတင်ရန် | .... | ၁၄ |
| အသုဘဆယ်ပါး | .... | ၁၆ |
| အရှင်ကောင် အသုဘ | .... | ၁၉ |
| နဝ—သီဝထိက | .... | ၂၀ |
| ကောဋ္ဌာသ အသုဘ | .... | ၂၁ |
| အရိုးစု အသုဘ | .... | ၂၁ |
| အနုဿတိ ဆယ်ပါး | .... | ၂၂ |
| ဗြဟ္မဝိဟာရ လေးပါး | .... | ၄၁ |
| ရန်ငြိုးဖျောက်နည်း တဆဲ့တပါး | .... | ၄၇ |
| အာဟာရေပဋိကူလသညာ | .... | ၅၄ |
| စတုဓာတုဝ ဝတ္ထာန် | .... | ၅၆ |
| အာရုပ္ပလေးပါး | .... | ၇၀ |
| ပဋိပဒါ၊ အဘိညာ | .... | ၇၂ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **ဝိပဿနာနည်း** | | |
| အကျဉ်းခေါင်းစဉ် | .... | ၇၅ |
| ဒိဋ္ဌိဝိသုဒ္ဓိ | .... | ၇၆ |
| နာမ်နှင့်ရုပ်ကို ဟုတ်တိုင်းမှန်စွာသိပုံ | .... | ၇၇ |
| ကင်္ခါဝိတရဏ ဝိသုဒ္ဓိ | .... | ၈၁ |
| ယုံမှား ၁၆-ပါး | .... | ၈၃ |
| ယုံမှား ၈-ပါး | .... | ၈၆ |
| မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ၊ သမ္မသနဉာဏ် | .... | ၈၉ |
| သစ္စာလေးပါးသိပုံ | .... | ၁၀၇ |
| ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ | .... | ၁၁၀ |
| ဘင်္ဂဉာဏ် | .... | ၁၁၂ |
| ဘယဉာဏ် | .... | ၁၁၄ |
| အာဒီနဝဉာဏ် | .... | ၁၁၅ |
| ပဋိသမ္ဘိဒါမဂ် ပါဠိတော် အာဒီနဝထင်ပုံ | .... | ၁၁၅ |
| အပြစ်မြင်ပုံ | .... | ၁၁၇ |
| နိဗ္ဗိဒါဉာဏ် | .... | ၁၁၈ |
| မုဉ္စိတုကမျတာဉာဏ် | .... | ၁၁၉ |
| ပဋိသင်္ခါဉာဏ် | .... | ၁၂၀ |
| သင်္ခါရုပေက္ခာဉာဏ် | .... | ၁၂၁ |
| အနုလောမဉာဏ် | .... | ၁၂၈ |
| ဉာဏဒဿနဝိသုဒ္ဓိ | .... | ၁၂၉ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| မဂ်ဉာဏ်ထင်ရှားကြောင်း ဥပမာ ၁၂-ခု | .... | ၁၃၀ |
| ရှင်မောဂ္ဂလာန် | .... | ၁၃၄ |
| ရှင်သာရိပုတြာ | .... | ၁၃၅ |
| သာဝကသန္နိပါတ | .... | ၁၃၆ |
| ငါတို့ရည်ရွယ်ချက် | .... | ၁၃၆ |
| နိဂုံး | .... | ၁၃၇ |
| သိဿကောဝါဒစကားပုံများ | .... | ၁၃၈ |
| ပဌမဩဝါဒကထာ | .... | ၁၅၉ |
| ဒုတိယ ဩဝါဒ ကထာ | .... | ၁၆၉ |
| အဝတ်ဆင်ခြင်ရန် | .... | ၁၇၅ |
| အစားဆင်ခြင်ရန် | .... | ၁၇၈ |
| ဇရာမရဏ ဆင်ခြင်ရန် | .... | ၁၈၀ |
| ကိုယ်တွင်းသုတ်သင်ရန် | .... | ၁၈၃ |
| အလျှုပွဲသွင်းဆင်ခြင်ရန် | .... | ၁၉၄ |

# ဘာဝနာအရသာ

## သမထနည်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

### အကျဉ်းခေါင်းစဉ်

နီဝရဏ အကုသိုလ်တို့ကို ငြိမ်းစေသော သမာဓိသည် သမထ မည်၏။ ထိုသမာဓိကို တိုးပွါးအောင် ပွါးများစေခြင်းသည် သမထဘာဝနာမည်၏။ အစစွာ ပွါးများစေသော သမာဓိသည် ပရိကမ္မ ဘာဝနာမည်၏။ နီဝရဏကွာအောင် ခိုင်မြဲသော သမာဓိသည် ဥပစာရဘာဝနာမည်၏။ ပဌမစျာန်စသော စျာန် သမာဓိသည် အပ္ပနာဘာဝနာမည်၏။

ရှေးဦးစွာ ကာမဂုဏ်အပြစ်ဆင်ခြင်ရသည်။ ထိုနောက်ကာမဂုဏ်မှလွတ်ရာ မဂ်ဖိုလ်အခြေခံ ရှေ့ချန့်၌ အာသာပြင်းထန်ရသည်။ ထိုနောက် ရတနာသုံးပါးဂုဏ်ဖြင့် ပီတိပါမောဇ္ဇ ဖြစ်စေရသည်။ ထိုနောက် သူတော်ကောင်း အကျင့်ဟု အလေးပြုရသည်။ ထိုနောက် အားထုတ်လိုသောစိတ်ကို ဖြစ်စေရသည်။ ထိုနောက် ကသိုဏ်းဝန်းစသော အာရုံ၌ သမထကို တိုးပွါးစေရသည်။

---

ကာမဂုဏ်အပြစ် — ကာမဂုဏ်ဟူသည် — သာယာဘွယ်ပါး
ခွေးငတ်ဝါး၍ လျက်စားခဲလေ မပြေ

အဆာ ပင်ပန်းသာကဲ ညှိနှံ့စွဲသိုး အမဲရိုးနှင့်တူလှ၏။

ဆက်ဆံသူ ရှုပ်ထွေး ကြိုးခွေးဝိုင်းလု အသားစုနှင့်တူလှ၏။

လေညာဆောင်လျှင် လက်တွင်လောင်ကူး မြက်မီးရှူးနှင့်တူလှ၏။

ပူရှိန်ထန်ပြင်း မီးကျီးတွင်းနှင့် တူလှ၏။

ခဏခြင်းကွယ်ပျက် အိပ်မက် မက်သည်နှင့်တူလှ၏။

ခေတ္တဝါကြွား ပစ္စည်းငှါးနှင့်တူလှ၏။

အသီးကိုမက် ပင်ရင်းဖျက်မူ ပင်ထက်လူသေပွဲ ပြွတ်၍ခဲသော သစ်သီးတွဲနှင့်တူလှ၏။

ခုတ်စဉ်းတိုင်းမလွတ်ကင်း အတင်းသိမ်းကျုံး စဉ်းတီတုံးနှင့်တူလှ၏။

အူအသဲစူးဝင် တံကျင်လှံမနှင့်တူလှ၏။

တွေးတောဘွယ်အတိ ဘေးအပြည့်စုံပေါင်း မြွေဦးခေါင်းနှင့်တူလှ၏။

အပြစ်ပေါ်များ စီးပွါးမတိုး ကိုယ်ကျိုးပျက်ပြုန်း လူညံ့ သုံး ဖြစ်၏။

ဤကား-ကာမဂုဏ်အပြစ် ဆင်ခြင်ခြင်းတည်း။

အာသာပြင်းထန်–ဤကာမဂုဏ်မှလွတ်ရာ ဥပစာ၊ အပ္ပနာ ချောန်ချမ်းသာ ထိုထိုသည် မင်္ဂဖိုလ်ရ ကြောင်း အခြေခံကောင်းဖြင်၏၊ ထိုအခြေခံချောန်ကို ယခုရမူ ကောင်းလေစွ၊ ယခုရမူ ကောင်းလေစွ။

ဤကား- အာသာပြင်းထန်ခြင်းတည်း။

ပီတိပါမောဇ္ဇဖြစ်စေ–မဖောက်မပြန်းဟာပြောသော ဘုရား ရှင်သည် သမ္မာသမ္ဗုဒ္ဓစင်စစ်ဖြစ်ပေစွ၊ သမ္မာသမ္ဗုဒ္ဓစင်စစ်ဖြစ်ပေစွ။

ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်းတရားတော်သည်သွာက္ခာတ စင်စစ်ဖြစ်ပေစွ၊ သွာက္ခာတစင်စစ်ဖြစ်ပေစွ။

ဆုံးမတိုင်း မချွတ်မယွင်း ဖြောင့်စင်းသော သံဃာသည် သုပ္ပဋိ ပန္နစင်စစ်ဖြစ်ပေစွ၊ သုပ္ပဋိပန္နစင်စစ် ဖြစ်ပေစွ။

ဤကား-ရတနာသုံး ပါးဂုဏ်ဖြင့် ဝမ်းမြောက်ခြင်းတည်း၊

အလေးပြုခြင်း–ယခု ဤအကျင့်သည် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့၏ သွားရာလမ်းကောင်း ထွက်မြောက်ကြောင်းဖြစ်၏။ သွားရာလမ်းကောင်း ထွက်မြောက် ကြောင်းဖြစ်၏။

ဤကား-အကျင့်ကိုအလေးပြုခြင်းတည်း။

စိတ်ဖြစ်စေ—ဤအကျင့်ဖြင့် အိုဘေး၊ နာဘေး၊ သေဘေးမှ လွတ်ရာ ချမ်းသာသုခ ရပေတော့လတ္တံ့၊ ချမ်းသာသုခ ရမေတော့လတ္တံ့။

ဤကား–အားထုတ်လိုသောစိတ်ကို ဖြစ်စေခြင်းတည်း။

---

## ကသိုဏ်းဝန်းပုံစံ

[မှတ်ချက်—ပထဝီကသိုဏ်းဝန်းကိုညို၊ရွှေ၊နီ၊ဖြူ-ကင်း၍မဝင်းမဝါအရုဏ်ဆောင် မြေနုစေးညက်စွာကို ရေဖျော်၍ အဝတ်၊ သားရေ၊ ပျဉ်-စသည်၌ တထွာလေးသစ်ခန့် ဝိုင်းဝိုင်း ချောမွေ့စွာ လိမ်းရသည်။ မဲနယ်ဆေးဒါန်း စသည်ဖြင့် အနားရေးပတ်ဝိုင်း ပိုင်းခြားရသည်။ တထွာလေးသစ်ခန့်မြင့်သော ခုံငယ်၌ ထိုင်လျက် ကသိုဏ်းဝန်းကို နှစ်တောင်ထွာခန့် ခွါ၍ရှုရသည်။ အားထုတ်ဘူးသူကား လယ်ထွန်ရာမြေပြင်၊ ကောက်နယ်တလင်းပြင် စသည်၌သည်း ရျာန်ရ၏။ ။အာပေါကို တထွာလေးသစ်ခန့် အဝရှိသော သပိတ်အိုးခွက် စောက်နက်နက်၌ ညို၊ရွှေ၊နီ၊ဖြူ-ကင်းသော ရေသန့်ထည့်၍ ရှုရသည်။ ကန်ရေ၊ သမုဒ္ဒရာရေ၌လည်း ဈာန်ရ၏။ ။တေဇောကို ထင်းပုံမီးတိုက်၍ ဖျာစသည်ကို တထွာလေးသစ်ခန့် ဖောက်ပြီးလျှင် တခဲနက် မီးလျှံတည့်တည့်၌ ထောင်ရှုရသည်။ ထွန်းသောမီး၊ တောမီး စသည်၌လည်း ဈာန်ရ၏။ ။ဝါယောကို သစ်ပင်ဖျား လေခတ်ရာရှု၍ဖြစ်

စေ၊ မိမိကိုယ် လေထိသောအခါဖြစ်စေ-ဒိဋ္ဌ- အမြင်ဖြင့် ၎င်း၊ ဖုဋ္ဌ-အတွေ့ဖြင့်၎င်း ရှုရသည်။

နီလကို ညိုသောပန်း-ပန်းတောင်း၌အပြည့်ထည့်၍ ၎င်း၊ သပိတ်ဝ စသည်၌ အဝတ်ညိုစည်း၍၎င်း၊ အဝတ် နံရံစသည်၌ ညိုသောဆေး အဝိုင်းလိမ်း၍၎င်း၊ ရှုရသည်။ ပတ္တမြားညို၊ အဝတ်ညို၊ တောချုံညို၌လည်း ချဉ်းနင်ရ၏။ ပီတ၊ လောဟိတ၊ ဩဒါတကို နီလနည်းပြု၍ ရှုရသည်။ ဝါသေရှ္မသောပန်းအခင်း၊ ရွှေပြား၌၎င်း၊ ပတ္တမြားနီ၊ ပန်းနီအခင်း၌၎င်း၊ ဖြူသောပန်းအခင်း၊ ငွေပြား၊ လပြည့်ဝန်း၌၎င်း ချဉ်းနင်ရ၏။

အာကာသကို နေပြောက်မထိုးသော တထွာလေး သစ် နံရံပေါက်၊ မကျွပ်ပေါက်ကို ရှုရသည်။ ပြတင်း ပေါက်၌လည်း ချဉ်းနင်ရ၏။ ။အာလောကကို အိုးဘေး ဖေါက်၍ အတွင်း၌ မီးထွန်း၍ နံရံ၌ ထိမ်းရောင်အဝန်း ထင်စေ၍ ရှုရသည်။ နံရံပေါက် စသည်ဖြင့် ဝင်၍ထင် သော နေရောင် လရောင်၌လည်း ချဉ်းနင်ရ၏။]

## ကသိုဏ်းဆယ်ပါးပွါးနည်း

ပထဝီကသိဏံ၊ မြေသည်ပင်လျှင် တစိတ်တဒေသ၌ မဘည် မူ၍ ချဲ့သမျှပြန့်နှံ့၍ အဆုံးမရှိ ပြန့်နှံ့သောကြောင့် အလုံးစုံဟူ သော အနက်အားဖြင့် ကသိဏမည်သော ပထဝီကသိုဏ်း။ ဝါ၊ မြေအလုံးစုံနှံ့ထင်သော ပထဝီကသိုဏ်း - ပွါးပြင်ပြီးသောအခါ- ပထဝီ၊ ပထဝီ၊ ပထဝီ၊ မြေ၊ မြေ၊ မြေ။

အာပေါကသိဏ်၊ ရေအလုံးစုံနှံ့ထင်သော အာပေါကသိုဏ်း ပြုပြင်ပြီးသောအခါ- အာပေါ၊ အာပေါ၊ အာပေါ၊ ရေ၊ ရေ၊ ရေ။ (နောက်ပုဒ်တို့ကို နည်းမှီးဆိုနိုင်ရမည်။)

တေဇောကသိဏ်၊ မီး—။ တေဇော၊—မီး —

ဝါယောကသိဏ်၊ လေ—။ ဝါယော၊—လေ။—

ဤကား၊-ဓာတ်ကသိုဏ် လေးပါးတည်း။

နီလကသိဏ်၊ ညိုသောအဆင်း--။ နီလံ၊-ညိုသောအဆင်း။ --

ပီတကသိဏ်၊ ရွှေသောအဆင်း—။ ပီတကံ၊—ရွှေသောအဆင်း။

လောဟိတကသိဏ်၊ နီသောအဆင်း—။ လောဟိတကံ၊—နီသောအဆင်း။—

ဩဒါတကသိဏ်၊ ဖြူသောအဆင်း—။ ဩဒါတံ၊ —ဖြူသောအဆင်း။—

ဤကား-ဝဏ္ဏကသိုဏ်းလေးပါးတည်း။

အာကာသကသိဏ်၊ အကြားအပေါက် ကောင်းကင်—။ အာကာသော၊—အကြားအပေါက်ကောင်းကင်။—

အာလောကကသိဏ်၊ အရောင်အလင်း—။ အာလောကော၊—အရောင်အလင်း။

ကသိုဏ်းဆယ်ပါး ပြီး၏။

---

## အဆုံးအဆုံး၌ ဝိပဿနာတင်ရန်

ဤ—(ကသိုဏ်း)—အာရုံ—အာရုံပြုခိုက်တွင် စိတ်၊ စေတသိက်သည် နာမ်မည်၏။ ဝတ္ထု အာရုံ-ပေါင်းဆုံခြင်းကြောင့်ဖြစ်သောနာမ်။ အာရုံသို့ ညွတ်သော

**နာမ်။** ။ထိုစိတ်၊ စေတသိက်၏ဘည်ရာ ဟဒယဝတ္ထုသည်၎င်း၊ ဟဒယဝတ္ထု၏တည်ရာ ခေတ်လေးဖြာသမုတ် မဟာဘုတ်သည် ၎င်း၊ တကိုယ်လုံးသည်၎င်း ရုပ်မည်၏၊ ကံ၊ စိတ်၊ ဥတု၊ အဟာရ-ကြောင့်ဖြစ်သောရုပ်၊ ပူခြင်း၊ ဧခြင်း-စသည်ကြောင့် သွင်မတူ ပြောင်းလွဲဖောက်လဲ ဖောက်ပြန် ဖြစ်သောရုပ်။

ဤ—(ကသိုဏ်း)—အာရုံ—အာရုံပြုခိုက်တွင် ထိုနာမ်၊ ထိုရုပ်မှ တပါး အာရုံပြုတတ်သောငါ၊ သူ တပါးမရှိ။ ယောကျ်ားမိန်းမ မရှိ။ပုဂ္ဂိုလ်သတ္တဝါမရှိ။ တိတ္ထိတို့ ကြံဆ၍ စွဲလမ်းသောအတ္တ၊ ဇီဝမရှိ။နာမ်နှင့်ရုပ်သာရှိ၏။ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ-မဟုတ်၊ နာမ်နှင့်ရုပ်သာ ဟုတ်၏။ ။ဤတွင် တဒင်္ဂပဟာန်ပြည့်စုံလျှင် သက္ကာယဒိဋ္ဌိ ကွာ၏။ အန္ဓပုထုဇဉ် အဖြစ်မှလွတ်၍ ကလျာဏပုထုဇဉ် အဖြစ်သို့ရောက်၏။

ဤ—(ကသိုဏ်း)—အာရုံ—အာရုံပြုခိုက်တွင် ဖြစ်သော ဤ နာမ်နှင့် ဤရုပ်သည် အဝိဇ္ဇာ၊ ဘဏှာ၊ကံ-စသော အကြောင်းကြောင့်ဖြစ်၏။အကြောင်းကိုစွဲ၍ ပဋိစ္စသမုပ္ပါဒ် နာမ်နှင့် ရုပ်ဖြစ်ခြင်းမျှသာတည်း။ ငါမဖြစ်၊ သူ မဖြစ်၊ ငါ့ကြောင့်မဖြစ်၊ သူ့ကြောင့်မဖြစ်၊ အကြောင်းမကင်း သော အကျိုးနာမ်ရုပ်မျှသာဖြစ်၏။ တင့်တယ် ချမ်းသာမဘက်၊ ပုဂ္ဂိုလ်သတ္တဝါမဘက်၊ ဒုက္ခသက်သက်သာ ကြောင်းကျိုးစွဲကာ ဖြစ်၏။ ။ဤတွင် တဒင်္ဂပဟာန်ပြည့်စုံလျှင် စူဠသောတာပန် အဖြစ်သို့ရောက်၏။

ဤ-(ကသိုဏ်း)-အာရုံ-အာရုံပြုခိုက်တွင်ဖြစ်သော နာမ်ရုပ်နှင့်တကွ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၌ရှိသမျှ တေဘူမကနာမ်ရုပ်သည်အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဝိပဿနာရှုစရာ ဒုက္ခသစ္စာမည်၏။ ဒုက္ခကို ဖြစ်စေတတ်သော ရှေးဘဝ တဏှာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပဿနာရှုစရာ သမုဒယသစ္စာမည်၏။ ဒုက္ခနှင့် သမုဒယ မဖြစ်ဆုံ နိဗ္ဗာန်သည် ဝိပဿနာရှုစရာမဟုတ်၊ နိရောဓသစ္စာမည်၏။ ဒုက္ခသိခြင်း၊ သမုဒယ ပယ်ခြင်းဖြင့်၊ နိဗ္ဗာန်ကို အာရုံပြုသော တိုးပွါးစေအပ်သော မဂ္ဂင်ရှစ်ပါးသည် ဝိပဿနာရှုစရာမဟုတ်၊ မဂ္ဂသစ္စာမည်၏။ ။ဤတွင် သမုစ္ဆေဒပဟာန် ပြည့်စုံလျှင် မဟာသောတာပန်ဖြစ်၏။

ဤသို့ ဆက်သွယ်၍ သစ္စာလေးပါးသိခြင်းသည် ဤ-(ကသိုဏ်း)-အာရုံ အာရုံပြုသူ၏ ဝဋ်ဒုက္ခမှ ထွက်မြောက်ကြောင်းဖြစ်၏၊ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်-တိုင်အောင် ထွက်မြောက်ကြောင်းဖြစ်၏။ (အန္ဓပုထုဇဉ်အဖြစ်မှ ကလျာဏပုထုဇဉ်အဖြစ်သို့။ ၎င်းမှ စူဠသောတာပန်အဖြစ်သို့။ ၎င်းမှ မဟာသောတာပန် အဖြစ်သို့ ရောက်စရာလမ်းစဉ်သည် ငါလို သာနာတွေ့ကျိုးနပ်သူ၏ ခရီးစဉ်တည်း။)

---

## အသုဘဆယ်ပါး

ဥ+ဒ္ဓုမာတကံ၊ သေသည်မှအထက် နှစ်ရက်သုံးရက်၌ ဖူးဖူး ရောင်သောအကောင်ပုပ်-မြင်ရသောအခါ-ဥဒ္ဓုမာတက ပဋိကူ

လံ၊ဥဒ္ဓုမာတကပဋိကူလံ-ဖူးဖူးရောင်သောအကောင်ပုပ်၊စက်ဆုပ်
စရာ၊ ဖူးဖူးရောင်သော အကောင်ပုပ် စက်ဆုပ်စရာ။—။ ပုံဟန်
သဏ္ဌာန်စုံမက်သူအား သင့်၏။ ။ရာဂကြိမ်း-ဆေးဖြစ်၏။

ဝိ+နီလကံ၊ အသားများရာ၌ နီ၊ပြည်စုရာ၌ ဖြူ၊ အနီ-အဖြူ
ရောလျက်+ညိုမည်းသော အကောင်ပုပ်—မြင်ရသောအခါ—ဝိနီ
လကပဋိကူလံ၊ ဝိနီလကပဋိကူလံ—ညိုမည်းသော အကောင်ပုပ်
စက်ဆုပ်စရာ၊ ညိုမည်းသောအကောင်ပုပ် စက်ဆုပ်စရာ။—။
(နှစ်ကြိမ်စီဆိုနိုင်စေ။) အရေအဆင်း စုံမက်သူအား သင့်၏။—။
ရာဂကြိမ်းဆေးဖြစ်၏။

ဝိ+ပုဗ္ဗကံ၊ယိုသော+ပြည်ရှိသော အကောင်ပုပ်—မြင်ရသော
အခါ—(နှစ်ကြိမ်စီဆိုနိုင်စေ။) ဝိပုဗ္ဗက ပဋိကူလံ—ပြည်ပုပ်ယို
သောအကောင်ပုပ် စက်ဆုပ်စရာ။—။ပန်းနံ့သာအတွက် ကိုယ်
နံ့ စုံမက်သူအား သင့်၏။—။ရာဂကြိမ်း—(ဆက်၍ဆိုနိုင်သော ဉာဏ်
ရှိ၊ မရှိ သိရလတ္တံ့။)

ဝိ+စ္ဆိဒ္ဒကံ၊ခါးလယ်၌-ပြတ်သော အကောင်ပုပ်—ဝိစ္ဆိဒ္ဒက
ပဋိကူလံ-ခါးလယ်ပြတ်သော အကောင်ပုပ် စက်ဆုပ်စရာ။—။
တခဲနက် လုံးလုံးကျစ်ကျစ်ဟုစုံမက်သူအား—။

ဝိ+က္ခာယိတကံ၊ အထူးထူးအားဖြင့်+ကျီး ခွေး လင်းတ တို့
ဆိတ်ဆွဲကိုက်ခဲအပ်သော အကောင်ပုပ် မြင်—ဝိက္ခာယိတကပဋိ
ကူလံ —အထူးထူးဆိတ်ဆွဲ ကိုက်ခဲအပ်သော အကောင်ပုပ် စက်
ဆုပ်စရာ။—။အသားပုံ အိအိစက်စက်ဟု စုံမက်သူအား=။

ဝိ+က္ခိတ္တကံ၊ ခြေတခြား၊လက်တခြား၊ဦးခေါင်းတခြား+ပစ်
ထားအပ်သော အကောင်ပုပ် မြင်—ဝိက္ခိတ္တကပဋိကူလံ၊—တကွဲ

တခြားပစ်ထားအပ်သော အကောင်ပုပ် စက်ဆုပ်စရာ။—။အင်္ဂါကြီးငယ်တင့်တယ်၏ဟု စုံမက်သူအား—။

ဟာဘ+ဝိ+ကွိတ္တကံ၊ ကြက်ခြေခတ်ခုတ်မွှမ်း၍+ဘက္ကဲ့တခြား ပစ်ထားအပ်သော အကောင်ပုပ် မြင်—ဟာဘဝိကွိတ္တကပဋိကူလံ၊ ကြက်ခြေခတ် ခုတ်မွှမ်း၍ တကွဲ့တခြား ပစ်ထားအပ်သော အကောင်ပုပ် စက်ဆုပ်စရာ။——အရိုးအဆစ် ဖုထစ်မငေါ ချောမွေ့ပြေပြစ်သည်ဟု စုံမက်သူအား—။

လောဟိတကံ၊ ဒုက်ရာအမာဝတို့မှ သွေးယိုသော အကောင်ပုပ် မြင်—လောဟိတကပဋိကူလံ၊—သွေးယိုသော အကောင်ပုပ် စက်ဆုပ်စရာ။—။တန်ဆာအရောင် ပြောင်ပြောင်လက်လက် ဟု စုံမက်သူအား—။

ပုဠုဝကံ၊ ဒွါရကိုးပေါက် ပိုးလောက်ယိုထွက် ကျိကျိတက်သောအကောင်ပုပ် မြင်—ပုဠုဝကပဋိကူလံ၊—ပိုးလောက်ယိုထွက် ကျိကျိတက်သော အကောင်ပုပ် စက်ဆုပ်စရာ။—။တဦးတည်းပိုင်ဟု စုံမက်သူအား—။

အဋ္ဌိကံ၊ အရိုးစုံဖြစ်သော အကောင်ပုပ် မြင်—အဋ္ဌိကပဋိကူလံ၊ အရိုးစုံဖြစ်သော အကောင်ပုပ် စက်ဆုပ်စရာ။—။ပုလဲကုံးအလား ဖြူဖွေးသောသွားဟု စုံမက်သူအား သင့်၏။—။ ရာဂငြိမ်း—ဆေး ဖြစ်၏။

အသုဘဆယ်ပါးပြီး၏။

အရှင်ကောင်အသုဘ–အသက်ရှိသူ၌လည်း ဖောရောင်သော
အခါ–ဥဒ္ဓုမာတကပဋိကူလံ၊ ဥဒ္ဓုမာ
တကပဋိကူလံ–ဖူ ဖူးရောင်သော အကောင်ပုပ် စက်ဆုပ်စရာ
(နှစ်ကြိမ်။)

အနာပြည်ယိုသောအခါ–ဝိပုဗ္ဗကပဋိကူလံ၊ ပြည်ပုပ်ယိုသော
သွေးထွက်သောအခါ–လောဟိတပဋိကူလံ၊ သွေးယိုသော–
သွားပေါ်သောအခါ-အဋ္ဌိက ပဋိကူလံ၊ အရိုးစုဖြစ်သော–
(လေးခုရ၏။)

အခါမရွေး အနံ့ဆိုး မစင်ကြွယ် ကဲ့ရဲ့ဘွယ်ဖြစ်သော ကိုယ်
ကောင်ပါတကား။

အရိုးတိုင်သဘော၊ အကြော-ရင်းပတ်၊အသားကပ်မြှုပ်၊ အရေ
ထူအရေပါး အုပ်ထားသော ကိုယ်ကောင်ပါတကား။

ရှုံဘွယ်ယိုကြောင်း ဟောင်းလောင်း အက်အာ အိုင်းအခေ
ကိုးခုရှိသော ကိုယ်ကောင်ပါတကား။

ပိုးမျိုးယှက်ထွေး သစ်ထဲဆွေးသို့ ညစ်ကြေးပြည့်လျှံ တလံမျှ
သော ကိုယ်ကောင်ပါတကား။

မွေးသည့်ကစ၍ မပြုပြင် ပင်ကိုယ်အတိုင်း၊ မြင်ရလျှင်ဆံပင်
ရှုပ်ထွေး စုတ်ဖွားမွေးဖိုင်ဖိုင် ညစ်ကြေးလိုင်လျက် ပြည်ကြီးပိုင်
နှင့်သူရူး သူမသာ ငါမကျူး မြွာပူးအလား မထူးခြားသော
ကိုယ်ကောင်ပါတကား။

ပေါက်ပင်မှ မကြွေမီ မကျမီ အဆီတရွှဲရွှဲ အသားတွဲဟု ခွေး
ဝတ်စွဲသော်လည်း ပေါက်ပွင့်-ပေါက်ပွင့်သာတည်း။

ဤကိုယ်မှ မယိုမီ မှကျမီ အဆီ တရွှဲရွဲ အသားတွဲဟု ဘကျော ဝတ်စွဲသော်လည်း အဖတ်ခဲ ရေညှိ မှ သတိစရာရှိဘွယ်သာတည်း။

ဤကိုယ်၏ အတွင်းသား ပြင်ပလှန်ထားလျှင် ခလေးမြှားထုတ် ချောင်းစုံကာခပ်ပေါင်း၍ ချောက်မောင်းဘို့သာ ကျီးစာ၊ ခွေးစာ၊ လင်းတစာပါ တကား။

ဤကား-အချင်ကောင် အသုဘတည်း။

နဝ—သိဝထိက—ဘနည်းကား၊ သေ၍ တရက်ရှိ၊ နှစ်ရက်ရှိ၊ သုံးရက်ရှိ၊ ဖူးရောင်၊ မည်းညို၊ ပြည်ပုပ်၊

ယိုသောသူကောင် မြင်ရသောအခါ အယံပိခေါကာယောဧဝံ ဓမ္မော၊ ဧဝံဘာဝီ၊ ဧဝံ အနတီ တော။ အယံပိခေါ ကာယော၊ ဤငါ၏ ကိုယ်သည်လည်း။ ဧဝံဓမ္မော၊ ဤသဘောရှိ၏။ ဧဝံဘာဝီ၊ ဤသို့ ဖြစ်လတ္တံ့။ ဧဝံ အနတီတော၊ ဤသဘောကို မလွန်ချေ။

(ဤသို့ဆောင်အပ်၏။)

ကျီး၊ ခွေး၊ လင်းတပိုး လောက်ကျသော သူကောင်မြင်ရသော အခါ-အယံပိခေါ—

အသား အသွေးနှင့်တကွ အကြောဖွဲ့သောအရိုးဆက်ရှိသော သူကောင်မြင်ရသောအခါ—အယံပိခေါ—(ဆောင်နိုင်စေ)

အသားမရှိ အသွေးနှင့်တကွ အကြောဖွဲ့သော အရိုးဆက်ရှိသော သူကောင်မြင်ရသောအခါ-

အသားအသွေးမရှိ အကြောဖွဲ့သော အရိုးဆက်ရှိသော သူကောင်မြင်—

အကြောဖွဲ့မျှမရှိ တကွဲတခြား ပစ်ထားအပ်သောအရိုးစုမြင်—

ဖွေးဖွေးဖြူသော အရိုးစုမြင်-

နှစ်ချို့သော အရိုးဟောင်းမြင်-
အရိုးဆွေး အရိုးမှုန့်မြင်ရသောအခါ-အယံပိခေါ-
ဤကား-နဝ သိဝထိကတည်း။

ကောဋ္ဌာသအသုဘ— ဤကိုယ်၌—ဆံပင်၊ မွေးညှင်း၊ ခြေသည်း
လက်သည်း၊ သွား၊ အရေ။ (၅)
အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့။ (၅)
နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။ (၅)
အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။ (၅)
သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။ (၆)
မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။ (၆)

ဤသို့ ၃၂-ခုရှိ၏။ ၃၂-ခုလုံးသည် အဆင်းအားဖြင့်၎င်း သဏ္ဌာန် အားဖြင့်၎င်း၊ အနံ့အားဖြင့်၎င်း၊ တည်ရာ အရပ်အား ဖြင့်၎င်း၊မှီရာအကြောင်းအားဖြင့်၎င်း-စက်ဆုပ်စရာရွံရှာဖွယ်ဖြစ်၏။

အထက်၌ ဆံဖျား၊ အောက်၌ဘဝါး၊ အရေပါး အဆုံးရှိ သော ဤကိုယ်သည် အပုပ်မျိုး ငွေ့ဘွယ်လိလိ အပြည့်ရှိ၏။

အရိုးစုအသုဘ— အ ရိုး အား ဖြင့် ကား— ခြေ ရိုး— ၆၄၊
လက်ရိုး-၆၄၊ အ သား မှီ သော အ ရိုး
နှ—၆၄၊ ဖနောင့်ရိုး-၂၊ ဖမျက်ရိုး—၄၊ မြင်းခေါင်းရိုး—၄၊ ဒူးရိုး—၂၊ ပေါင်ရိုး-၂၊ ခါးရိုး—၂၊ ကျောက်ဆူးရိုး-၁၈၊ နံရိုး—၂၄၊ ရင်ရိုး—၁၄၊ နှလုံးရိုး—၁၊ ညှပ်ရိုး—၂၊ ပခုံးရိုး—၂၊ မောင်းရင်းရိုး—၂၊ မောင်းဖျားရိုး—၄၊ လည်ပင်းရိုး—၇၊ မေးရိုး—၂၊ နှာခေါင်းရိုး—၁၊ မျက်ကွင်းရိုး—၂၊ နားရိုး-၂၊ နဖူးရိုး-၁၊ ထိပ်ရိုး-၁၊ ဦးခေါင်းရိုး-၉။

ပဋိလုံ။ ။ဦးခေါင်းချိုး—၉၊ ထိပ်ရိုး—၁၊—လ—။ လက်ရိုး-၆၄၊ ခြေရိုး-၆၄။

ဤသို့လျှင် ဤကိုယ်၌ အရိုးသုံးရာရှိ၏၊ အရိုးစု၊ အရိုးစု၊ စက်ဆုပ်စရာရွံစရာဖြစ်၏။ စက်ဆုပ်စရာရွံစရာဖြစ်၏။ မာတင်းသော ပထဝီဓာတ် ဖြစ်၏။ မာတင်းသော ပထဝီဓာတ် ဖြစ်၏။ ငါ သူတပါး ယောကျ်ား မိန်းမ မဟုတ်။ ငါ သူတပါး ယောကျ်ား မိန်းမ မဟုတ်။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ မဟုတ်။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါမဟုတ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

အသုဘဘာဝနာ ပြီး၏။

ဤ- [အသုဘ] အာရုံ—အာရုံ ပုဒ်ခိုက်တွင် -စသည်ဖြင့် ဝိပဿနာ ဆက်၍ တင်ရသည်။

---

## အနုဿတိဆယ်ပါး

ဗုဒ္ဓါနုဿတိ—မြတ်စွာ ဘုရားသည် ကိလေသာတို့မှဝေးကွာ တော်မူ၏။ ကိလေသာ ရန်သူကိုသတ်တော်မူ၏။ သံသရာ စက်၏ အကန့်တို့ကို ဖျက်ဆီးတော်မူ၏။ ပူဇော် အထူးကို ခံတော်မူထိုက်၏။ မကောင်းမှုကို ပြုစရာ ဆိတ်ကွယ်ရာ မရှိ။ (အရဟံ ၅ နက်)

အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူ၏။

ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူ၏။

အရိယာမဂ်တည်းဟူသော တင့်တယ်သော သွားခြင်းရှိတော်မူ၏။ ကောင်းသော နိဗ္ဗာန်သို့ ကြွတော်မူ၏။ ပယ်ပြီးကိလေသာ ပြန်မလာစေခြင်းဖြင့်၎င်း၊ ဗောဓိမဏ္ဍိုင် တိုင်အောင် ပါရမီ ပဋိပတ် ဖြည့်ကျင့်ခြင်းဖြင့်၎င်း-ကောင်းစွာ ကြွသွားတော်မူ၏။ သင့်သော စကားနှစ်ခွန်းကို ဆိုတော်မူ၏။ (သုဂတော ၄ နက်)

သဝိညာဏက ခန္ဓာလောကကို ဒုက္ခသဘော စသည်တို့ဖြင့် သိတော်မူ၏။ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဟုဆိုအပ်သော လောကသုံးပါးကို ခပ်သိမ်းသော အပြားအားဖြင့် သိတော်မူ၏။ ။(လောကဝိဒူ ၃ နက်)

မိမိထက် လွန်မြတ်သော သူ မရှိ။ မယဉ်ကျေးသော လူယောကျ်ား၊ နတ်ယောကျ်ား၊ တိရစ္ဆာန် ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူ၏။ အတုမရှိ မြတ်တော်မူသည် ဖြစ်၍ မယဉ်ကျေးသော လူ ယောကျ်ား၊ နတ် ယောကျ်ား၊ တိရစ္ဆာန် ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူ၏။ (အနုတ္တရောစသည် ၇နက်)

နတ်လူတို့၏ ဆရာဖြစ်တော်မူ၏။ နတ်လူတို့၏ လှည်းမှူးကြီး ဖြစ်တော်မူ၏။ ။ (သတ္ထာ ဒေဝမနုဿာနံ ၂ နက်)

သိထိုက်သော ဉေယျဓမ်တရား ငါးပါးတို့ကို ဝိမောက္ခန္တိက ဉာဏ်စွမ်းဖြင့် သိတော်မူ၏။ သစ္စာလေးပါးကို ကိုယ်တော်တိုင် သိ၍ သူတပါးတို့ကိုလည်း သိစေတော်မူ၏။ ။(ဗုဒ္ဓေါ ၂ နက်)

အထွဋ်အထိပ်သို့ရောက်သော ဒါနစသော ပါရမီဘုန်းကံရှိတော်မူ၏။ အသိန်းမကသော ကိလေသာ အကျဉ်းအားဖြင့် မာန် ငါးဖြာကို ချိုးဖဲ့ဖျက်ဆီးတော်မူ၏။ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ

ကာမ၊ ပယတ္တ—ဘည်းဟူသော ဘုန်းတော်တရား ခြောက်ပါး၊ ရှိတော်မူ၏။ ကုသိုလ်စသော အပြား၊ ခန္ဓာစသော အပြားတို့ဖြင့် တရားတို့ကို ဝေဘန်ဟောကြားတော်မူ၏၊ ဈာန်၊ မဂ်၊ ဖိုလ် နိဗ္ဗာန်တို့ကို အကြိမ်ကြိမ် မှီဝဲ ဆည်းကပ်တော်မူ၏။ ဘဝတို့၌ ပြေးသွားတတ်သော တဏှာကို ထွေးအန်တော်မူ၏။

(ဘဂဝါ ၆ နက်)

ဤကား-ဗုဒ္ဓါနုဿတိဘာဝနာတည်း။

ဓမ္မာနုဿတိ....တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောကြားအပ်သော မဂ်လေးတန်၊ ဖိုလ်လေး တန်၊ နိဗ္ဗာန်၊ ပရိယတ်-ဆယ်ပါးသော တရားမြတ် ဖြစ်တော် မူ၏။

အရိယာပုဂ္ဂိုလ်တို့ ကိလေသာသတ်ခြင်းဖြင့် ကိုယ်တိုင် မြင် အပ်သော မဂ်တရားလေးပါး ဖြစ်တော်မူ၏။ အရိယာပုဂ္ဂိုလ်တို့ ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင် မြင်အပ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန် တရား ကိုးပါးဖြစ်တော်မူ၏။ ချီးမွမ်းအပ်သော ပညာဖြင့်ကိလေ သာကိုအောင်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်-တရား ကိုးပါးဖြစ်တော် မူ၏။ မြင်ခြင်းငှာထိုက်သော မဂ်၊ဖိုလ်၊နိဗ္ဗာန်-တရား ကိုးပါး ဖြစ် တော်မူ၏။ (သန္ဒိဋ္ဌိကော ၄ နက်)

အခါမလင့် အခြားမဲ့၌ ဖိုလ်အကျိုး ကို ဖြစ်စေတတ်သော မဂ်တရားလေးပါး ဖြစ်တော်မူ၏။

လာလှည့် ရှုလှည့်ဟု တိုက်တွန်း အပ်သော အစီအရင်ကို ခံထိုက်သောမဂ် ဖိုလ်၊ နိဗ္ဗာန်-တရားကိုးပါး ဖြစ်တော်မူ၏။

မိမိစိတ်၌ ဖြစ်အောင် ဆောင်ယူထိုက်သော မဂ်၊ဖိုလ်၊တရား ရှစ်ပါးဖြစ်တော်မူ၏။ မိမိစိတ်ဖြင့် အာရုံပြုနိုင်အောင် ဆောင်ယူထိုက်သော နိဗ္ဗာန်တရား တပါးဖြစ်တော်မူ၏။ အရိယာပုဂ္ဂိုလ်ကို နိဗ္ဗာန်သို့ ဆောင်ပို့ဘတ်သော မဂ်-တရား လေးပါး ဖြစ်တော်မူ၏။ မျက်မှောက်ပြုအပ်သည် အဖြစ်သို့ ဆောင်ယူအပ်သောဖိုလ်၊ နိဗ္ဗာန်တရား ငါးပါးဖြစ်တော်မူ၏။ (သြပနေယျိကော ၄ နက်)

(အုတ်ဃာဋ္ဋိတင်ညူ)ဥဂ္ဃဋိတညူစသော အရိယာပုဂ္ဂိုလ်တို့သည် မိမိစိတ်၌ သိအပ် ခံစားအပ်သော မဂ် ဖိုလ် နိဗ္ဗာန်တရား ကိုးပါး ဖြစ်တော်မူ၏။

ဤကား ဓမ္မာနုဿတိ ဘာဝနာတည်း။

**သံဃာနုဿတိ**....မြတ်စွာဘုရား၏ တပည့်သံဃာ အပေါင်းသည် မဂ္ဂင်အကျင့်ကို ကောင်းစွာ ကျင့်တော်မူ၏။ ဆုံးမတိုင်း မချွတ်မယွင်း ကျင့်တော်မူ၏။ ။

(သုပ္ပဋိပန္နော ၂-နက်)

ဖြောင့်မတ်စွာ ကျင့်တော်မူ၏။

နိဗ္ဗာန်ဖူးကျိုးငှာ ကျင့်တော်မူ၏။

ရိုသေသမှု ပြုထိုက်အောင် ကျင့်တော်မူ၏။

အဝေးမှ ဆောင်၍ လှူအပ်သော ပစ္စည်းလေးပါးကို ခံတော်မူထိုက်၏။ အရပ်ဝေးမှလာ၍ လှူရာဌာန ဖြစ်တော်မူ၏။ သိကြားမင်း စသည်တို့၏ အလှူကို ခံတော်မူထိုက်၏။

(အာဟုနေယျော ၃-နက်)

ညှို့သည်ကောင်းတို့ အလိုငှာ အထူးသဖြင့် စီမံအပ်သော အာဂန္တုကဒါနကို ခံတော်မူထိုက်၏။ အဦးအဖျား ဆောင်၍

ပူဇော်ဆုဌာနဖြစ်တော်မူ၏။ ခပ်သိမ်းသော အပြားဖြင့် အရိအသေ ပူဇော်ခြင်းကို ခံတော်မူထိုက်၏။

(ပါဟုနေယျော ၃ နက်)

မြတ်သောအလှူကို ခံတော်မူထိုက်၏။ မြတ်သော အလှူအား လျှော်၏။ (ဒက္ခိဏေယျော ၂ နက်)

လက်အုပ်ချီခြင်းကိုခံတော်မူထိုက်၏။

လူအပေါင်း၏ ကောင်းမှုမျိုးစေ့၏ ပေါက်ရောက် ကြီးပွားရာ အတုမရှိ လယ်ယာမြေကောင်းသဘွယ် ဖြစ်တော်မူ၏။

ဤကား သံဃာနုဿတိဘာဝနာတည်း။

သီလာနုဿတိ....အစ၌၎င်း၊ အဆုံး၌၎င်းတခုမျှမပျက်သော ကြောင့် ကျိုးခြင်း ပြတ်ခြင်း မရှိသော ငါ၏ သီလတို့သည် ကောင်းလေစွတကား။

အလယ်၌ တခုမျှမပျက်သောကြောင့် ပေါက်ခြင်း၊ ထွင်းခြင်း မရှိသော....(ဆက်နိုင်သောဉာဏ်ရှိရမည်။)

အစဉ်အတိုင်း နှစ်ခု သုံးခု မပျက်သောကြောင့် ကြောင်ခြင်း ကျားခြင်းမရှိသော....

အကြားအကြား၌ တခုမျှ မပျက်သောကြောင့် ပြောက်ခြင်း ကွက်ခြင်းမရှိသော..။

မေထုန်ငယ် ခုနစ်ပါးတို့သည်၎င်း၊ အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်းစသော ယုတ်မာသော တရားတို့သည်၎င်း၊ မနှိပ်စက်အပ်သောကြောင့် ကျိုးပြတ်ခြင်းမရှိ၊ ပေါက်ထွင်းခြင်းမရှိ၊ ကြောင်ကျားခြင်းမရှိ၊ ပြောက်ကွက်ခြင်းမရှိသော....။

တကျော်၏ ကျွန်အဖြစ်မှ လွတ်စေ၍ တော်လှန် ကောင်းမြတ်သော သူ၏ အဖြစ်ကိုပြုဘတ်သော....

ဘုရားအစရှိသော ပညာရှိတို့ ချီးမွမ်းအပ်သော....

ဤမည်သော အပြစ်ရှိ၏ဟူ၍ရင်း၊ တဏှာဒိဋ္ဌိ တို့ဖြင့်ရင်း မသုံးသပ်အပ်သော....

ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ၊ မဂ္ဂသမာဓိ၊ ဖလသမာဓိ တို့ကို ဖြစ်စေတတ်သော ....ငါ၏ သီလတို့သည် ကောင်းလေစွ တကား။

ဤကား သီလာနုဿတိ ဘာဝနာတည်း။

စာဂါနုဿတိ.... ဝိဂတ-မလ-မစ္ဆေရော၊ ငါသည် ဝန်တိုခြင်း ကင်းလျက် နေနိုင်၏။ အရတော်လေစွ။

မုတ္တ-စာဂေါ၊ ငါသည် လွတ်လွတ်စွန့်ကြဲနိုင်၏။ အရတော်လေစွ။

ပယတ-ပါဏိ၊ ငါသည် စင်ကြယ်သောလက်ရှိ၏....။

ဝေါသဂ္ဂ-ရတော၊ ငါသည် စွန့်ကြဲခြင်း၌ မွေ့လျော်၏....။

ယာစ-ယောဂေါ၊ ငါသည် တောင်းခံခြင်းငှါ သင့်သောသူ ဖြစ်၏....။

ဒါန-သံဝိဘာဂ-ရတော၊ ငါသည် သီးခြားလှူခြင်း၌ရင်း၊ ကိုယ်တို့မှ ခွဲလှူခြင်း၌ရင်း၊ မွေ့လျော်၏၊ အရတော်လေစွ။

ဤကား စာဂါနုဿတိဘာဝနာတည်း။

ဒေဝတာနုဿတိ....စာတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ တုသိတာ စသော နတ်ပြည်တို့သည် သဒ္ဓါ

တရားရှိ၍ နတ်ပြဟ္မာတို့ ဖြစ်ကြသည်။ ငါ့အားလည်း ထိုသဒ္ဓါမျိုးရှိ၏။ အရတော်လေစွ။

သီလရှိ၍ နတ်ပြဟ္မာတို့ဖြစ်ကြသည်။ငါ့အားလည်း ထိုသီလမျိုးရှိ၏။ အရတော်လေစွ။

သုတရှိ၍.... ။ ။ ထိုသုတမျိုး.... ။

စာဂရှိ၍.... ။ ။ ထိုစာဂမျိုး.... ။

ပညာရှိ၍ နတ်ပြဟ္မာတို့ဖြစ်ကြသည်၊ ငါ့အားလည်း ထိုပညာမျိုးရှိ၏။ အရတော်လေစွ။

ဤကား ဒေဝတာနုဿတိဘာဝနာတည်း ။

ကာယဂတာသတိဘာဝနာ.... ဤကိုယ်၌....ဆံပင်၊ မွေးညှင်း၊ ....လ...။ အစေး၊ ကျင်ငယ်။ ကျင်ငယ်၊ အစေး၊....လ....။ မွေးညှင်း၊ ဆံပင်။

ဤသို့ ၃၂-ခုရှိ၏၊ ၃၂-ခုလုံးသည် အဆင်းအားဖြင့်ရင်း၊ သဏ္ဌာန်....။အနံ့....။တည်ရာအရပ်....။ မှီရာအကြောင်းအားဖြင့်ရင်း-စက်ဆုပ်စရာ ရွံစရာဖြစ်၏။

အထက်၌ဆံဖျား၊ အောက်၌ဘဝါး၊ အရေပါး အဆုံးရှိသော ဤကိုယ်သည် အပုပ်မျိုးမစင်ကြွယ် ရွံဘွယ်လိလိအပြည့်ရှိ၏။ ၃၂-ခုသည် တခြားစီဖြစ်၏။ တကွဲစီဖြစ်၏။

ပန်းပွင့် ၃၂-မျိုးကို ကြိုးတချောင်းတည်းဖြင့် သီကုံးထားသည်နှင့်တူ၏။ ၃၂-ခုသည် တခြားစီဖြစ်၏။ တကွဲစီဖြစ်၏။

သတ္တဝါ အပေါင်းသည် တောသမင် အထင်မှား မြက်ရုပ်အလား ၃၂-ကောဋ္ဌာသ အဆင့်ဆင့် အလိုက်သင့်ရုံ စုပုံထား

ခြင်းသာ ဖြစ်၏။ သမင်တောဘွား ၃၂-ပါး မသိရှာ။ ၃၂-ခု သည် တခြားစီဖြစ်၏။ တကွဲစီဖြစ်၏။

**အစားအစာ** စားမျိုခြင်းကား သစ်ခေါင်းအတွင်း အမှိုက်သွင်းပမာ ၃၂-ခုအကြား သွင်းထားခြင်းသာ ဖြစ်၏။ ၃၂-ခု သည် တခြားစီဖြစ်၏။ တကွဲစီဖြစ်၏။

**တနည်း**...ပထမ ဆံပင်စသော ငါးခုကို အနုလုံ ငါးရက်၊ ပဋိလုံ ငါးရက်၊ အနုလုံပဋိလုံ ငါးရက် -၁၅-ရက် သရဇ္ဈာယ်ရသည်။ ထို့နောက် ဒုတိယ ငါးခုကို ထိုအတူ ၁၅-ရက်။ ငါးခုနှင့်ရပ်ကို ပေါင်း၍ ၁၅-ရက်။ တတိယ ငါးခု ၁၅-ရက်။ သုံးရပ်ပေါင်း၍ ၁၅-ရက်။ စတုတ္ထငါးခု ၁၅-ရက်။ လေးရပ်ပေါင်း၍ ၁၅-ရက်။ ပဥ္စမခြောက်ခု ၁၅-ရက်။ ငါးရပ်ပေါင်း၍ ၁၅-ရက်။ ဆဋ္ဌခြောက်ခု ၁၅-ရက်။ ခြောက်ရပ်ပေါင်း၍ ၁၅-ရက် ဤသို့ ၁၅-ရက်×၁၁-လီ ငါးလခွဲ။ ခြောက်လ သရဇ္ဈာယ်ရသည်။

ဤကား ကာယဂတာသတိဘာဝနာတည်း။

**အာနာပါနသတိဘာဝနာ**....အာနာပါနကား–ထွက်သက်၊ ဝင်သက် ထင်ရှားရာကို အာရုံပြုရသည်။ လေနောက် စိတ်မလိုက်ရ။ အထက်နှုတ်ခမ်းဖျား၊ နှာသီးဖျား၌ စိတ်ထားရသည်။ ထို့နောက် အစစွာ–တခု–တခု နှစ်ခု–နှစ်ခု–စသည်ဖြင့် ဆယ်ခု–ဆယ်ခုအထိ အကြိမ်ကြိမ် ဖြေးဖြေး ရေတွက်ရသည်။ ထွက်တိုင်း ဝင်တိုင်း–လေထင်ရှားသော အခါ–တခု၊ နှစ်ခု–စသည်ဖြင့် ဆယ်ခုအထိ အကြိမ်ကြိမ် မြန်မြန် ရေတွက်ရသည်။ ဤသို့ရေတွက်ခြင်းနှစ်မျိုးသည် ဂဏနာနည်း

မည်၏။ ဤနည်းဖြင့် ထွက်သက်ဝင်သက် အာရုံ၌ သတိတည်အောင် ဝိဘတ်ကင်းအောင် ပွားစေရသည်။

ထွက်သက်၊ ဝင်သက်အာရုံ၌ သတိ တည်သောအခါ ရေတွက်ခြင်းမပြုဘဲ ထွက်တိုင်းဝင်တိုင်း လေမလွတ်အောင် ဖွဲ၍ ဝင်သက်၊ ထွက်သက်၊ ဝင်သက်၊ ထွက်သက်-ဟု ဆင်ခြင်ရသည်၊

ဤကား အနုဗန္ဓနာနည်းမည်၏။

ဖုသနာနည်း သီးခြားမရှိ။ လေထိရာ အရပ်၌ သတိထားခြင်းသည် ဖုသနာမည်၏။ ဂဏနာ၊ အနုဗန္ဓနာ-နှစ်နည်းလုံး ဖုသနာသာတည်း။

ထပနာနည်းလည်း သီးခြားမရှိ။ ပဋိဘာဂနိမိတ်-ကြယ်ရောင်၊ ပတ္တမြားလုံး၊ ကြာပန်း စသည်ထင်ပြီးနောက် အပ္ပနာ ဈာန်တိုင်အောင် စိတ်ထားခြင်းသည် ထပနာမည်၏။

အပ္ပနာဈာန် ရပြီးနောက် ဝိပဿနာ ပွားစေခြင်းသည် သလ္လက္ခဏာ မည်၏။ မဂ်သည် ဝိဝဋ္ဋနာမည်၏။ ဖိုလ်သည် ပါရိသုဒ္ဓိမည်၏။ ပစ္စဝေက္ခဏာဉာဏ်သည် ပဋိပဿနာမည်၏။

ဂဏနာနုဗန်(၂)ဖုသန်၊ ထပ(၂)သလ္လက္ခဝိ၊(၂) သုဒ္ဓိ ပဿနာ(၂) နည်းရှစ်ဖြာ-အာနာပါနသတိတည်း။

ထွက်သက်ဝင်သက်ရှည်လျှင် ရှည်သည်ဟုသိရသည်။ တိုလျှင် တိုသည်ဟု သိရသည်။ အစ၊ အလယ်၊အဆုံး-ထွက်လေအပေါင်းကို ထင်ရှားစေမည်ဟု အားထုတ်ရသည်။ ထွက် ဝင်လေကို ငြိမ်သက်စေမည်ဟု အားထုတ်ရသည်။ ရှည်၊ တို၊ ထင်၊ ငြိမ်-ဤလေးခုအပေါင်းသည် ပဉ္စမစတုက္ကမည်၏။ ကာယာနုပဿနာစတုက္ကမည်၏။ သမထစတုက္ကမည်၏။ အာဒိကမ္မိကစတုက္ကမည်၏။

ထိုနောက်ဝေဒနာနုပဿနာစတုက္က၊ စိတ္တာနုပဿနာစတုက္က၊ ဓမ္မာနုပဿနာစတုက္က-သုံးခု၌ဘာဝနာနည်း သိုးခြားမရှိ။ ထိုဈာန်ရသူ၏ ဝိပဿနာရှုပုံတည်း။ ဤသို့ ၁၆-ဌာန၌ ထွက်သက်၊ ဝင်သက်သည် ဗာဟိရ သာကာရဖြစ်၏။

ဤကား အာနာပါနဿတိဘာဝနာတည်း။

[သတ္တဝါတို့ ဘွားမြင်စတွင် ထွက်သက် ရှေးဦးစွာဖြစ်သည်။ နောက်မှ ဝင်သက်ဖြစ်သည်။ ထို့ကြောင့် ထွက်သက်ဝင်သက်ဟု ဆိုအပ်၏။ ဘာဝနာဖြင့် သိမ်းဆည်းသောအခါ ဝင်သက် ရှေးဦးစွာ၊ ထွက်သက် နောက်မှ သိမ်းဆည်းသည်။ ထို့ကြောင့် ဝင်သက်ထွက်သက်ဟုဆိုအပ်၏။]

မရဏဿတိ....မရဏဿတိကို ယောနိသော မနသိကာရကြီးစွာ၊ သတိကြီးစွာ၊ သံဝေဂဉာဏ်ကြီးစွာထား၍ ပွားရသည်။ချစ်သူအတွက်မစိုးရိမ်နိုင်၊သားသေသောမိခင်နှင့်တူသည်။ မုန်းသူအတွက် ဝမ်းမမြောက်နိုင်၊ ရန်သူနှင့်တူ၏။လျစ်လျူရှုသူအတွက် ငါနှင့်မဆိုင်ဟု သံဝေဂဉာဏ် လက်မလွတ်စေနိုင်၊ စဏ္ဍာလနှင့် တူသည်။ မိမိအတွက် မထိတ်နိုင်၊ အထင်ကြီးသောသူရူးနှင့်တူသည်။ ဝ ၊ သံလျက်မိုးခံရသူကဲ့သို့ သတိ၊ သံဝေဂဉာဏ် ကွယ်ပျောက်တတ်သည်။

ရှေးဉာဏ်တော်အရာ သိနိုင်ခဲ့သိစရာ နက်နဲစွာကို မကြာခဏ သိရပေလတ္တံ့၊ မကြာခဏ သိရပေလတ္တံ့။ ဤသို့ထက်သန်ရသည်။

မသေလိုလျှင် သုဿန်သွား၊ မရဏဿတိနာနာပွား၊ မသေလို လျှင် သုဿန်သွား-မရဏဿတိ နာနာပွား။

မရဏံ မေ ဘဝိဿတိ၊ ဥစ္ဆိဇ္ဇိဿတိဇီဝိတံ။

သောဟံ မရဏ ဓမ္မောမှိ၊ အနတိတော ဟိ မရဏံ။

မရဏံ၊ သေခြင်းသည်။ မေ၊ ငါ့အား။ ဝါ၊ ငါ့တို့၊ ငါ့ အတွက်၊ ငါ့အလို့ငှါ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဇီဝိတံ၊ အသက် သည်။ ဥစ္ဆိဇ္ဇိဿတိ၊ ပြတ်လတ္တံ့။ သောဟံ၊ ထိုငါသည်၊ မရဏ ဓမ္မော၊ သေခြင်းသဘောရှိသည်၊ အမှိ၊ ဖြစ်၏။ မရဏံ၊ သေ ခြင်းကို။ အနတိတော ဟိ၊ မလွန်နိုင်သည်သာတည်း။ ဤသို့ပွား ခြင်းဖြင့် ဥပစာရဈာန်ရနိုင်သည်။

သူ့သတ်ပြည့်ပျက် (၂) ဆောင်၊ ဆက် အားငယ် (၄) မှတ်ဘွယ် နတ္ထိ (၁) တမ်းရှိ ခဏ (၂) ရှစ်နည်းမှလည်း–ဥပစာရ ဈာန်ရသတည်း။

(၁) သူ့သတ်ဟူသည်ကား၊...မှိုင့်သည် မြေမှုန်ရွက်၍ ဇက်သာ ၏။ သတ္တဝါအပေါင်းလည်း ဇရာ

မရဏ ရွက်၍ဖြစ်သာ၏။ သေဘေးကိုပ်ပေါ်ရောက်နေပြီ။

ဤမရဏသည် ပဋိသန္ဓေကပင် အသက်ကို ဆုပ်ကိုင်လျက် အတူပါလာ၏။ မသေကောင်း မပျောက်ကောင်းသူ ရှိဦးမည် လော။

ပဋိသန္ဓေစိတ်သည်ပင် ဥပါဒ်အခြားမဲ့၌ ဇရာ၌ဖြစ်ရရှာ၏။ တောင်ထိပ်မှ လိမ့်ကျသကဲ့သို့ ချက်ခြင်းပျက်ချေပြီ။

ထို့ကြောင့် သတ္တဝါအပေါင်းသည် မရပ်မနား ဝင်ဆာသွား သော နေမင်းကြီး၊ သွင်သွင်စီး မြစ်အလား သေခြင်းသို့ ဦးတိုက် သွားနေ၏။

ထိုသို့သွားခြင်းဖြင့်မြက်ချွေးနှင်းနေရှိန်ကျောက်၊နုံနက်ရောက် သစ်သီးကြွေ၊ နွေအခါ ချောင်းငယ်ခန်း၊ တင်းပုတ်ရမ်း မြေအိုး ကွဲ သေပွဲကျိန်းသေ ကြာလေနီးလေ နီးကပ်ချေ၏။

ပဋိသန္ဓေကစ၍ ဆုပ်ကိုင်လျက် ကိုယ့်အသက် သူ့လက်တွင်း ဤသေခြင်းသည် လည်ပင်းထားချူ သတ်မည့်လူနှင့် အဘယ် သူက ဝေးမည်နည်း။

မရဏံ မေပစ္စုပ္ပဋ္ဌိတံ၊ မရဏံ မေ ပစ္စုပ္ပဋ္ဌိတံ။ မရဏံ၊ သေခြင်း။ သည်။ မေ၊ ငါ့အား။ ပစ္စုပ္ပဋ္ဌိတံ၊ ရှေးရှုတည်နေ၏တကား။ ပစ္စုပ္ပဋ္ဌိတံ၊ ထားမိုးသူသတ် အနီးကပ်လျက် ရပ်နေချေပြီတကား။

ဤကား သူသတ်ယောက်ျားအနီးတည်ဟန်တည်း။

(၂) ပြည့်ပျက် ဟူသည်ကား-- ပြည့်စုံခြင်း ဟူသမျှသည် အားရစဘွယ်၊ မပျက်မီ တင့်တယ်လှ၏။ ပြည့်စုံတိုင်းမြဲခိုင်၊ မပျက်နိုင်ကားမရှိ၊ ပြုံးပြုံးမဲ့ရ၏။ ငိုချင်၍၊အူရှင်ခြင်းလော။

သကလံ မေဒိနိံ ဘုတွာ၊ အန္တေ မဉလက ဂ္ဂလယရော၊

မရဏာဘိမုခေါ သောပိ၊အသောကော သော ကမာဂတော။

သောပိ အသောကော၊ ထိုသိရိဓမ္မာသောက- မစိုးရိမ်, မင်းကြီးသော်မှလည်း။ သကလံမေဒိနိံ၊ ဇမ္ဗူသောင်းခွင် မြေ တပြင်လုံးကို။ ဘုတွာ၊မြေနှင့်မိုယ်း အစိုးတရ ခံစားပြီးမှ။အန္တေ၊ နောက်ဆုံး၌။ အာမလက ဂ္ဂလယရော၊ ရှိရှားသီးတခြမ်းမျှ အစိုး တရဆုပ်ကိုင်လျက်။ မရဏာဘိမုခေါ၊ သေခြင်းသို့ ရှေးရှုရသည် ရှိသော်။ သောကံ၊ စိုးရိမ်ခြင်းသို့။ အာဂတော၊ ရောက်ရလေ သတည်း။

မြေနှင့်မိုဃ်း အစိုးရခြင်းသည် ဆီးဖြူသီးတခြမ်း အစိုးရခြင်းလျှင် အဆုံးရှိ၏။

မာခြင်းသည် နာခြင်းအဆုံးရှိ၏။ ပျိုခြင်းသည် အိုခြင်းအဆုံးရှိ၏။ ရှင်ခြင်းသည် သေခြင်း အဆုံးရှိ၏။

သတ္တဝါအပေါင်းသည် ရန်သူလိုက်ခံရသူ-အဆိပ်မျိုစဉ်-ဆင်နင်း၍-ဘီလူးပူးသည်နှင့်တူလှ၏။ ဇာတိရန်သူအမြဲလိုက်၏။ ဇရာအဆိပ် အမြဲဝင်၏။ ဗျာဓိဆင် အမြဲနင်း၏။ မရဏဘီလူး အမြဲပူး၏။

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ-လေးမျိုးသည် ကွက်လပ်မရှိ၊ တစပ်ထည်းဖြစ်၏။ မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ သူဆင်းရဲ-အမျိုးလေးပါးကို အမြဲနှိပ်စက်၏။ တောင်ကြီးလေးလုံး မိုဃ်းအထိ လိမ့်၍ အရပ်လေးမျက်နှာ၌ အမြဲကြိတ်ချေသည်နှင့် တူလှ၏။

ပြေးစရာလည်း မြေမကျန်၊ မန္တန်ပယောဂလည်း လိုရာမရောက်၊ ရွှေငွေစိန်ကျောက်ဖြင့်လည်း မလွတ်နိုင်။

သဗ္ဗံ အာရောဂျံ-ဗျာဓိပရိယောသာနံ-- သဗ္ဗံ၊ အလုံးစုံသော။ အာရောဂျံ၊ အနာကင်းခြင်းသည်။ ဗျာဓိပရိယောသာနံ၊ နာခြင်းလျှင် အဆုံးရှိချေ၏တကား။

သဗ္ဗံ ယောဗ္ဗနံ-ဇရာပရိယောသာနံ--သဗ္ဗံ၊ အလုံးစုံသော။ ယောဗ္ဗနံ၊ အရွယ်ပျိုခြင်းသည်။ ဇရာပရိယောသာနံ၊ အိုခြင်းလျှင် အဆုံးရှိချေ၏တကား။

သဗ္ဗံဇီဝိတံ-မရဏပရိယောသာနံ-- သဗ္ဗံ၊ အလုံးစုံသော။
ဇီဝိတံ၊အသက်ရှင်ခြင်း
သည်။ မရဏပရိယောသာနံ၊ သေခြင်းလျှင် အဆုံးရှိ၏ချေ၏
တကား။

သဗ္ဗာ သမ္ပတ္တိ-ဝိပတ္တိ ပရိယောသာနာ— သဗ္ဗာ၊ အလုံးစုံ
သော။ သမ္ပတ္တိ၊
ပြည့်စုံခြင်းသည်။ဝိပတ္တိပရိယောသာနာ၊ပျက်စီးခြင်းလျှင် အဆုံး
ရှိချေ၏တကား။

ဤကား ပြည့်စုံခြင်းသည် ပျက်စီးခြင်း အဆုံးရှိပုံတည်း။

(၃) ဆောင်ဟူသည်ကား-- ဤမရဏသည် ခြေရံများလှ
မဟာသမ္မတမင်း၊ စကြာမင်း
ကိုလည်း မကွင်းမရှောင် အသက်ဆောင်သည်-- ငါ့သို့သောသူ
ဆိုဘွယ်မရှိ။

ဘုန်းထူးကံရှိ ဇောတိက သော ဇဋိလသော မကျန် ဘုန်းကံ
တဝင်းဝင်းနှင့် သေမင်းထံအောက် ရောက်ရသေးသည်.... ငါ့သို့
သောသူ ဆိုဘွယ်မရှိ။

သတ္တိခွန်အား ကြီးမားဘက်ကင်း ဝါသုဒေဝမင်းကြီး ဘိမ
သေန စစ်သူကြီးတို့သော်မှလည်း ဇမ္ဗူအတွင်း အမှင်းမင်း၍
အောင်ခြင်းကြီး အောင်ပြီးမှ မရဏထံပါး အရောက်သွားကြရ
သေးသည်....ငါ့သို့သောသူ....။

သိကြားမင်းစံရာ ဝေဇယန္တာကို ခြေမဖြင့်သာ လှုပ်ခါနိုင်လှ
အဂ္ဂသာဝက တန်ခိုးရှင်သော်မှလည်း ကြောင်ခံတွင်း ကြွက်
အသွင် မရဏခံတွင်းသို့တန်ခိုးပါဝင်ရသေးသည်-ငါ့သို့သောသူ။

လှိုင်းကြီး လေ့အောက်, တောင်ကြီး ဘဝါးအောက်, (ဘုရားရှင်မှတပါး) ပညာကြီးလျှင် ရှင်သာရိပုတြာအောက်-- ဤမျှလောက် ပညာထက်သော်လည်း အသက်ဉာဏ်စောင့်တာ သေမင်းအလိုသို့ လိုက်ပါရသေးသည်....ငါ့သို့သောသူ....။

သယမ္ဘူခေတ် ဉာဏ်တော်မြတ်ဖြင့် ထောင့်ငါးရာသတိ ကိုယ်လွှတ်ဝိမုတ္တိ မကပ်ငြိထိုထို ကြံ့ချိုပမာ ပစ္စေကဗုဒ္ဓါတို့ သော်မှလည်း သေမင်းချုံနွယ် ငြိတွယ်ကြရသေးသည်....ငါ့သို့ သောသူ...။

သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်သည် လက္ခဏာကြီးငယ် ရောင်ခြည် တော် ခြောက်သွယ်ဖြင့် ဆန်းကြယ်သော ရူပကာယရှိ၏။ သီလ သမာဓိ တုမရှိ-ဓမ္မကာယပြည့်၏။ ယသ၊ ပုည၊ ထာမ၊ ဣဒ္ဓိ၊ ကြီးဘိပညာ-ငါးဖြာလုံးလောက် ထွဋ်ထိပ်ရောက်၏။ အတုမရှိ ဘုရားရှင်ဖြစ်လျက် မိုယ်းခသည့်မီးတမျှ မရဏာမိုယ်းကိန်းဖြင့် ခန္ဓာတော်ငြိမ်းရသေးသည် ငါ့သို့သောသူ ဆိုဘွယ်မရှိ။

နိလ္လဇ္ဇံ ဝိဘာသာရဇ္ဇံ၊ သဗ္ဗသတ္တာ ဘိမဒ္ဒနံ။

တယိဒံ မာဒိသံ သတ္တံ၊ ကထံ နာဘိ ဘဝိဿတိ။

နိလ္လဇ္ဇံ၊ အရှက်မရှိသော။ ဝိဘာသာရဇ္ဇံ၊ အကြောက်မရှိသော။ သဗ္ဗသတ္တာဘိမဒ္ဒနံ၊ သတ္တဝါ အသက် အလုံးစုံနှိပ်စက်ခြင်းငှါ အားမနာသော။ တယိဒံ၊ ထိုမရဏာ သေမင်းသည်။ မာဒိသံသတ္တံ၊ ငါ့သို့သောသူကို။ ကထံ နာဘိဘဝိဿတိ၊ အဘယ်မှာ မနှိပ်စက်ဘဲရှိပါအံ့နည်း။

ဤကား-ပုဂ္ဂိုလ်အထူးခုနစ်ဦးဖြင့် ဆောင်ခြင်းတည်း။

(၄)ဆက်ဟူသည်ကား--ဤကိုယ်သည် ငါတကိုယ်တည်းမဟုတ် ပိုးမျိုးရှစ်ဆယ်-ဆက်သွယ်၏၊ ပိုးတို့၏ နေအိမ်၊ ပိုးတို့၏သွားဘွားရုံ၊ ပိုးတို့၏သူနာရုံ၊ ပိုးတို့၏ သင်းချိုင်း၊ ပိုးတို့၏အိမ်သာ ဖြစ်၏။ ထိုပိုးတို့ကြောင့်လည်း သေနိုင်၏။

သည်းခြေနာ၊ လေသင်ဒုန်းစသော ကိုယ်တွင်းသေကြောင်း အထွေထွေ၊ မြွေကင်းသန်းစသောကိုယ်ပသေကြောင်းအတန်တန် ဆက်ဆံ၏။ အစာမကျေခြင်း၊ ချွတ်ချော်ခြင်းကြောင့်လည်း သေနိုင်၏။

ဤကိုယ်သည် လက်နက်မျိုးစုံကျရာ လမ်းဆုံမှတ်တိုင်နှင့်တူ၏။ ဥပဒ်မျိုးစုံကျရာ ဖြစ်၏။ ကျလေသမျှ ဥပဒ်တိုင်းလည်း သေကြောင်းသာတည်း။

ထိုကြောင့် နေ့ကုန်၍ ညဉ့်ရောက်လျှင် ဆင်ခြင်ဘွယ်ကား။ ငါအား သေခြင်းအကြောင်း များလှ၏။ ကိုယ်တွင်း၌လည်း သေကြောင်းအများဆက်ဆံ၏။ ကိုယ်ပ၌လည်း သေကြောင်း အများဆက်ဆံ၏။ ထိုသေခြင်းသည် သာသနာ့ အကျင့်၏ အန္တရာယ်ဖြစ်ချေ၏တကား။

ဤကား ဤကိုယ် အများနှင့် ဆက်ဆံပုံတည်း။

(၅) အားငယ်ဟူသည်ကား--ဤအသက်သည် ထွက်သက် ဝင်သက် မမျှရုံဖြင့် သေနိုင်၏။ လွန်စွာအားငယ်၏။

ဣရိယာပုဒ်(လေးပါး) မမျှရုံဖြင့် သေနိုင်၏။ လွန်စွာအားငယ်၏။

အပူအႏေမမျှရှိဖြင့် ...
ပထဝီ အာပေါစသော ဓာတ်လေးပါးမမျှရှိဖြင့်....
အစာ အာဟာရ မမျှရှိဖြင့် သေနိုင်၏။ ကမ်းနားသစ်ပင် သဘွယ် လွန်စွာအားငယ်၏။

ဤကား-အားငယ်ပုံတည်း။

(၆) မှတ်ဘွယ်နတ္ထိဟူသည်ကား....

ဇီဝိတံ ဗျာဓိ ကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ နနာယရေ။
ဇီဝိတံ၊ အသက်ငှင်း။ဗျာဓိ၊အနာငှင်း။ကာလော၊အချိန်ငှင်း။ ဒေဟနိက္ခေပနံ၊သေရာအရပ်ငှင်း။ဂတိ၊လားရာဂတိငှင်း။ ဣတိ၊ ဤသို့။ဧတေပဉ္စ၊ဤငါးပါးတို့သည်။ဇီဝလောကသ္မိံ၊သတ္တလောကဥ္စ။အနိမိတ္တာ၊ ပိုင်းခြားခြင်း မှတ်သားခြင်းမရှိကုန်။နနာယရေ မသိအပ်သော ငါးပါးတို့ ဖြစ်ကုန်၏။
ဤအသက်သည် အဘယ်မျှ ကြာမည်မသိ။ ယနေ့လော၊ နက်ဖြန်လော နေ့တိုင်း သေနိုင်၏။
အဘယ်အနာဖြင့် သေမည်မသိ။ ကိုယ်တွင်းနာလော၊ကိုယ်ပ နာလော အနာတိုင်းဖြင့် သေနိုင်၏။
အဘယ်အချိန် သေမည်မသိ။ နေ့လော၊ ညဥ့်လော အချိန် မရွေး သေနိုင်၏။
အဘယ်နေရာ သေမည်မသိ။ လမ်း၌လော၊ အိပ်ရာ၌လော၊ နေရာမရွေး သေနိုင်၏။

သေပြီးလျှင် အဘယ်ဘဝ ရောက်မည်မသိ။ဒေဝဂတိလော၊ တိရစ္ဆာန် ဂတိလော-ဆိုလည်းသွားမဂတိငါးဖြာချာချာလည် နိုင်၏။

ဤကား အပိုင်းအခြား မှတ်သားဘွယ် မရှိပုံတည်း။

(၄) တမ်းရှိဟူသည်ကား-ယခုအခါ သတ္တဝါတို့ သက်ဆိုး ရှည်လှမှတရာတမ်းသာ တမလွန် နိုးကပ်လှ၏။

ဦးခေါင်း မီးလောင်သူကဲ့သို့ ကတိုက်ကရိုက် ကုသိုလ်အား တိုက်ပြုသင့်၏။ ဦးခေါင်း မီးလောင်စဉ်သော်လည်း အားတိုက် ပြုသင့်၏။

သားသတ်ရုံဆောင်သွားကောင်ပုံမှီး သေနည်းမဆိုင်း ခြေလှမ်း တိုင်း နီးလှ၏။

ရေချိုးရေးကြောင်း ဥဗောင်းပွက်ဟန် အပျက်မြန်လှ၏

တနေ့နှင့်တည်၌၊တနေ့၊နေ့ထက်ဝက်၊ တထပ်စားချိန် စားချိန် ထက်ဝက်၊လေးငါးလုပ်မျှိသလောက်ဟူခွာ၍ရှုသူအားဘုရားရှင် ကဲ့ရဲ့၏။ လေးငါးလုပ်မျှိချိန်မျှ ကျွမ်းဝင်မရတိုတောင်းလှသော အသက် ဖြစ်၏။

အစာဘလုပ် မျှိသလောက် ကြာအောင် အသက် ရှည် လျှင် တော်ပေစွ၊ ကုသိုလ်တရား အားထုတ်ရပေလတ္တံ့။

ထွက်သက်မှ ဝင်သက်တိုင်ရုံလောက်၊ ဝင်သက်မှ ထွက်သက် တိုင်ရုံလောက်ကြာအောင် အသက်ရှည်လျှင်တော်ပေစွ၊ ကုသိုလ် တရား အားထုတ်ရလတ္တံ့။

ဤကား အသက်တမ်း ရှိပုံတည်း။

(ဂ) ခဏဟူသည်ကား—အသက်၊ ကိုယ်ခန္ဓာ၊ ဝေဒနာ ဟူသည် စိတ်တချက်မျှသာ လျင်မြန်စွာပျက်စီး၏။

သေသူနှင့်ရှင်သူ ချုပ်ပြီး ခန္ဓာချင်းတူ၏။ ချုပ်ပြီးခန္ဓာ ပြန်မလာ။

ဤအသက်သည် အတိတ်စိတ်ဖြင့် အသက်မရှင်၊ အနာဂတ်စိတ်ဖြင့် အသက်မရှင်၊ ပစ္စုပ္ပန်စိတ် တချက် တချက်မျှဖြင့်သာ အသက်ရှင်၏။ သေးငယ်သော ခဏရှိ၏။

လှည်းဘီးသည်တဝါးလေးသင်မျှ တည်လျက်သွား၏။ရပ်၏။ ဂ၄၀၀၀ အသက်ရှင်သူလည်း စိတ်တချက်တချက်မျှ တည်လျက်သွား၏။ ရပ်၏။ အသက်ရှင်၏။ စိတ်ချုပ်တိုင်း တသေထည်း သေလျက် အသက်ရှင်၏။

မြဲသည် ရှည်သည်ဟု အထင်မှားအောင် တနေ့ပြီးမှ တခု စဉ်သော သန္တာနပညတ်သည် လှည့်စား၏။ မြဲသောကိုယ်၊ မြဲသော အသက် မရှိ။

ဤကား ခဏ သေးငယ်ပုံတည်း
ဤတွင် မရဏာဿတိဘာဝနာပြီး၏။

ဥပသမာနုဿတိ–ဥပသမ နိဗ္ဗာနသည် တဏှာငတ်သေရာ, ဒုက္ခ မရှိရာ, ဖြင်၏။ အကြောင်း ဝဋ် ပြတ်ရာ, အကျိုးဝဋ် မဖြစ်ရာ, ဖြစ်၏။ အချုပ်အဖွဲ့မှ လွတ်ရာ ဖြစ်၏။ ဒုက္ခဟူသရွေ့ မျိုးစေ့မျှမကြွင်း မဖြစ်ခြင်းဖြင့် ချုပ်ရာ ဥပသမာခေတ်၊ နိဗ္ဗာန်မြတ်သည် ချမ်းသာကြီး ချမ်းသာငလုံ့စွ တကား။

ခန္ဓာ ငါးပါးသည် သေခြင်းနှင့် မခွဲနိုင် မခွာရက် အမြဲတွဲလျက် အဆက်ဆက် မတုံး၊ တသံသရာလုံး ဖြစ်၏။ နိဗ္ဗာန်ကျမှ အဆက်တုံးသည်။ သေခြင်းတွဲခန္ဓာ အဆက်တုံးရာ နိဗ္ဗာန်သည် အံ့ဩဘွယ် ချမ်းသာစလစ္စတကား။

ဤနိဗ္ဗာန်သာလျှင် အိုနာလွတ်ငြိမ်း ပျက်ကိန်းမရှိ ဇာတိ၏ ကမ်းတဘက်၊ ဉာဏ်ထက်သူအာရုံ၊ ဉာဏ်မှုန်သူ့ မကြုံတတ်၊ သူမြတ်တို့ ပျော်စံရာ သမ္ဗာရှင်တို့ ခိုလှုံရာ ကိလေသာညစ်ကင်း၊ တဆဲ့တမိုး ကွင်းခြင်းကြီး ကွင်းခဲ့၏။ ငြိမ်းခြင်းကြီး ငြိမ်းလေစွ တကား။

ဤကား ဥပသမာနုဿတိဘာဝနာတည်း။
ဤတွင် အနုဿတိဆယ်ပါး ပြီး၏။

## ဗြဟ္မဝိဟာရလေးပါး

မေတ္တာဘာဝနာ—မေတ္တာ ပွားလိုသောအခါ ဒေါသအပြစ်ရှုရသည်။ ခန္တီအကျိုး ရှုရသည်။ ကိုယ်ချင်းစာနိုင်အောင် မိမိကိုယ်ကိုရှေးဦးစွာပွားရသည်။ ထိုနောက်မှ လေးပြုအပ်သူ၊ ပိယ၊ မဇ္ဈတ္တ၊ ဝေရီတို့ကို အစဉ်ထား၍ ပွားရသည်။ လိင်မတူသူကိုသီးခြားမပွားရ။ သေသူကိုအလျှင်းမပွားရ။ ဒေါသသည်—ကျိုးကြောင်းမကြည့်။ ဆိုးကောင်း မသိ။ မှောင်အတိကျ၏။ နှောင်ဖွဲ့ဖန် ရှက်စရာကို ပြောမိအောင် ပြုမိအောင် စွမ်းနိုင်၏။ ယုတ်မာမှု သူ့ထက်ကဲအောင် ယုတ်မာခြင်း ပြုနိုင်၏။ အကျိုးဖယ်၍ အပြစ်ကိုယူ၏။ ကြက်သရေ မင်္ဂလာ မရှိ။

ခန္တီသည်—ကျိုးကြောင်းကြည့်၏။ ဆိုးကောင်းသိ၏။ မှောင်အတိမကျ။ နောင်ဖန်ဖန် ဝမ်းမြောက်စရာကို ပြောမိအောင် ပြုမိအောင် စွမ်းနိုင်၏။ ယုဘ်မာခြင်း မှုပြိုင်။ အပြစ်ဖယ်၍ အကျိုးယူ၏။ ကြက်သရေ မင်္ဂလာ ရှိ၏။

ငါသည် ရန်ကင်းပါစေ၊ စိုးရိမ်ခြင်း ကင်းပါစေ၊ ဆင်းရဲခြင်း ကင်းပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရှက်ဆောင်နိုင်ပါစေ။ ငါမှတပါးသော သူတို့သည်လည်း ငါကဲ့သို့ပင် ရန်ကင်းလိုကုန်၏။ စိုးရိမ်ခြင်းကင်းလိုကုန်၏။ ဆင်းရဲခြင်း ကင်းလိုကုန်၏။ မိမိကိုယ်ကို ချမ်းသာအောင် ရှက်ဆောင်လိုကုန်၏။

ငါတို့အား အကျိုးများသော ဆရာ၊ ဆယာ အရွယ်တို့သည် ရန်ကင်းကြပါစေ။ စိုးရိမ်ခြင်း ကင်းကြပါစေ။ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရှက်ဆောင်နိုင်ကြပါစေ။ ဤပုဂ္ဂိုလ်သည် တဦးတည်း၌ပင် စတုတ္ထစျာန်အထိ ရနိုင်၏။ သီမသမ္ဘေဒ ဖြစ်အောင်ကား ပုဂ္ဂိုလ် လေးဦး ညီအောင် ပွားရသည်။

ချစ်ခင်အပ်သော ပိယပုဂ္ဂိုလ်တို့သည်—

မချစ်လွန်း မမုန်းလွန်း အလယ်အသတ်၌တည်သော

မဇ္ဈတ္တ ပုဂ္ဂိုလ်တို့သည်—

ရန်သူဖြစ်သော ဝေရီ ပုဂ္ဂိုလ်တို့သည်-

အတ္တ၊ ပိယ၊ မဇ္ဈတ္တ ဝေရီဒေလးယောက် တယောက်ယောက် ပေးပါ၊ သတ်၍ ယဇ်နတ် ပူဇော်လိုသည်ဟု ခိုးသူ၊ ထားပြ၊ အစိုးရအပေါင်း လာတောင်းငြားအံ့၊ သူ့ကိုယူစေ၊ ငါ့ကို ယူ

စေဟု စိတ်ဖြစ်လျှင်အပိုင်းအခြားမပျက်သေး။ မေတ္တာမညီသေး၊ ပေးစရာ မမြင်မှ အပိုင်းအခြား ပျက်သည်၊ မေတ္တာညီသည်၊ သီမသမ္ဘေဒ ဖြစ်သည်။ မေတ္တာလိုတိုင်း ရနိုင်ပြီ။ ထိုအခါဥပစာရ ဈာန်ရသည် မည်၏။

ဝေရိဒ္ဓ ရန်ငြိုးကြီးလှ၍ မေတ္တာပွားမရဖြစ်အံ့။ ဝင်၊ လွှ၊ ကြံ၊ သနား (၄) ဟောကြား၊ ကံ၊ ဇာ (၃) မတက္ကါ၊ နိသင်(၂) ခွာတ်ယှဉ်၊ ပေးတောင်း၊ (၂) ရန်ငြိုးပေါင်း၊ ပျောက်ကြောင်း ထဆဲ့တစ်။ ဤနည်းဘဆဲ့တပါးဖြင့်ဒေါသငြိမ်းစေရသည်။

ဟောကြားဟူရာ၌—ကိုယ့် စိတ် ကိုယ် ဖျက်၊ ဒေါသ မက်၍ မျိုးပျက်မွေးကာ (၃) ပြိုင် ယုတ်မာနှင့်၊ သူ့မှာလိုပြည့်(၂)မိမိကာ:ပန်း၊ အမှူးလယ်မ်းလိုက်၊ ကျွ:၌ကြံရဲ (၃)ခုတ်တလှဲပြတ်၊ တဘက်သတ်ငြိုး(၂)ဖြစ်ဆယ်မျိုး-ပွါးတိုး ငါ၌သာ။ ။ဤဆယ်မျိုးချဲ့ဟော:နိုင်ရမည်။

နိသင်ဟူရာ၌—အိပ်၊ နိုး၊ မက် ချစ်၊(၄) ချစ်၊ စောင့်၊ မီး၊ တည်(၄)ကြည်၊ သေ၊ ဗြဟ္မာ(၃)ဆဲ့တဖြာ-မေတ္တာအာနိသင်။ ။ဤဆဲ့တမျိုး ချဲ့ဆင်ခြင်ရမည်။

ဒေါသငြိမ်းသောအခါ သီမသမ္ဘေဒဖြစ်အောင် ပွါးစေရသည်။အရပ်ရပ်နှံ့အောင်မေတ္တာမြင်းတွင်တွင်စိုင်းရသည်။စိုင်းပုံကား-သဗ္ဗေသတ္တာစသော အနောဓိပုဂ္ဂိုလ်ငါးယောက်၊ သဗ္ဗာ ဣတ္ထိယော စသော ဩဓိပုဂ္ဂိုလ် ခုနစ်ယောက်-ဤတကျိပ်နှစ်ယောက်ထံ အဝေရာဟောန္တုစသောမြင်းလေးစီးဖြင့် စိုင်းလျှင် ပုဂ္ဂလဖရဏာ ၄၈—မေတ္တာရ၏။

ပုရတ္ထိမာယ ဒိသာယ စသော အရပ်ဆယ်မျက်နှာ၌ ၄၈-စီစိုင်းလျှင် ဒိသာဖရဏာ ၄၈၀-ရ၏။ ဤကား ၅၂၈-သွယ် မေတ္တာတည်း။

ဒေါသမှလွန်၍+တဏှာမဖြစ်မီသာ-မေတ္တာ။တဏှာပေါက်စသည် မေတ္တာအလား သူမြတ်အား လှည့်စားတတ်၏။သတိထား။

မေတ္တာဘာဝနာ ပြီး၏။

ကရုဏာဘာဝနာ—ကရုဏာ ပွါးလိုသောအခါ ဝိဟိံသာအပြစ်၊ ကရုဏာအကျိုးရှုရသည်။ဒုက္ခိတကိုရင်း၊ ဒုစရိုက်သမားကိုရင်း ရှေးဦးစွာ ပွါးရသည်။ ညှဉ်းဆဲခြင်း ဝိဟိံသာသည် လာဘ်ယုတ် သတင်းဆိုး အမျိုးယုတ် အဆင်းပျက် အသက်တို အနာများ ပရိသတ်မရဲ အပါယ်လား အပြစ်များလှ၏။

သနားခြင်းကရုဏာသည် ကောင်းကျိုးများလှ၏။

ဤဒုက္ခိတသည် ဆင်းရဲလေစွ၊ဆင်းရဲမှလွတ်မှုကောင်းလေစွ။ ဆင်းရဲမှလွတ်ပါစေ၊ ဆင်းရဲမှလွတ်ပါစေ။

ဤလူချမ်းသာသည် အနာပွါးတိုး ဆွေမျိုးဥစ္စာ ပျက်ကာကြုံဆဲ ဆင်းရဲလေစွ၊ ဆင်းရဲမှလွတ်မှု ကောင်းလေစွ၊ ဆင်းရဲမှလွတ်ပါစေ၊ဆင်းရဲမှ လွတ်ပါစေ။

သတ်ထိုက်သူအား သူငါသနား၍ အစားအသောက်များ သော်လည်း များကျိုးမပြီး သေဘေးနီးစွာ သနားစရာကဲ့သို့ ဒုစရိုက်သမားအား ကံကုသိုလ်ထွား၍ စီးပွါးတက်ကာချမ်းသာပါလည်း ချမ်းသာကျိုးမပြီး အပါယ်ဘေးနီးစွာ သနားစရာဖြစ်

ချေပြီ။ အပါယ်ဘေးမှလွတ်မူ ကောင်းလေစွ။ အပါယ်ဘေးမှ လွတ်ပါစေ၊ ဒုစရိုက်မှလွတ်ပါစေ။

ဤသတ္တဝါအားလုံးတို့သည် သံသရာဝဋ်အတွင်း မကောင်းဒုက္ခ အဖန်ဖန်တွေ့ကြရ၏။ ဝဋ်ဒုက္ခမှလွတ်မူ ကောင်းလေစွ။ ဝဋ်ဒုက္ခမှ လွတ်ကြပါစေ၊ ဝဋ်ဒုက္ခမှ လွတ်ကြပါစေ။

ငါသည်....ဆင်းရဲမှ လွတ်ပါစေ၊ ဆင်းရဲမှ လွတ်ပါစေ။

ချစ်ခင်အပ်သော ပိယပုဂ္ဂိုလ်တို့သည်....ဆင်းရဲမှလွတ်ကြပါစေ—။

မချစ်လွန်း မမုန်းလွန်း အလယ်အလတ်၌ တည်သော မဇ္ဈတ္တပုဂ္ဂိုလ်တို့သည်....

ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်တို့သည်....

အတ္တ၊ ပိယ၊ မဇ္ဈတ္တ၊ ဝေရီ—သီမသမ္ဘေဒ ဖြစ်အောင် ပွါးရသည်။

ဒုက္ခာမုစ္စန္တု ဖြင့် ပုဂ္ဂလဖရဏာ-၁၂။ ဒိသာဖရဏာ ၁၂၀- ဖြစ်၏။ ဤကား—၁၃၂-သွယ် ကရုဏာတည်း။

ညှင်းဆဲခြင်းမှ လွန်၍+သောကမဖြစ်မီသာ ကရုဏာ။ သောကသည် ကရုဏာအလား လှည့်စားတတ်၏။ သတိထား။

ကရုဏာဘာဝနာပြီး၏။

မုဒိတာဘာဝနာ—မုဒိတာ ပွါးလိုသော အခါ ပြုံးရွှင်စွာ ဝမ်းမြောက်စွာ ချမ်းသာသူကို ရှေးဦးစွာ ပွါးရသည်။

ဤသူသည်ဝမ်းမြောက်ဝမ်းသာချမ်းသာစွာနေရ၏။ကောင်း လေစွ။ရအပ်သောစည်းစိမ်မှ မဆုတ်ယုတ်ပါစေလင့်။ 'ချမ်းသာ မြဲ ချမ်းသာပါစေ။

ဤသူသည်ချမ်းသာလေပြီ။–ကောင်းလေစွ၊ရအပ်သော=

ဤသူသည်ချမ်းသာတော့မည်။–ကောင်းလေစွ၊ရအပ်သော- ဒါသည် ရအပ်သော စည်းစိမ်မှ မဆုတ်ယုတ်ပါစေလင့်။ ချမ်းသာမြဲ ချမ်းသာပါစေ။ ချမ်းသာမြဲ ချမ်းသာပါစေ။

ချစ်ခင်အပ်သော ပိယပုဂ္ဂိုလ်တို့သည် ရအပ်သော စည်းစိမ်မှ ...

မချစ်လွန်း မမုန်းလွန်း အလည်အလတ်၌ တည်သော မဇ္ဈတ္တပုဂ္ဂိုလ်တို့သည်....

ရန်သူဖြစ်သော ဝေရိပုဂ္ဂိုလ်တို့သည်....

သိမသမ္မေဒဖြစ်အောင် ပွါးရသည်။ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တုဖြင့် မုဒိတာ ၁၃၂-သွယ်ဖြစ်၏။

ပျင်းရိခြင်း ငြီးငွေ့ခြင်းမှလွန်၍+ပျော်ရွှင်ခြင်းမဖြစ်မီသော မုဒိ တာ။ပျော်ရွှင်ခြင်းသည် မုဒိတာအလား လှည့်စားတတ်၏။သတိ ထား။

မုဒိတာဘာဝနာပြီး၏။

ဥပေက္ခာဘာဝနာ....ဥပေက္ခာ ပွါးလိုသောအခါ မေတ္တာ၊ ကရုဏာ၊ မုဒိတာ–ဖန်ဖန်ဝင်စား၍ အပြစ်အကျိုးရှု၍ မဇ္ဈတ္တပုဂ္ဂိုလ်ကို ရှေးဦးစွာ ပွါးရသည်။

ဤသူဤသူသည် ရန်ကင်းပါစေ၊ စိုးရိမ်ခြင်းကင်းပါစေ၊ ဆင်းရဲခြင်းကင်းပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ပါစေ။ ။ဆင်းရဲမှလွတ်ပါစေ။ ။ရအပ်သော စည်းစိမ်မှ မဆုတ်ယုတ်ပါစေလင့်....ဤသို့ ငါ ပွါးများသော မေတ္တာ၊ ကရုဏာ၊ မုဒိတာသည် ဝမ်းမြောက်ခြင်းဖြင့် ရုန့်ရင်း၏။ ပေါ်လွင်ထင်ရှား၏။ မြူနည်းထ၏။ သတ္တဝါကိုမြတ်နိုး၏။ ချစ်ခြင်း၊ မုန်းခြင်း–ကိလေသာနှင့်နှီး၏။

ဥပေက္ခာကား ငြိမ်သက်၏။ မပေါ်လွင်မထင်ရှား၊ မြူနည်းမထ၊ ချစ်ခြင်း မုန်းခြင်း–ကိလေသာမှဝေး၏။

ဤသူသည် မိမိကံဖြင့်ရှေးဘဝမှလာ၏။ မိမိကံဖြင့်နောက်ဘဝသို့သွား၏။ ငါ၏စောင့်တခြင်းဖြင့် ချမ်းသာဆင်းရဲ မထူးမကွဲ။ ကံသာလျှင် မိမိဥစ္စာ–ကံသာလျှင် ဆည်းပူးစရာ ရှိချေ၏တကား။ ကံသာလျှင်အဆွေအမျိုး–ကံသာလျှင်အားကိုးရှိချေ၏တကား။

ငါသည်–ကံသာလျှင် မိမိဥစ္စာရှိ၏။

ချစ်ခင်အပ်သော ပိယ ပုဂ္ဂိုလ်တို့သည်–ကံသာလျှင် မိမိဥစ္စာရှိကုန်၏။

မချစ်လွန်း မမုန်းလွန်း အလယ်အလတ်၌ တည်သော မဇ္ဈတ္တပုဂ္ဂိုလ်တို့သည်–

ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်တို့သည်–

သီမ္မသမ္မောဒဖြစ်အောင် ပွါးရသည်၊ ကမ္မဿကတာဖြင့်ဥပေက္ခာ ၁၃၂–သွယ်ဖြစ်၏။

ချစ်ခြင်း မုန်းခြင်းမှ လွန်၍+တွေဝေခြင်း မဖြစ်မိသာ-ဥပေက္ခာ။ တွေဝေခြင်းသည် ဥပေက္ခာအလားလှည့်စားတတ်၏။ သတိထား။

ဥပေက္ခာဘာဝနာပြီး၏။

## ရန်ငြိုးဖျောက်နည်း တဆဲ့တပါး

ဝေရိဉ် ရန်ငြိုးကြီးလှ၍ မေတ္တာပွားမရ ဖြစ်ခဲ့အံ့။

ဝင်၊ လွှ၊ ကြံ၊ သနား (၄) ဟောကြား ကံ၊ ဇာ (၃) မတက္က၊ နိသင်(၂) ခွာတယ်ယှဉ်၊ ပေးတောင်း (၂) ရန်ငြိုးပေါင်းပျောက် ကြောင်းတဆယ့်တစ်။

ဤနည်း တဆဲ့တပါးဖြင့် ဒေါသ ငြိမ်းစေရမည်။

(၁)ဝင်ဟူသည်ကား.... မေတ္တာဖြစ်နေကျ ပုဂ္ဂိုလ်၌ မေတ္တာ ဈာန်သမာပတ် ဝင်စား၍ ထိုမေတ္တာ အဟုန်ဖြင့် ရန်သူ၌ ပြောင်း၍ မေတ္တာပွားစေလျှင် လွယ်ကူ၏။

(၂)လွှဟူသည်ကား.... ဝင်နည်းဖြင့်မရလျှင် လွှပမာ သုတ္တန် တို့ကို ဆင်ခြင်ရသည်။ "လွှဖြင့်သော်လည်းကိုယ်အင်္ဂါလာ ဖြတ်သူအား စိတ်ပြစ်မွားလျှင် ငါဘုရား၏ စကား နားထောင်သူမဟုတ်" ဤသို့ မြတ်စွာဘုရား ဟောတော်မူသည်။ သစ္စာတော်ခံလျက် အမှုထမ်းမကျေသူ အမိန့်ပြင်းမလိုက်နာသူ ဖြစ်ရချေလတ္တံ့။

ယုတ်မာသူကို ပြန်ခဲလျှင် သူ့ထက်ကဲ၏။ ပြန်မခဲလျှင် စစ်ပွဲအောင်၏၊ တထောင်တွင် တယောက်မရှိ ဤသို့လည်း ဟောသည်။

တဦးစိတ်ဆိုးခိုက် တဦးငြိမ်သက်မှု နှစ်ဦးကျိုးကျင့်သူမည်၏။ ဤသို့လည်းဟောသည်။

ချစ်သားတို့ရန်သူကြိုက်တရား ခုနစ်ပါးရှိ၏၊ ခုနစ်ပါးကား ငါ့ကို စိတ်ဆိုးသော ငါ့ရန်သူဟူသမျှ အဆင်းပျက်ပါစေ။ စိတ်နှလုံးတွေပါစေ။ ကိုယ်ကျိုးနဲပါစေ၊ စီးပွားပျက်ပါစေ။ ခြွေရံနည်းပါစေ၊ မိတ်ဆွေ ကင်းပါစေ။ ဤသို့ ရန်သူတောင့်တ၏။ အမျက်မပြေသူအား ရန်သူကြိုက်တရား ခုနစ်ပါးလုံး ပြည့်စုံ၏။ ဤသို့လည်းဟောသည်။

[ဆင်းပျက်၊ စိတ်နာ၊ ကိုယ်ကျိုးကွာ၍ (၃) ပျက်ကာစီးပွား၊ ခြွေရှား၊ မိတ်ပစ်၊ အပယ်ဖြစ် (၄) ခုနစ်ရန်သူကြိုက်]

ဤဘုရားဟော အပြစ်တို့သည် ငါအမျက်မပြေလျှင် ငါ့အား ရောက်ကုန်လတ္တံ့— ဤသို့စိတ်ဖြေ၍ ရန်သူ၌ မေတ္တာပွားရသည်။

(၃) ကြံဟူသည်ကား ... လွန်နည်းဖြင့် မပြေလျှင် ဂုဏ်ထူးကြံရသည်၊ အဆိုးဖယ်၍ အကောင်းရှာရသည်။ ဤသူသည် ကိုယ်အမူအရာ ကောင်းပါပေသည်၊ နှုတ်ချိုပါပေသည်။ ဆရာသမား အလေးပြုပါပေသည်။ သာသနာကို ယုံကြည်ပါပေသည်။ ဤသို့စသည်ဖြင့် ဘုတ်တိုင်းမှန်စွာ ကြံ၍ မေတ္တာပွားရသည်။

(၄) သနားဟူသည်ကား..... ဂုဏ်ထူးရှားပါးဒုစရိုက်သမားဖြစ်အံ့ သနားရသည်။ ။ဤသူသည်။ လူ့ဘဝရလျက် မကြာမီ ငရဲ ရောက်ချေတော့မည်

တကား။ ဒုက္ခရောက်ချေတော့မည်တကား။.... ဤသို့ သနား၍ မေတ္တာပွားရသည်။

(၅) ဟောကြားဟူသည်ကား.... မသနားလျှင် မိမိကိုယ် မိမိ တရားဟော ရသည်။

ရန်သူဟူသည် ငါ၏ကိုယ်၌သာ ဒုက္ခပေးကာ ဖျက်နိုင်သည်။ စိတ်၌ မဖျက်နိုင်။ ငါသာလျှင် ကိုယ့်စိတ်ကို ဖျက်သူပါတကား။ ကိုယ့်စိတ်ကိုယ်ဖျက် (၁)

ဆွေမျိုးစွန့်လျက် တောထွက်နိုင်ခြင်း ဒေါသပွားမှု ငါသာလျှင် ဆွေမျိုးထက် ဒေါသ ဖက်လှချေ၏ တကား။ ဒေါသမက်၏။ (၂)

ဒေါသသည် သီလ၏အမြစ် သီလ၏အမျိုး ဟိရိ သြတ္တပ္ပကို ဖျက်ချိုး၏။ ဒေါသမွေးထားလျှင်.... မျိုးပျက်မွေးသူ ဖြစ်ချေ၏ တကား။ ။မျိုးပျက်မွေးသူ (၃)

ရန်သူ အယုတ်တမာကို ငါဘက်ပြိုင်အံ့.... ယုတ်မာပွဲဝင်ပြိုင်သူဖြစ်ချေ၏တကား။ ။ယုတ်မာပြိုင်သူ (၄)

ငါ့ကို စိတ်ဆိုးအောင် သင်း-ပြု၏။ သင်းပြုတိုင်း ငါစိတ်ဆိုးလျှင် သူ့ အလိုပြည့်အောင် ငါကသာ ဖြည့်ရသူပါတကား။ ။ သူ့မှာလိုပြည့် (၅)

ငါ၏ဒေါသသည် ရန်သူ ပင်ပန်းအောင် ရံခါ တတ်နိုင်၏။ ရံခါမတတ်နိုင်။ ငါ့စိတ်ပင်ပန်းအောင်ကား အမြဲတတ်နိုင်၏။ မိမိသာ အမြဲပင်ပန်းအောင် ပြုမိသူပါတကား။ မိမိကားပန်း (၆)

ငါ၏ရန်သူသည် ဒေါသဖြင့် အပါယ်လမ်း မှားနေပြီ။ ငါ လိုက်၍ စိတ်ဆိုးရလျှင်.... လမ်းမှားသူ၏ နောက်လိုက် ဖြစ်ချေ၏ တကား။ ။အမှန်လမ်းလိုက် (၇)

ငါ၏ ရန်သူသည် ငါ၏ အပြစ်ကို အားကိုး၏။ သူ့ သခင် မပျောက်သွားမည်ကို စိုးရိမ်၏။ ငါ့အပြစ် ငါပယ်လျှင် ရန်သူ ကျွန်မျိုး အားကိုးပြတ်လတ္တံ့။ သခင်မနိုင်- ကျွန်ကိုနိုင်လျှင် ကျွန်ဦပင် ကြံ့ဝံ့သူ လူစွမ်းကောင်းဟု ပြောင်လှောင်စရာပါ တကား။ ။ကျွန်ဦကြံရဲ (၈)

ငါအား စော်ကားသော နာမ်ရုပ်တို့သည် ထိုခဏတွင် ချုပ် ကုန်ပြီ။ ယခုဖြစ်ဆဲ နာမ်ရုပ်ကို ပြန်လည်နှိပ်စက်လျှင်- ဆန်ခိုးမမိ ဖွဲခိုးမိ၊ ခုတ်ရာတခြား ရှရာ တခြား ဖြစ်ချေ၏တကား။ ။ ခုတ် တလွဲ ပြတ်တလွဲ (၉)

ငါနှင့်သူ-နှစ်ဦးလုံး အမျက်ထွက်ကြရာ၌ သူ့ကိုသာ အပြစ် ရှုလျှင် တဘက်သပ် ငြိုးသူ ဖြစ်ချေ၏တကား။ ။တဘက်သပ် ငြိုး (၁၀)။

ကိုယ့်စိတ်ကိုယ်ဖျက်၊ ဒေါသမက်၍ (၂) မျိုးပျက်မွေးကာ၊ ပြိုင်ယုတ် မာနှင့် (၂) သူ့မှာလိုပြည့်၊ မိမိကားပန်း (၂) အမှားလမ်းလိုက်၊ ကျွန်ဦကြံရဲ (၂) ခုတ်တလွဲပြတ်၊ တဘက်သပ်ငြိုး (၂) ပြစ်ဆယ်မျိုး ပွါးတိုးငါ၌သာ။

ဤသို့ တရားဟော၍ တရားဖြင့်ဖြေ၍ မေတ္တာပွားရသည်။

(၆) ကံဟူသည်ကား....ဒေါသ ကျွန်သက် ရင့်လှ၍ တရားဖြင့် မပြေလျှင် ကမ္မ+ဿက+တာ ကို ဆင်ခြင်ရသည်။

သူ့ကံနှင့်သူ၊ ငါ့ကံနှင့်ငါ၊ ငါကြံတိုင်း သူမဖြစ်၊ သူကြံတိုင်း ငါမဖြစ်၊ ငါစိတ်ဆိုးလျှင် ငါ့ကံ-ငါ့အား မကောင်းကျိုးပေးရာ၏။ မီးခဲကိုင်ပစ်သူနှင့် တူရာ၏။ သူစိတ်ဆိုးလျှင် သူ့မှာသာ အကျိုးမဲ့ဖြစ်ရာ၏။ လေညာသို့ ပစ်သောမြူ ပစ်သူထံရောက်ရာ၏။ ဤသို့ ဆင်ခြင်၍ မေ့တ္တာပွားရသည်။

(၇) ဇာဟူသည်ကား....ကံဖြင့် မပြေလျှင် ဇာတ်တော်ကို ဆင်ခြင် ရသည်။ ငါတို့ ဆရာ ဘုရားမြတ်စွာသည် ပါရမီဖြည့်စဉ်က လွန်စွာ ယည်းခံတော်မူခဲ့ပြီ။

သီလဝမင်းကြီး၊ ခန္တိဝါဒရသေ့ကြီး စသည်ဖြစ်စဉ်က နှိပ်စက်သူကို အမျက်မထား။ ဆဒ္ဒါန်ဆင်မင်း ဖြစ်စဉ်က မိမိကို သတ်ဆဲမုဆိုးအားသော်လည်း အစွယ်ဖြတ်၍ လှူသေးသည်။

သည်းခံ၍ ဘုရားဖြစ်သော ဘုရားရှင်ကို ငါ့ဆရာဟု ညွှန်းလျက် ငါဒေါသ လက်ခံခြင်းသည်၊ ဝါ-ဆရာ့ဂုဏ်ကို ညှိုးစေခြင်းသည် ငါ့အား မသင့်လေစွတကား။ ။ဤသို့ဆင်ခြင်၍ မေတ္တာပွားရသည်။

(၈)မှတဂ္ဂါဟူသည်ကား....ဇာတ်တော်ဖြင့် မပြေလျှင် အနမတဂ္ဂိယ-သုတ္တန်ကို ဆင်ခြင်ရသည်။

သံသရာ၌ မိခင်၊ ဘခင်စသည် မတော်စပ်ဘူးသူမရှိ။

ငါ့ရန်သူသည် ငါ၏မိဘဖြစ်စဉ်က ငါ့ကိုပိုက်ချီကာ ကောင်းစွာမွေးခဲ့ဘူးပြီ။ မွေးကျေးဇူးရှိသူအား အမျက် မထွက်ကောင်းပါတကား။ ဤသို့ဆင်ခြင်၍ မေတ္တာပွားရသည်။

(၉) နိသင် ဟူသည်ကား.... ဆနမတ ဂိုဃဖြင့် မပြေလျှင်
အာနိသင် ဆင်ခြင်ရသည်။

မေတ္တာပွားသူသည် ချမ်းသာစွာ အိပ်ရ၏။ ချမ်းသာစွာနိုးရ၏။ မကောင်းသောအိပ်မက် မမြင်မက်။ လူချစ်၏။ (၄)နတ်ချစ်၏။ နတ်တို့၏အစောင့်အရှောက်ကိုရ၏။ မီး၊အဆိပ်၊လက်နက်၊ မနှိပ်စက်နိုင်။ သမာဓိတည်လွယ်၏ (၄)မျက်နှာကြည်လင်၏။ မတွေမဝေအသေလှ၏။မဂ်ဖိုလ်မရလျှင် ဗြဟ္မာဖြစ်၏။ (၃)

အိပ်၊နိုး မက်၊ချစ်(၄) ချစ်၊စောင့်၊မီး၊တည် (၄)
ကြည်၊သေ၊ ဗြဟ္မာ (၃) ဆဲ့တဖြာ–မေတ္တာအာနိသင်။

ဒေါသမပြေလျှင် မေတ္တာ အာနိသင် ဆဲ့တပါးမှ အပဖြစ်လတ္တံ့။ ။ဤသို့ဆင်ခြင်၍ မေတ္တာ ပွားရသည်။

(၁၀) ဓာတ်ယှဉ် ဟူသည်ကား.... အာနိသင်ဖြင့် မရလျှင် ဓာတ် ခွဲ ရသည်။ ။ဤရန်သူ၌ အဘယ်ကို ငါ စိတ်ဆိုးသနည်း။ ဆံပင်ကိုလော၊ မွေ့ ညှင်းကိုလော၊ ဆံပင်မွေးညှင် ၌ရှိသော ပထဝီကိုလော၊ အာပေါကိုလော၊ ရုပ်ကန္ဓ ကိုလော၊ ဝေဒနာကိုလော၊ စက္ခုဝိညာဏ်ကိုလော။ ။ဤသို့ဓာတ် ခွဲရလျှင် အပ်မျှား၌မှန်ညင်းစေ့ပမာ ဒေါသတည်ရာ မရနိုင်ပြီ။ ထိုအခါ မေတ္တာပွားရသည်။

(၁၁) ပေးတောင်းဟူသည်ကား.... ခါတ်ခွဲမတတ်လျှင် ပစ္စည်း ပေးရသည်။

ပစ္စည်းတောင်းရသည်။

မိမိ၏ ဓမ္မိယလဒ္ဓ ပစ္စည်းကို ရန်သူအား ပေးလှူ ရသည်။ ရန်သူထံမှလည်း ဓမ္မိယလဒ္ဓ ပစ္စည်းကို တောင်းယူ အလှူခံရသည်။ ဤသို့ပြုလျှင် ဘာဝအဆက်ဆက်က ရန်ငြိုးပင်ပျောက်ငြိမ်း၏။ ထိုအခါ မေတ္တာပွားရသည်။

ရန်ငြိုးဖျောက်နည်းတဆဲ့တပါးပြီး၏။
ပြဟ္မဝိဟာရလေးပါးပြီး၏။

---

## အာဟာရေပဋိကူလသညာ

သွား။ ရှာ။ သုံး။ အာ(၄)တည်ရာ။ မကျေ။ ကျေ (၃)
ကျိုး။ ယို။ ပေ (၃) ဆယ်ထွေအစာ ရွံကြောင်းတည်း။

(၁) သွားဟူသည်ကား.... အနာတကိုယ်လုံး သက်န်းဖုံးလျက် ဆေးခွက် ပိုက်က ဆေးရှာသလို လမ်းအိုလမ်းကြား ငုံ့သွားပါမှ အစာရသော ဤသဘောသည်.... အဟောဝတ ဘော ပဋိကူလော အာဟာရော။

(၂) ရှာသည်ဟူသည်ကား.... ငုံ့လျှိုးမျက်နှာ သွားရပါလည်း မသဒ္ဓါ၊ တချို့တချို့ကားကောင်း သောင်းပြောင်း ထွေးယှက် ကျိုးငှက်သဘော ရှာမောရသည်.... အ ဟော ဝ တ ပဋိ ကူ လော အာဟာရော။

(၃) သုံးဟူသည်ကား.... သုံးဆောင်ပြန်လည်း ဝါးပြီး ချက်ခြင်း နံ့ဆင်း ပျက်ပြယ်ရွံဘွယ်လှလှ မမြင်ရ၍ မျိုကျနိုင်သော ဤသဘောသည် အဟောဝတဘော ပဋိကူလော....

(၄) အာဟူသည်ကား.... မျိုပြီးတထွေ သည်းခြေသလိပ် ဖိတ်ဖိတ် ပြည်သွေး အာသယ လေးလီ ညိုရောင် ပုပ်ယောင် မှောင်တောင် ဖြူနီ ခတ်ချဲ့ရည် ဖြင့် ပန်းချီဆေးမျိုး ရောင်စုံ ဆိုးသော ဤသဘောသည် အဟော....

(၅) တည်ရာ ဟူသည်ကား... အစာအိမ်မှတ် တည်ရာ ရပ်ကား ချိုးကပ်ထပ်ညစ် အနှစ်နှစ်တွင် သုတ်သင်ကင်းဝေး မှဆေးတခါ ... ရှင်ပြုံး အနံ့ဘတ်ရှုံ-သော ဤသဘောသည်....

(၆) မကျေဟူသည်ကား.... အစာအိမ်တည် မကျေမီ လည်း စီစီလှုပ်လှုပ် အမြှုပ် ထလျက် ဆူပွက်ဝေသော ဤသဘောသည်....

(၇) ကျေဟူသည်ကား....ဝမ်းမီးချက်ချေ ညက်ညက်ကျေ သော် အရေအဖတ် မစပ်ခွဲခွါ အစာနှမ်းဟောင်း ဘဝပြောင်းသော ဤသဘောသည်....

(၈) ကျိုး ဟူသည်ကား....အစာ မကျေ ဆောဂါထွေ၏၊ ကျေလျှင် အကျိုး သွေးသား တိုး၍ ဆီးအိုး ရှင်အိုင် ကျင်ဆိုင် ထွားကြီး ပြိုင်ဖြိုင်စီးချေး အပုပ်ဌေးသော ဤသဘောသည်....

(၉) ယိုဟူသည်ကား....တင့်တယ်ဘိခြင်း တခဲတွင်း၌ သွင်း ခိုက်မြိန်စွာ တည့်၍ ကြာသော် ရှုံ့ကာ လိုက်ဖို့ ကိုးပေါက်စိုလျက် စိမ့်ယိုထွက်သော ဤသဘောသည်....

(၁၀) ပေ ဟူသည်ကား....စားမည် လက်လှမ်း နှုတ်ခမ်း ကပ်ပေ စားပြီးချေသော် သွေး လေပင့်မြောက် ထက်အောက်မရွေး သွားညစ်ကြေးနှင့် သလိပ် ချေးဆိုး ထမင်းအိုးဝေ ကိုယ်လုံးပေသော ဤသဘောသည်.... အဟောငတော ဘော ပဋိကူလော အာဟာရော။

ဤသည့်အစာ ကျိုးရှာစုပေါင်း စားရကြောင်းကား အိမ်ဟောင်းကျားကန် ဝင်ရိုးတံ နယ်ဆီထိုး သဘောမျိုးမျှ ဤရူပကာယ တည်ရှိပါသော မျှတရှင့်ပါသော ဤအစာကို ငါစားပါ၏။ ခရီးရှည်သွား ရိက္ခာပါး၍ သားသေအသား စားရသည်နှယ် ကမ်းတဘက်ရောက် လွယ်အောင် လှေဖောင်စီးပမာ ဝဋ္ဋဒုက္ခမှ ထွက် ဖိုလ်မဂ်ရလို၍သာ ဤအစာကို ငါစားပါ၏။

အစာနှင့်လည်းချောင်း ဆစ်ခေါင်းအတွင်း အမြိုက်သွင်း ပမာ အချင်းချင်းမသိရှာတဲ့ ငါစားသည်ဟူ ပညတ်ကူသည် စားသူငါကား မရှိလေစွတကား။

အာဟာရေပဋိကူလ သညာပြီး၏။

---

## စတုဓာတုဝဝတ္ထာန်

လမ်းလေ ခွ၌+နွားသတ်၍ လေးဘက်ခွဲလီး အသားစုပုံ ပြီးသောအခါ + နွားသညာပျောက် – အမဲသားသညာ နေကဲ

အကဲ့သို့ .... ဈေးဆိုင် ရပ် သွား လေးပါး ကုရိယာဥ်+ ခန္ဓာကိုယ် ဓာတ်လေးပါး ခွဲပြီးသောအခါ+ပုဂ္ဂိုလ် သတ္တဝါ သညာမထင်-ဓာတ်အစုသညာထင်လျှင် ဥပစာရစျာန် ရသည် မည်၏။ ဥာဏ်ထက်သူ- အကျဉ်း၊ ဥာဏ်မထက်သူ- အကျယ် ပွားရသည်။

ဤကိုယ်၌.... ခိုင်မာသော လက္ခဏာ ကြမ်းတမ်းသောခြင်းရာ သည် ပထဝီ-မြေဓာတ်။ ယိုတွဲ အိခွဲ သော လက္ခဏာ စေးပွဲသောခြင်းရာသည် အာပေါ-ရေဓာတ်။ ခိုးရှိန် ပူသော လက္ခဏာ ရင့်ကျက်သော ခြင်းရာသည် တေဇော- မီးဓာတ်။ တွန်းငင်ထောက်ပံ့သော လက္ခဏာ လှုပ်ရှားသော ခြင်းရာသည် ဝါယော-လေဓာတ်။

အယံကာယော၊ ဤကိုယ်သည်။ အစေတနော၊ စိတ်မရှိ။ အဗျာကတော ပုဂ္ဂိုလ်သတ္တဝါဟု မဆိုအပ်။ သုညော၊ ပုဂ္ဂိုလ် သတ္တဝါမှဆိတ်၏။ နိဿတ္တော၊ သတ္တဝါအသက်မဟုတ်။ ဓာတု ယေဝ၊ ဓာတ်အစုသာဖြစ်၏။ ဓာတ်အစု၊ ဓာတ်အစု။

[ဤသို့ပွားခြင်းဖြင့် ဓာတ်အစုသညာထင်လျှင် ဥပစာရစျာန်ရ၏။]

ရှင်သာရိပုတြာနည်းကား... တိုင်၊နွယ်၊မြေညက်၊သက်ကယ်- လေး မျိုး ခွဲ၍ ကောင်း ကင် သည်ပင် အိမ်မည်၏။ အရိုး၊အကြော၊အသား၊အရေ-လေးထွေ စွဲ၍လည်း ကောင်းကင်သည်ပင် ကိုယ်ကောင်မည်၏။ ပုဂ္ဂိုလ် သတ္တဝါမရှိ။ အရိုး၊ အကြော၊အသား၊ အရေ၊အရေ၊ အသား၊ အကြော၊အရိုး-လေးမျိုးသာ ရှိ၏။

အယံကာယော အစေတနော အဗျာကတော သုညော နိဿတ္တော ဓာတုယောဝ။

ဤတွင် ဥာဏ်ထက်သူအတွက် အကျဉ်းပြီး၏။

ဥာဏ်မထက်သူ အတွက်ကား- သသမ္ဘာရ- ကျဉ်း၊ ကျယ်။ သလက္ခဏ၊ ကျဉ်း-ကျယ်လေးနည်းပွားရသည်။

ဤကိုယ်၌....ဆံပင်ပထဝီ၊ မွေးညှင်းပထဝီ။ လ....။ဦးနှောက်ပထဝီ။ သည်းခြေအာပေါ်။သလိပ်အာပေါ်။....
လ....။ကျင်ငယ်အာပေါ်။

သန္တပနတေဇော— ရက်ချိန်ဖျားခြင်းစသည်ဖြင့် နွေးနွေးပူသော အပူပျက်-တေဇော၊ ဇီရဏတေဇော- အိုမင်းခြင်းကိုဖြစ်စေသောကိုယ်ငွေ့-တေဇော။ ဒဟတေဇော- ပြင်းစွာပူလောင်သောအပူပျက်- တေဇော။ ပါစကတေဇော- အစာကျေစေသောဝမ်းမီး—တေဇော။

ဥဒ္ဒင်္ဂမဝါယော-အထက်သို့ဆန်သောလေ-ဝါယော။အဓောဂမဝါယော— အောက်သို့စုန်သောလေ-ဝါယော။ ကုစ္ဆိသယဝါယော—ဝမ်းခေါင်း၌တည်သောလေ-ဝါယော။ကောဋ္ဌာသယဝါယော—အူ၌တည်သောလေ—ဝါယော။ အင်္ဂမင်္ဂါနုသာရိဝါယော—အင်္ဂါကြီးငယ်သို့လျှောက်သောလေ-ဝါယော။အဿာသပဿာသဝါယော-ထွက်သက် ဝင်သက်လေ—ဝါယော။ ။
ဤကား-သသမ္ဘာရ အကျဉ်းတည်း။

ဣမသ္မိံ သရီရေ ကေသာ နာမ....ပါဋိယေက္ကော ကောဋ္ဌာသော၊ အစေတနော၊ အဗျာကတော၊ သုညော၊ နိဿတ္တော၊ ထဒ္ဓေါ၊ ပထဝီဓာတု။

လောမာ နာမ....လ....။ မတ္ထလုင်္ဂံ နာမ.... ပါဋိယေက္ကော.... (ဆက်ဆိုနိုင်စေ)

ပိတ္တံ နာမ ပါဋိယေက္ကော ကောလာသော၊ အစေတနော၊ အဗျာကတော၊ သုညော၊ နိဿတ္တော၊ ယူသဘူတော၊ အာဗန္ဓနာကာရော၊ အာပေါဓာတု။

သေမှံ နာမ—လ....။ မုတ္တံ နာမ (မေဒေါ၌ ထူး၏။)

မေဒေါ နာမ ပါဋိယေက္ကော လ ။နိဿတ္တော၊ ပတ္ထိန္နယူသဘူတော၊ အာဗန္ဓနာကာရော၊ အာပေါဓာတု။(ဤမေဒေါတခု၌သာ ပတ္ထိန္န—ဟု ထူးသည်။

သန္တပ္ပနတေဇော နာမ ပါဋိယေက္ကော ကောဋ္ဌာသော၊ အစေတနော၊ အဗျာကတော၊ သုညော၊ နိဿတ္တော၊ ပရိပါစနာကာရော၊ တေဇောဓာတု။

ဇီရဏတေဇော နာမ—လ—။ ပါစကတေဇော နာမ—။

ဥဒ္ဓင်္ဂမဝါယော နာမ ပါဋိယေက္ကော ကောဋ္ဌာသော၊ အစေတနော၊ အဗျာကတော၊ သုညော၊ နိဿတ္တော၊ ဝိတ္ထမ္ဘနာကာရော၊ ဝါယောဓာတု။

အဓောဂမ ။ လ ။ အဿာသ ပဿာသဝါယော နာမ ။

ဤကား—သသမ္ဘာရအကျယ်တည်း။

တနည်း။ ပထဝီ ၂၀-၌ ငါးခုစီ-လေးပုဒ်။ အာပေါ ၁၂-၌ ၅-ခု၊ တခု၊ ၆-ခုအားဖြင့်သုံးပုဒ်။ တေဇော ၄-၌နှစ်ခုစီ- နှစ်ပုဒ်၊ ဝါယော ၆-၌ သုံးခုစီနှစ်ပုဒ်။ ဤသို့ ၁၁-ပုဒ်ခွဲ၍ဆို။

ဤကား-သသမ္ဘာရအကျယ်တည်း။

ဤကိုယ်၌- ဆံပင်စသော ၂၀-၌မှာ ပထဝီ၊ ဖွဲ့-အာပေါ၊ ရင့်-တေဇော၊ ထောက်- ဝါယော။ ။သည်းခြေစသော ၁၂-ပါး၌ဖွဲ့-အာပေါ၊ ရင့်-တေဇော၊ ထောက်-ဝါယော။ မှာ-ပထဝီ။ ။သန္တပ္ပနတေဇောစသော လေးပါး၌၊ ရင့်တေဇော၊ ထောက်-ဝါယော၊ မှာ-ပထဝီ၊ ဖွဲ့- အာပေါ။ ဥဒ္ဓင်္ဂမဝါယော စသောခြောက်ပါး၌ ထောက်-ဝါယော၊ မှာ-ပထဝီ၊ ဖွဲ့-အာပေါ၊ ရင့်တေဇော။ ။လေးဆဲ့နှစ်ကောဋ္ဌာသလုံး ဓာတ်လေးပါးစီသာတည်း။

ဤကား-သလက္ခဏ အကျဉ်းတည်း။

ဣမသ္မိံ သရီရေ ကေသာနာမ ပါဋိယေက္ကော ကောဋ္ဌာသော၊ အစေတနော၊ အဗျာကတော၊ သုညော၊ နိဿတ္တော၊ ဧတုဓာ တုယေဝ။

လောမာနာမ-လ-။ အဿာသပဿာသဝါယောနာမ-

ဤကား-သလက္ခဏအကျယ်တည်း။

တနည်း၊ ပထဝီ၌ ငါးစီလေးပုဒ်။ အာပေါ၌ ၆- စီနှစ်ပုဒ်။ တေဇော၌ ၂-စီနှစ်ပုဒ်။ ဝါယော၌ ၃-စီနှစ်ပုဒ်။ ဤသို့ဆယ်ပုဒ်ခွဲ၍ဆို။

ဤကားသလက္ခဏအကျယ်တည်း။

တနည်းကား—အနက်၊ ကလာပ် ( ၂ ) မှုန့်ဓာတ်၊ လက္ခဏာ ( ၂ ) မှဋ္ဌာ၊ ထူး၊ ကွဲ (၃) သဘောလွဲခဲ့ (၁) သက်မဲ့တကြောင်း (၁) ဋ္ဌာန် ပေါင်း ပစ္စည်း ( ၂ ) မသိနည်းနှင့် (၁) ပစ္စည်းဝေဘန် (၁) ဆဲ့သုံး တန်–ခွဲရန် ဓာတ်လေးခု။

(၁) အနက်ဟူသည်ကား အထူးအားဖြင့် ကြီးပြန့်သော ကြောင့် ပထဝီ၊ တည်ရာဖြစ် သောကြောင့် ပထဝီ။ ။ယိုစီးတတ်သောကြောင့်အာပေါ၊ ခန်း ခြောက်တတ်သောကြောင့် အာပေါ၊ တိုးပွားအောင် ပြုသော ကြောင့် အာပေါ၊ သောက်အပ်သောကြောင့် အာပေါ။ ။ ထက်အောင်သန်အောင်ပြုသောကြောင့် တေဇော။ ။လှုပ် အောင်ရွေ့အောင်ပြုသောကြောင့် ဝါယော။

အထူးမရှိခြင်းအားဖြင့် မိမိလက္ခဏာကို မိမိဆောင်တတ် သောကြောင်ဓာတ်။ ဝဋ္ဋဒုက္ခ ရှာယူ တတ်သောကြောင့်ဓာတ်၊ ဝဋ္ဋဒုက္ခ၏တည်ရာဖြစ်သောကြောင့်ဓာတ်။ အလိုလိုက်အောင်ပြု၍ မရသောကြောင့်ဓာတ်။ ထိုကြောင့် ပုဂ္ဂိုလ်သတ္တဝါထင်စရာ မရှိ၊ ဓာတ်အစု၊ ဓာတ်အစု။

(၂) ကလာပ်ဟူသည်ကား ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော။ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ–ဤသို့ရုပ်ရှစ်ပါး 'စသည်' ပေါင်းစုခြင်းသည် ကလာပ် မည်၏။ ရုပ်ရှစ်ပါးပေါင်း၊ စုခြင်းကြောင့်ဆံပင်၊ မွေးညှင်း-စသော အမည်ဖြစ်လာ၏။

ဆံပင်ဟူသည် ရုပ်ရှစ်ပါးအပေါင်းသာဖြစ်၏။ ရုပ်ရှစ်ပါးခွဲရှာလျှင်ဆံပင်မရှိ။ လ ။(ငါးခုလေးပုဒ်။မြောက်ခုနှစ်ပုဒ်အားဖြင့်သော်လည်း ဆိုအပ်၏၊)

ကျင်ငယ်ဟူသည် ရုပ်ရှစ်ပါးအပေါင်းသာဖြစ်၏၊ ရုပ်ရှစ်ပါးခွဲရှာလျှင် ကျင်ငယ်မရှိ။ ။(ကျင်ငယ်အထိသာပြသည်။)

ဤကိုယ်၌ကလာပ်စီး ၁၇၃-မျိုး၊ ရုပ် ၁၅၀၀ကျော် ပေါင်းစု၏။အထူးရှေ့တွက်လျှင်ကလာပ်စည်းများစွာ၊ ရုပ်များစွာမရေတွက်နိုင်အောင်ပေါင်းစု၏။ ထို့ကြောင့် ပုဂ္ဂိုလ်သတ္တဝါ ထင်စရာမရှိ၊ ဓာတ်အစု၊ဓာတ်အစု။

[ဆံပင် စသည်၌ ဓာတ်လေးပါးစီ အညီ ရှိသော်လည်း လွန်ကဲသော ဓာတ်အစွမ်းဖြင့်သာ ပထဝီ ၂၀။ အပေါ ၁၂။တေဇော ၄။ ဝါယော ၆—ဟု ရေတွက်ရသည်။

ကလာပ်စည်း ၁၇၃-မျိုးကား— ပါစကတေဇောသည် ကမ္မဇတခု—ကလာပ်တစည်း (၁) အဿာသ ပဿာသ ဝါယောသည်စိတ္တဇတခု—ကလာပ်တစည်း (၁) အစာသစ်၊ အစာဟောင်း၊ ပြည်၊ ကျင်ငယ်သည် ဥတုဇလေးခု—ကလာပ်တစည်းစီ (၄) မျက်ရည်၊ တံတွေး၊ နှပ်၊ ချွေးသည်စိတ္တ။ ဥတု-ဒွိဇလေးခု၊ ကလာပ်နှစ်စည်းစီ( ၈ )ကြွင်း ၃၂-သည် စတုဇ ၃၂—ခုဖြစ်၏။ ထိုတွင် တေဇောသုံးခု ဝါယောငါးခု၌ တိဇကလာပ်သုံးခုသည် ဇီဝိတနဝကနှင့် ကလာပ်လေးစည်းစီ (၃၂)ပထဝီ-၁၈၊ အာပေါ—၆ ခုတို့၌ကာယ၊ ဘာဝနှင့်ငါးစည်းစီ (၁၂၀)။

ပဒေသဝုတ္တိအားဖြင့် စက္ခု သောတ၊ ဃာန၊ ဇိဝှါ၊ ဝတ္ထုရုပ် ကမ္မဇငါးစည်း (၅) သဒ္ဒနဝကာဠ်စိတ္တဇ၊ ဥတုဇ-နှစ်စည်း (၂) ဤသို့ ၁၇၃ မျိုး ပေါင်းစုံ၏။ ဝိညပ်လဟုတာ-စသော အနိပ္ဖန္နနှင့် ရုပ်ကလာပ်တို့လည်း ပေါင်းစုကုန်သေး၏။ ။ကလာပ်ကာခွဲ ရုပ်ရှစ်ခု၊ အချို့ ကိုးခု၊ အချို့ဆယ်ခုရှိသောကြောင့် ရုပ် ၁၅၀၀-ကျော်ဟု သာမာန် ဆိုသည်။]

(၃) မှန်ဓာတ်ဟူသည်ကား....ကညစ်စသည် လိက္ခာမြူ မည်၏၊ လိက္ခာမြူ ၃၆-စိတ် တစိတ်သည် ရထရေဏု-လှည်းလမ်းမြူ။ ရထရေဏု ၃၆-စိတ် တစိတ်သည် တဇ္ဇာရီ-ကောင်းကင်လှုင့်မြူ။ တဇ္ဇာရီ ၃၆-စိတ် တစိတ်သည် အဏုမြူ-နေရောင်ပေါက်၌ မြင်ရသည်။ အဏုမြူ ၃၆-စိတ် တစိတ်သည် ပရမာဏုမြူ-ပကတိ မျက်စိဖြင့်မမြင်ရ။ ။ ဤ ပရမာဏုမြူတမှုန်၌ ရှေးနောက်စဉ်မပြတ် ရုပ်ကလာပ် ၅ဝ-ခန့်၊ ရုပ် ၄ဝဝ-ကျော်ခန့် ပေါင်းစု၏။

ရုပ် ၄ဝဝ-ကျော် တမှုန်ဖြစ်သော ပထဝီမှုန့်၊ အာပေါမှုန့်၊ တေဇောမှုန့်၊ ဝါယောမှုန့် တို့သည် မမြင်ရသော်လည်း မြေ၊ ကောင်းကင်-အရပ်ရပ် ကွာလပ်မရှိ နှံ့၍ တည်ကုန်၏။

[နှံ့၍တည်ပုံကား- ရေဗူး၌ ရေသွင်းသော အခါ ရေမှုန့် ဝင်သလောက် လေမှုန့်ထွက်၏။ လေမှုန့် ထွက်သလောက် ရေမှုန့်ဝင်၏။ ရေမဝင်လျှင် လေမထွက်။ လေမထွက်လျှင် ရေမဝင်။ ရေသွန်သောအခါ ရေမှုန့် ထွက်သလောက် လေမှုန့်ဝင်၏။ လေမှုန့် ဝင်သလောက်

ရေမှုန့်ထွက်၏။ ရေမထွက်လျှင် လေမဝင်။ လေမဝင်လျှင် ရေမထွက်။ ]

ဤကိုယ်၌ ပထဝီမှုန့် တစိတ်သားခန့်၊ အာပေါမှုန့် တပြည်သားခန့်–ရှိ၏။ တေဇောမှုန့်၊ ဝါယောမှုန့်ကား–လဟုဘာရပ်ဖြစ်၍ ပမာဏ မခန့်နိုင်။

ပထဝီမှုန့် တစိတ်သားသည် အာပေါမှုန့် ပေါင်းစုပေးခြင်း၊ တေဇောမှုန့် စောင့်ရှောက်ပေးခြင်း၊ ဝါယောမှုန့်ထောက်ပံ့ပေးခြင်း–အကူအညီရ၍ မလှုပ်တဲ့ ယောကျ်ား မိန်းမဟု ကြံစည်စရာ နှ ကြွမ်း ရှည် တို ပုံဟန်ကိုပြသည်။

အာပေါမှုန့် နှစ်ပြည်သားသည် ပထဝီမှုန့်၌ တည်ခြင်း၊ တေဇောမှုန့် စောင့်ရှောက်ပေးခြင်း၊ ဝါယောမှုန့် ထောက်ပံ့ပေးခြင်း–အကူအညီ ရ၍ မယိုတဲ့ ပြည့်ဖြိုးခြင်း၊ ပွားစီးခြင်းကို ပြသည်။

တေဇောမှုန့်သည် ပထဝီမှုန့်၌တည်ခြင်း၊ အာပေါမှုန့်ပေါင်းစုပေးခြင်း၊ ဝါယောမှုန့်ထောက်ပံ့ပေးခြင်း– အကူအညီ ရ၍ ဤကိုယ်ကို ရင့်စေ၏။ အရွယ်အဆင်းကိုဆောင်၏။ မပုပ် မသိုးခြင်းကို ပြ၏။

ဝါယောမှုန့်သည် ပထဝီမှုန့်၌တည်ခြင်း၊ အာပေါမှုန့်ပေါင်းစုပေးခြင်း၊ တေဇောမှုန့် စောင့်ရှောက်ပေးခြင်း–အကူအညီ ရ၍ ဤကိုယ်ကို တောင့်တင်းစေ၏။ ဖြောင့်ဖြောင့်တည်စေ၏။ ဝါယောမှုန့် အဆက်ဆက်ဖြင့်ဣရိယာပုတ်ကိုပြ၏။ ဝိညပ်ကိုပြ၏။

ရုပ်ခုတ်မှုန့်အပေါင်းသည် အထီး အမ အသွင်အားဖြင့် အထင်မှားအောင့် လှည့်စား၏။ မျက်လှည့်ရုပ်၊ စက်ကြိုးရုပ်နှင့်

တူသော ဓာတ်မှုန့်အရုပ်ဖြစ်၏။.... ထိုကြောင့် ပုဂ္ဂိုလ်သတ္တဝါ ထင်စရာမရှိ။ ဓာတ်အစု၊ဓာတ်အစု။

(၄) လက္ခဏာဟူသည်ကား....ပထဝီသည် ကြမ်းတမ်းခြင်း လက္ခဏာ၊ တည်ရာကိစ္စ၊ သက်ခံခြင်းဖြင့်ထင်ရှား၏။ အာပေါသည် ယိုစီးခြင်း လက္ခဏာ၊ တိုးပွားစေခြင်းကိစ္စ၊ ပေါင်းစုံခြင်းဖြင့် ထင်ရှား၏။ တေဇောသည် ပူခြင်းလက္ခဏာ၊ ရင့်ကျက်စေခြင်းကိစ္စ၊ နူးညံ့စေခြင်းဖြင့် ထင်ရှား၏။ ဝါယောသည် ထောက်ပံ့ခြင်း လက္ခဏာ၊ ရွေ့စေခြင်းကိစ္စ၊ ရွေးရှူဆောင်ခြင်းဖြင့်ထင်ရှား၏။–ထိုကြောင့် ပုဂ္ဂိုလ်သတ္တဝါ–

(ဆက်ဆိုနိုင်စေ။)

(၅) မဟာဟူသည်ကား–အစာသစ်၊ အစာဟောင်း၊ ပြည်၊ ကျင်ငယ်– လေးခုသည် ဥတုကြောင့် ဖြစ်၏။ ။မျက်ရည်၊တံတွေး၊ နှင်းနှင့်၊ ချွေး–လေးခုသည် စိတ်၊ ဥတု နှစ်ပါးကြောင့် ဖြစ်၏။ ။ပါစက တေဇောသည် ကံကြောင့်ဖြစ်၏။ ထွက်သက်ဝင်သက်သည် စိတ်ကြောင့် ဖြစ်၏။ ။ကြွင်း ။၃၂-ခုသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးပါးကြောင့်ဖြစ်၏။ ထိုကြောင့် ပုဂ္ဂိုလ်သတ္တဝါ....

(ကြွင်း ၃၂–ကား ပထဝီ-၁၉။ အာပေါ–၆။ တေဇော–၃။ ဝါယော–၅....တွေ့အောင် ရှာနိုင်ရမည်။)

(၆) ထူးဟူသည်ကား ဓာတ်လေးပါးသည် လက္ခဏာရသ စသည်ဖြင့် ထူး၏။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ–အကြောင်းဖြင့် ထူး၏။ ရုပ်ဖြစ်ခြင်း

မထူး။ မဟာဘုတ်ဖြစ်ခြင်း မထူး။ ခါတ်ဖြစ်ခြင်းမထူး။ ဓမ္မဖြစ်ခြင်းမထူး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ခြင်းမထူး။ ထို့ကြောင့်—

မဟာ ဘုတ် ဖြစ်ခြင်း၌ တောကြီး၊ တောင်ကြီး၊ ငါး လိပ်ကြီး စသည်ဖြင့် အကြီးအကျယ် ဖြစ်သောကြောင့် မဟာဘုတ်မည်၏။

(၁) အဆင်း အနံ့ မရှိဘဲ အဆင်း အနံ့ဖြင့် လှည့်စား မျက်လှည့်သမားနှင့်တူသောကြောင့်ငင်း၊ ရုပ်ဓာတ်လေးခု တခုအတွင်း တခုမဝင် အပြင်၌လည်း မတည် မမှီသည်လည်း မဟုတ်၊ အံ့စရာအထူး ဘီလူးပူးသည်နှင့် တူသောကြောင့်ငင်း၊ နှစ်သက်ဘွယ်ရာ ဖနိဆင်းကာပြ ဘီလူးမနှင့် တူသောကြောင့် ငင်း မဟာဘုတ်မည်၏ (၂)။ နေ့စဉ် စောင့်ရှောက် ပြုပြင်ရသောကြောင့် မဟာဘုတ်မည်၏ (၃)။ ကြီးကျယ်စွာ ပျက်စီးတတ်သောကြောင့် မဟာဘုတ်မည်၏ (၄)။ လုံ့လ ကြီးစွာ ဉာဏ်ကြီးစွာဖြင့် သိမ်းဆည်းမှ သိရသောကြောင့် မဟာဘုတ်မည်၏။ (၅)။ (ငါးနက်။)

ကြီးကျယ်စွာ ပျက်စီးခြင်း၌ ကမ္ဘာကြီး မီးဖျက်သောအခါ၊ စကြာဝဠာ ကုဋေတသိန်း ပဌမဈာန်သုံးဘုံထိ လောင်ကျွမ်း၏။ ရေဖျက်သောအခါ ဒုတိယဈာန် သုံးဘုံထိ ကြေမွ၏။ လေဖျက်သောအခါ တတိယဈာန် သုံးဘုံထိ လွင့်ပျောက်၏။

သက်ရှိ၌ လည်း ပထဝီ ပျက်လျှင် ကဋ္ဌမုခ မြွေကိုက်သကဲ့သို့ တောင့်တင်း၏။ ပထဝီ နှံ့သော ဤကိုယ်သည် ကဋ္ဌမုခ မြွေ၏ခံတွင်း၌ နေရသည်နှင့်တူ၏။

အာပေါ ပျက်လျှင် ပူတိမုခ မြွေကိုက် သကဲ့သို့ ပုပ်ပွ၏။ အာပေါနှံ့သော ဤကိုယ်သည် ပူတိမုခမြွေ၏ ခံတွင်းပိုင်း၌နေရသည်နှင့်တူ၏။

တေဇောပျက်လျှင် အဂ္ဂိမုခ မြွေကိုက်သကဲ့သို့ ပူလောင်၏။ တေဇောနှံ့သော ဤကိုယ်သည် အဂ္ဂိမုခမြွေ၏ ခံတွင်း၌ နေရသည်နှင့်တူ၏။

ဝါယော ပျက်လျှင် သတ္ထမုခ မြွေကိုက်သကဲ့သို့ ပေါက်ကွဲ၏၊ ကြေလွင့်၏။ ဝါယောနှံ့သော ဤကိုယ်သည် သတ္ထမုခ မြွေ၏ခံတွင်း၌ နေရသည်နှင့်တူ၏။ ထို့ကြောင့်—

(၇) ကွဲသည်ကား.... ဓာတ်လေးပါးသည် အတူဖြစ်၏။ ကလာပ်တိုင်း၌ ပဒေသ မကွဲဘဲ လျက် လက္ခဏာကား ကွဲ၏။ ထို့ကြောင့်—

(၈) သဘောလွဲခဲ့ဟူသည်ကား— ပထဝီသည် အာပေါ နှင့် ဂရုက ရုပ် အဖြစ်ဖြင့် သဘောတူ၏။ တေဇောသည် ဝါယော နှင့် လဟုကရုပ် အဖြစ်ဖြင့် သဘောတူ၏။ ပထဝီ၊ အာပေါသည် တေဇော ဝါယောနှင့် သဘောမတူ။ ထို့ကြောင့်—

(၉) သက်မဲ့တကြောင်းဟူသည်ကား— အဇ္ဈတ္တိက ဓာတ်လေး ပါး သည် ဝိညာဏ်၏ တည်ရာဖြစ်၏။ ဗာဟိရ ဓာတ်လေးပါးသည် ဝိညာဏ်၏တည်ရာမဖြစ်။ အဇ္ဈတ္တိကဓာတ်လေးပါးသည် ဝိညပ် ဣန္ဒြေတို့၏ မှီရာဖြစ်၏။ ဗာဟိရ ဓာတ်လေးပါးသည် ဝိညပ်

ဝူနွေ့တို့၏ မှီရာမဖြစ်။ အဇ္ဈတ္တိက ဓာတ်လေးပါးသည် ဣရိယာပုထ်ရှိ၏။ ဗာဟိရ ဓာတ်လေးပါးသည် ဣရိယာပုထ်မရှိ။ အဇ္ဈတ္တိက ဓာတ်လေးပါးသည်အကြောင်းလေးပါးကြောင့်ဖြစ်၏။ ဗာဟိရဓာတ်လေးပါးသည်ဥတုကြောင့်ဖြစ်၏၊ ထို့ကြောင့်—

(၁၀) ဌာန်ပေါင်းဟူသည်ကား ကမ္မဇပထဝီသည်၊ ကမ္မဇ အာပေါသည်၊ ကမ္မဇ တေဇောသည်၊ ကမ္မဇ ဝါယောသည် - ကမ္မဇ ရုပ်တို့ဖြင့်ဖြစ်ကြောင်းတူ၏၊ တပေါင်းတည်းဖြစ်၏။ ကမ္မဇ ဓာတ်လေးပါးသည် ကမ္မဇရုပ်တို့ဖြင့်ဖြစ်ကြောင်းတူ၏။ တပေါင်းတည်းဖြစ်၏။ စိတ္တဇဓာတ်လေးပါးသည် စိတ္တရုပ်တို့နှင့် ။ ဥတုဇဓာတ်လေးပါးသည်ဥတုဇရုပ်တို့နှင့် ။ အာဟာရဇဓာတ်လေးပါးသည်အာဟာရဇရုပ်တို့နှင့် ဖြစ်ကြောင်းတူ၏၊ တပေါင်းတည်း ဖြစ်၏။ ထို့ကြောင့်—။

(၁၁) ပစ္စည်းဟူသည်ကား ပထဝီသည် အာပေါ၏ပေါင်းစုခြင်းခံ၍၊ တေဇော၏ စောင့်ရှောက်ခြင်းခံ၍၊ ဝါယော၏ထောက်ပံ့ခြင်းခံ၍- ထိုဓာတ်သုံးပါးအား တည်ရာအဖြစ်ဖြင့်ကျေးဇူးပြု၏။

အာပေါသည် ပထဝီ၌တည်၍၊ တေဇော၏စောင့်ရှောက်ခြင်းခံ၍၊ ဝါယော၏ထောက်ပံ့ခြင်းခံ၍-ထိုဓာတ်သုံးပါးအား ဖွဲ့ခြင်းဖြင့် ကျေးဇူးပြု၏။

တေဇောသည်ပထဝီ၌တည်၍၊ အာပေါ၏ပေါင်းစုခြင်းခံ၍ ဝါယော၏ထောက်ပံ့ခြင်းခံ၍-ထိုဓာတ်သုံးပါးအား ရင့်စေခြင်းဖြင့် ကျေးဇူးပြု၏။

ဝါယောသည်ပထဝီ၌တည်၍-ထိုဓာတ်သုံးပါးအားထောက်ပံ့ခြင်းဖြင့် ကျေးဇူးပြု၏။ ထို့ကြောင့် ။

(၁၂) မသိနည်းဟူသည်ကား ပထဝီသည် ငါပထဝီဟု မသိ၊ ဓာတ်သုံးပါးအား ငါကျေးဇူးပြုသည်ဟု မသိ၊ ဓာတ်သုံးပါးကလည်း ငါတို့အား ပထဝီကျေးဇူးပြုသည်ဟုမသိ။

အာပေါသည် ။တေဇောသည် ။ဝါယောသည် ထိုအတူ မိမိသဘော မိမိအသိ။ ကျေးဇူးပြုမှုမသိ။ အချင်းချင်းမသိ။ ထိုကြောင့် ။

(၁၃) ပစ္စည်းဝေဘန်ဟူသည်ကား ကံသည် ကမ္မဇရုပ်အား ဇနကသတ္တိဖြင့် ကျေးဇူးပြု၏၊ တိဇရုပ်အား ပရိယာယ် သုတ္တန်နည်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ကမ္မဇဓာတ်လေးပါးသည် အချင်းချင်း သဟဇာတစသည်ဖြင့် ကျေးဇူးပြု၏။ ဝါ၊တည်ရာဖြစ်မှု၊ ပေါင်းစုစေခြင်း၊ ရှောက်ကဲ၊ ထောက်ပံ့ခြင်းဖြင့်အသီးသီးကျေးဇူးပြု၏။ တိဇဓာတ်လေးပါးအားနိဿယစသည်ဖြင့် ကျေးဇူးပြု၏၊

စိတ်သည် စိတ္တဇရုပ်အား....။ ဥတုသည် ဥတုဇရုပ်အား...။ အာဟာရသည် အာဟာရဇရုပ်အား ထိုအတူ ကျေးဇူးပြု၏၊

(ပဋ္ဌာန် ဇာတ၌ဇနကမရှ။ ကြွင်း ၂၃-ပစ္စည်း၌ ဇနကရှိ၏)

ကလာပ်တူဖြစ်အံ့—ဓာတ်တပါးသည် သုံးပါးအား၊ သုံးပါးသည်တပါးအား၊ နှစ်ပါးသည်နှစ်ပါးအား သဟဇာတ စသည်ဖြင့် ကျေးဇူးပြု၏၊

ခြေတလှမ်းတလှမ်း၌၊ ကြွ၊ ဆောင်၊ လွှဲ၊ ချ၊ ထား၊ နှိပ်-ခြေခက် ချက်တို့တွင် ခြေကြွသောအခါ ဝါယောကူညီသော တေဇော သည်ကျေးဇူးပြု၏။

ရှေ့သို့ဆောင်သောအခါ လွှဲ၍ဆောင်သောအခါ တေဇော ကူညီသော ဝါယောသည်ကျေးဇူးပြု၏။

ခြေချသောအခါ ပထဝီကူညီသော အာပေါသည် ကျေးဇူး ပြု၏။

ခြေထားသောအခါအာပေါကူညီသော ပထဝီသည်ကျေးဇူး ပြု၏။

ခြေတဘက်လှမ်းလို၍ခြေတဘက်နှိပ်သောအခါ ပထဝီသည် ကျေးဇူးပြု၏။....ထို့ကြောင့် ပုဂ္ဂိုလ်သတ္တဝါဟု ထင်စရာမရှိ၊ ဓာတ်အစု၊ ဓာတ်အစုံ။

ဤကား-ဓာတုမနသိကာရ ဝိပဿနာ တည်း။ ဓာတုမနသိကာရ ဝိပဿနာပြီးတည်း။

## အာရုပ္ပလေးပါး

အာကာသကြဉ်သော ကသိုဏ်းကိုးပါး တပါးပါး၌ ပဥ္စမ ဈာန်ရပြီးသောသူသည် ရုပ်ကြောင့် ဒုက္ခများသည်ဟု ရုပ်အပြစ်မြင်ရသည်။ ကသိုဏ်းပဋိဘာဂနိမိတ် ကိုပင် ရုပ်နှင့်ဆင်သည်ဟု အပြစ်မြင်ရသည်၊ ငါရသော ပဥ္စမ ဈာန်သည်သာမာဝိ နည်းသော-သောမနဿရန်သူနှင့် နီး၏၊ ရုပ် ရင်း၏ဟုတွယ်တာခြင်းကင်းစေရသည်။ အာကာသဈာန်ကား ငြိမ် သက်၏၊ အဆုံးအနန္တမရှိ၊ ကြားပြတ်အနန္တမရှိ၊ ဥပါဒ်၊ ဌီ၊ ဘင်—အနန္တ မရှိ၊ အနန္တဖြစ်၏ဟု နှလုံးပြုရသည်။

ထိုနောက်.... ကသိုဏ်းပဋိဘာဂနိမိတ်ကို လိုသမျှချဲ့၍ ထိုနိမိတ်ကိုအာရုံမပြုဘဲထိုနိမိတ် နှံ့တည်ရာ ကောင်းကင်ကိုသာ 'အာကာသော၊ အာကာသော၊ အနန္တော အာကာသော' ဟုနှလုံးသွင်းရသည်။ ထိုအခါပဋိဘာဂနိမိတ်သည် လွင့်ကွာသွား၏၊ နိမိတ်လွင့်ကွာရာ ကောင်းကင် ပညတ်ကိုသာ အာကာသော။အာကာသော၊ အနန္တော အာကာသောဟု ပွားလျှင် အာကာစျာန်ရ၏။

အာကာစျာန်ရပြီးနောက် ဝိညာဉ်စျာန်ရလိုသောအခါအဆုံးမရှိသော ကောင်းကင်ကို အာရုံမပြုဘဲ ထိုကောင်းကင်ကိုအာရုံပြုသော အာကာစျာန်စိတ်ကိုသာ အနန္တံ ဝိညာဏံ ဟုပွားလျှင် ဝိညာဉ်စျာန်ရ၏။

ဝိညာဉ်စျာန်ရပြီးနောက် အာကိဉ်စျာန် ရလိုသောအခါအာကာစျာန်ကို အာရုံမပြုဘဲ ထိုအာကာစျာန်၏မရှိခြင်းတည်းဟူသော အဘာဝနတ္ထိ ဘောပညပ်ကိုသာ—နတ္ထိ၊နတ္ထိ၊ သုညံ သုညံ၊ဝိဝိတ္တံဝိဝိတ္တံဟု ပွားလျှင် အာကိဉ်စျာန်ရ၏။

[နတ္ထိဘော ပညပ်ဟူသည် သံဃာအများ စည်းဝေးသည်ကို မြင်ရပြီးနောက် ခေတ္တထသွားခိုက်တွင် အစည်းအဝေး ရုပ်သိမ်းလိုက်သဖြင့် တဖန် ပြန်ရောက်လာသောအခါ သံဃာတပါးမျှမရှိသည်ကိုမြင်ရသည်နှင့်တူ၏]

အာကိဉ်စျာန်ရပြီးနောက် နေဝသညာစျာန်ရလိုသောအခါ သညာသည် အနာရောဂါနှင့်တူ၏-စသည်ဖြင့် သညာကို၊ဝါ၊ သညာအမျိုးရှိသော စိတ်နာမ်၊

စေတသိက်နာမ်ကို အပြစ်မြင်ရသည်။ ထို့နောက် အာကိဉ္စညာန်သည် နတ္ထိကိုပင်အာရုံပြုနိုင်ပေသည်ဟုချီးမွမ်း၍ နတ္ထိကိုအာရုံမပြုဘဲ အာကိဉ္စညာန်စိတ်ကိုသာ သန္တမေတံ၊ ပဏီတမေတံဟု ချီးမွမ်းကာပွားလျှင် နေဝသညာဉာန်ရ၏။

[နေဝသညာဉာန်သည်လွန်စွာသိမ်မွေ့၏။ အနိစ္စ-စသည်ဖြင့် ဝိပဿနာ ရှု၍မရ။]

အရူပလေးပါးပြီး၏။

သမထလေးဆယ်ပြီး၏။

[ဤ....(အရူပ)....အာရုံ အာရုံပြုခိုက်တွင် ဝိပဿနာဆက်နိုင်ရမည်။]

## ပဋိပဒါ အဘိညာ

သမထအားထုတ်စဉ်.... ရှေးဦးစွာ မျက်စိဖြင့် မြင်ရသော ကသိုဏ်းဝန်း၊ စသည်သည် ပရိကမ္မနိမိတ်မည်၏။ ထိုနောက်မျက်စိဖြင့်မြင်သကဲ့သို့စိတ်၌မြင်ရသော ကသိုဏ်းဝန်း စသည်သည် ဥဂ္ဂဟနိမိတ်မည်၏။ သည်အထိပရမတ်အာရုံနိမိတ်သာ၊ ပရိကမ္မဘာဝနာသာ လူတိုင်း ရနိုင်ရမည်။

ထို့နောက် ဥဂ္ဂဟနိမိတ်ကို ဖောက်ခွဲ၍ ထွက်လာသကဲ့သို့ ထင်သော သန့်ရှင်းသော ကသိုဏ်ဝန်းစသည်သည် ပဋိဘာဂနိမိတ်မည်၏။ ပညတ်အာရုံ ဖြစ်သွားပြီ။ ထိုအခါ ဘာဝနာသည် ဥပစာရ ဘာဝနာမည်၏။ နီဝရဏကွာ၏။ သမာဓိခိုင်မြဲ၏။ ဥပစာရဉာန် ရသည်မည်၏၊ အားထုတ်သူတိုင်းသည်အထိရနိုင်သည်။

ထိုပဋိဘာဂ နိမိတ်၌ ဥပစာရ ဘာဝနာဖြင့် ပဌမဈာန် စသည်ရသောအခါ အပ္ပနာဘာဝနာ ဖြစ်သည် မည်၏။ သံတုံး အပ်ဖြစ်အောင် သွေးသော လုံ့လမျိုးဖြင့် တိဟိတ်ပုဂ္ဂိုလ်များ ရနိုင်သည်။ ပါရမီမဲ့၊ လုံ့လမဲ့သည်။ ရှေးရှေး၌ အားထုတ် ဘူးသူကား မြင်ကာမျှတွင် အလွယ်တကူ ရနိုင်သည်။

ပရိကမ္မနိမိတ်၌ ပရိကမ္မဘာဝနာ။ ဥဂ္ဂဟနိမိတ်၌လည်း ပရိကမ္မဘာဝနာ။

ပဋိဘာဂနိမိတ်၌ ဥပစာရဘာဝနာ။ ပဋိဘာဂနိမိတ်၌ ပင် အပ္ပနာဘာဝနာ။

ကသိုဏ်း၊ အသုဘ၊ အာနာ၊ ကာယာ—၂၂ ပါး၌သာ ဥဂ္ဂဟ၊ ပဋိဘာဂထင်ထင်ရှားရှားထင်သည်။ ကသိုဏ်း၊အာနာ၌ ပဥ္စမဈာန်အထိ အသုဘ၊ ကာယာ၌ ပဌမဈာန်အထိရနိုင်သည်။

ဗြဟ္မဝိဟာရ၊ အာရုပ္ပ — ရှစ်ပါး၌ ပရိယာယ် အားဖြင့် ဥဂ္ဂဟ၊ ပဋိဘာဂထင်သည်၊ မေတ္တာ၊ကရုဏာ၊မုဒိတာ၌ စတုတ္ထ ဈာန်အထိ။ ဥပေက္ခာ၌ ပဥ္စမဈာန်သာ။ အာရုပ္ပလေးခု၌ အာရုပ္ပဈာန် လေးခု တခုစီသာရနိုင်သည်။

အာနာ၊ ကာယာမှ ကြွင်းသော ဗုဒ္ဓါဒိအဌ၊ သညာ၊ ဝဝတ္ထာန်ဆယ်ပါး၌ ပရမတ်အာရုံဖြစ်၍ နက်နဲလှသောကြောင့် ပဋိဘာဂမထင်၊ အပ္ပနာ မရ၊ ဥပစာရ ဈာန်အထိ ရနိုင်သည်။

**ဥပစာရဈာန်မျှရလျှင်** — သမာဓိ ခိုင်မြဲပြီ။ ဝိပဿနာသို့ ဆက်သွယ်လျှင် ပါရမီ ရှိသူ မဂ်ဖိုလ် အပ္ပနာရလွယ်သည်။ ဥပစာရ မရဘဲ ဆက်သွယ်လျှင်

ပါရမီရှိသူ ဖြစ်သော်လည်း ရှေးရှေး၌ အားထုတ်ဘူးမှ ရလွယ်သည်။ အားမထုတ်ဘူးသူ ရခဲသည်။

အစစွာ အားထုတ်သည်မှ စ၍ ဥပစာရစျာန် အထိ သမာဓိသည် ပဋိပဒါမည်၏။ အပ္ပနာရကြောင်း အကျင့်မည်၏။ သမထအားထုတ်ဘူးသူအား သုခါပဋိပဒါ အကျင့်လွယ်ကူ၏။ အားမထုတ်ဘူးသူအား ဒုက္ခာပဋိပဒါ အကျင့်ခဲယဉ်း၏။

ဥပစာရစျာန်မှ အပ္ပနာ အထိသည် အဘိညာမည်၏။ ပညာထူးမည်၏။ ဝိပဿနာ အားထုတ်ဘူးသူအား ခိပ္ပါဘိညာ အသိမြန်၏။ အားမထုတ်ဘူးသူအား ဒန္ဓာဘိညာ အသိနှေး၏။

# ဝိပဿနာနည်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အကျဉ်းခေါင်းစဉ်

ခန္ဓာ အာယတန စသော သင်္ခတ တရားတို့ကို အနိစ္စ ဒုက္ခ စသော အခြင်းအရာဖြင့်ရှုသော မဟာကုသိုလ် ပညာသည် ဝိပဿနာမည်၏၊ ထိုပညာကို တိုးပွားအောင် ပွားစေခြင်းသည် ဝိပဿနာ ဘာဝနာမည်၏။ အနုလောမ ခန္တီလည်းမည်၏။ သစ္စာနုလောမိက ခန္တီ ဟူ၍လည်းခေါ်သည်။ လေးဆယ်သော ခြင်းရာတို့ဖြင့် အနုလောမခန္တီကိုရသည်။ အနုလောမခန္တီ ပြည့်စုံမှ သမ္မတ္တနိယာမသို့သက်၍ မဂ်ဖိုလ်ရသည်။ အနုလောမ ခန္တီမပြည့်စုံလျှင် သမ္မတ္တနိယာမသို့ မသက်။

ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဣန္ဒြေ၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် စသော တရားအပေါင်းသည် ဝိပဿနာ၏အာရုံ ဘူမိမည်၏။ ဘူမိ၌ သင်ယူမေးမြန်းရသည်။

သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ နှစ်ပါးသည် ဝိပဿနာ၏ မူလမည်၏။ မူလနှစ်ပါးကို စင်ကြယ်စေရသည်။ သီလစင်ကြယ်အောင် သီလလေးပါးသုတ်သင်ရသည်။ စိတ်စင်ကြယ်အောင် သမထဖြင့် ဥပစာရ သမာဓိ၊ အပ္ပနာ သမာဓိ ပြည့်စုံစေရသည်။

ဒိဋ္ဌိ ဝိသုဒ္ဓိမှ ဉာဏဒဿန ဝိသုဒ္ဓိ အထိ ငါးပါးသည် ဝိပဿနာ၏ သရီရမည်၏။ သရီရငါးပါးကို စင်ကြယ်အောင်

ပွားများစေရသည်။ ဉာဏဒဿနဝိသုဒ္ဓိ **စင်ကြယ်သော** အခါ သာသနာ၌ ရဟန်းကိစ္စတုံး၏။ အဂ္ဂဒက္ခိဏေယျ ပုဂ္ဂိုလ်ကြီး အဖြစ်သို့ ရောက်လေ၏။

---

ဒိဋ္ဌိဝိသုဒ္ဓိ— **နာမ်နှင့်ရုပ်ကို** ဟုတ်တိုင်းမှန်စွာ သိသော ပညာသည် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။ ထိုအခါ သက္ကာယဒိဋ္ဌိကွာ၏။ အန္ဓပုထုဇဉ် အဖြစ်မှ လွတ်၍ ကလျာဏ ပုထုဇဉ် အဖြစ်သို့ ရောက်၏။

(သန္တော – သံဝိဇ္ဇမာနော + ကာယော—သက္ကာယော။ မိစ္ဆာ ပဿတီတိဒိဋ္ဌိ၊ သက္ကာယေ + ပဝတ္တာဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။ လောကီနာမ်ရုပ် **ပရမတ် အပေါင်းသည်** သက္ကာယမည်၏။ ဥပါဒ်၊ ဌီ၊ **ဘင်**အားဖြင့် ထင်ရှား၏။ မျက်စိ တမှိတ်တွင် ကုဋေတသိန်းမျှ ဖြစ်၍ ချုပ်၏။ စိတ်နှစ်ခုလည်း ပြိုင်တူမဖြစ်။ တခုချုပ်ပြီးမှ တခုဖြစ်၏။ အသက်တိုလှသော ပရမတ်ဖြစ်၏။ အသိအမြင်မှား၊ အစွဲအလမ်း မှားသည် ဒိဋ္ဌိမည်၏။ ငါ သူ တပါး ယောကျ်ား မိန်းမစသည်ဖြင့် မှား၏။ အခေါ် ပညတ်မျှဖြင့် စွဲသောအစွဲဖြစ်၏။ (ပညတ်ဟူသည်ကား ဥပါဒ်၊ ဌီ၊ ဘင် မရှိ၊ ပျက်နိုင်ခဲ၏။ **အားကိုးစရာ** သန္တိလက္ခဏာရှိသော နိဗ္ဗာန်မျိုးလည်းမဟုတ်။ ဘာမျှမရှိသော နှုတ်ဖျား အခေါ်မျှသာ ခေါ်တိုင်းဖြစ်၍ တရား တမျိုးပင် ဖြစ်နိုင်သော ပညပ်တည်း)။ ။ပရမတ်

နာမ်ရုပ် အပေါင်း၌ ပညပ်ခေါ်သို့ သံယောင်လိုက်၍ စွဲလမ်းစွာ အထင်မှားခြင်းသည် သက္ကာယ ဒိဋ္ဌိမည်၏။ ငါ သူတပါး ယောကျ်ား မိန်းမ စသည်ဖြင့် စကား သုံးစွဲသော်လည်း တခုချုပ်မှ တခုဖြစ်သော နာမ်ရုပ် သာဟု အစွဲမှန်လျှင် သက္ကာယဒိဋ္ဌိ ကွာ၏။ ထိုအခါ အစွဲရောဂါ ပျောက်ကင်း စင်ကြယ်၏။

နာမ်နှင့်ရုပ်ကိုဟုတ်တိုင်းမှန်စွာသိပုံကား— အာရုံကို စိတ်ကူးတတ်သော စိတ် စေတသိက်သည် နာမ်မည်၏။ အာရုံသို့ဦးညွတ်၏။ ဟဒယ ဝတ္ထု၌ မှီ၏။ ဟဒယဝတ္ထုကား မဟာဘုတ်၌မှီ၏။ မဟာ ဘုတ်၌ ဟဒယဝတ္ထု၊ ဟဒယဝတ္ထု၌ စိတ်နာမ်၊ စေတသိက် နာမ်။ အာရုံကိုအမြဲရှာသည်။ ဥပါဒ်၊ ဋီ၊ ဘင်အတွင်း အသက် ရှိသည်။ ရှုစရာပုံစံကား—အိုင်၌ရေ၊ ရေ၌ငါး၊ ငါးစာကို အမြဲ ရှာသည်။ တံငါလက်တွင်း အသက်ရှိသည်နှင့် တူလှ၏။

ပူခြင်း၊ ချမ်းခြင်း စသည်ကြောင့် သူ့ပင်မတူပြောင်းလွဲ ဖောက်လဲ ဖောက်ပြန်ဖြစ်တတ်သော သဘောတရားသည် ရုပ်မည်၏။မဟာ ဘုတ်၊ ဥပါဒါရုပ်ဟု နှစ်မျိုးပြား၏။ ပူတမျိုး၊အေးတမျိုး ဖောက် ပြန်သည်။ စားရတမျိုး၊ မစားရတမျိုး ဖောက်ပြန်သည်။ စိတ် ချမ်းသာတမျိုး၊ စိတ်ညစ်တမျိုး ဖောက်ပြန်သည်။ ဒုါရခြောက် ခွင်တွင် တဒွါရတမျိုးဖောက်ပြန်သည်။

မဟာဘုတ်သည် တခုအတွင်း၊ တခုမဝင်၊ အပြင်၌လည်း မတည်၊ မမှီသည်လည်းမဟုတ်။လူကို ဘီလူးပူးသည်နှင့် တူလှ၏။

အချင်းချင်းမှီတတ်၏။ အချင်းချင်းမှီစရာလည်း ဖြစ်၏။ ဥပါဒါရုပ်ကား မဟာဘုတ်ကိုသာ အမြဲမှီသည်။ လူနာအလား ရုပ်တပါးအမှီမခံနိုင်။

ရုပ်— ဆံပင်မွေးညှင်းစသည်၌ မာကြမ်းပထဝီ။ ယိုစီး၊ အာပေါ၊ ခိုးရှိန်၊တေဇော။ ထောက်ပံ့၊ ဝါယော။ ဤပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောသည် မဟာဘုတ်မည်၏။ မဟာဘုတ်၌မှီသောအဆင်း၊ အနံ့၊အရသာ၊ဩဇာ စသည်သည် ဥပါဒါရုပ်မည်၏။ ထိုမှတပါး ဆံပင် မွေးညှင်း စသည်မရှိ။ ဤမဟာဘုတ်နှင့် ဥပါဒါရုပ်သည် ဖြူမဲ၊ ပူအေး၊ ဖြောင့်ကောက်း၊ ပိန်ထွား၊ ချိခါး၊ မွေးနံ့ ဖောက်ပြန် တတ်သောကြောင့် ရုပ်မည်၏။ ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏။

နာမ်— ဆံပင်မွေးညှင်းစသောအာရုံကို သိခြင်းသည် စိတ်။ အာရုံအရသာကို ကောင်းကောင်းဆိုးဆိုး မထွေးစွန့်အား မြိန်ရှက်စွာခံစားခြင်းသည်-ဝေဒနာ။ မှတ်၍သိခြင်းသည် သညာ။ ကြံစည်၊နှစ်သက်၊အမျက်ထွက်ခြင်း စသည်သည် သင်္ခါရ။ ဤ စိတ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရသည် အာရုံသို့ ညွတ်တတ်သောကြောင့် နာမ်မည်၏။ အာရုံသို့ညွတ်တတ်သောကြောင့် နာမ်မည်၏။

ဤရုပ်၊ ဤနာမ်မှတပါး ငါသူတပါးမရှိ။ ယောကျ်ား မိန်းမမရှိ။ ပုဂ္ဂိုလ် သတ္တဝါမရှိ။ အတ္တ ဇီဝ မရှိ။ ဆံပင် မွေးညှင်းစသည်မရှိ။ သိသူ၊ ခံစားသူ စသည် မရှိ။

အဆင်းမြင်သောအခါ အဆင်းနှင့် မျက်စိသည် ဥပါဒါရုပ် မည်၏။ မဟာဘုတ်၌ မှီ၏။ ဥပါဒါရုပ်နှင့် မဟာဘုတ်သည် ဖောက်ပြန်သောရုပ်အစု။ ။ထိုအဆင်းကိုသိခြင်း၊ ခံစားခြင်း၊ မှတ်ခြင်း၊ ကြံစည်ခြင်း စသည်သည် ညွတ်တတ်သော နာမ်အစု။ ။အဆင်းမြင်ရာ၌ ဤရုပ်အစု၊ ဤ နာမ်အစုမှတပါး ဘာမျှမရှိ။ ငါသူတပါး၊ ယောက်ျား မိန်းမ စသည် မရှိ၊ မြင်သူမျှပင် မရှိ။

အသံကြားရာ၌လည်း ရုပ်အစု နာမ်အစု။ အနံ့ ယူရာ၊ အရသာ၊ စားရာ၊ အတွေ့ထိရာ၌လည်း ရုပ်အစု နာမ်အစု။ ။လောဘဖြစ်ရာ ဒေါသဖြစ်ရာ၌လည်း ရုပ်အစု နာမ်အစု။ ။သဒ္ဓါဖြစ်ရာ ပညာဖြစ်ရာ၌လည်း ရုပ်အစု နာမ်အစု။ ။ဝမ်းနည်းစရာ ဝမ်းသာစရာ၌လည်း ရုပ်အစု နာမ်အစု။ ။ချစ်စရာ မုန်းစရာ၌လည်း ရုပ်အစု နာမ်အစု။

လှည်းဒိမ်၊ ဝင်ရိုး၊ လှည်းဘီးစသော အပေါင်းကို လှည်းဟု အခေါ်သာရှိသည် လှည်းမရှိ။ ရုပ်နာမ်အပေါင်းကို ယောက်ျား ကိုယ်ကောင်၊ မိန်းမ ကိုယ်ကောင်ဟု အခေါ်သာ ရှိသည်။ ယောက်ျား မိန်းမ မရှိ။

တိုင်ထု၊ နွယ်ပတ်၊ မြေကပ်၊ သက်ကယ်မိုးကို အိမ်ဟု အခေါ်သာ ရှိသည်။ တိုင်၊ နွယ်၊ မြေညက်၊ သက်ကယ်မှတပါး အိမ်မရှိ။ အရိုးတိုင်သဘော၊ အကြောရစ်ပတ်၊ အသားကပ်မြှုပ်၊ အရေထူ

အရေပါးအုပ်ထားသည်ကို ယောကျ်ား ကိုယ်ကောင် မိန်းမကိုယ်ကောင်ဟု အခေါ်သာရှိသည်။ အရိုး၊ အကြော၊ အသား၊ အရေမှတပါး ယောကျ်ား မိန်းမ မရှိ။

အကြောင်းအားလျော်စွာ ဝင်္ဒုက္ခသာဖြစ်သည်၊ ဝင်္ဒုက္ခသာတည်သည်၊ ဝင်္ဒုက္ခသာချုပ်သည်၊ ဝင်္ဒုက္ခမှတပါး ပုဂ္ဂိုလ်သတ္တဝါမရှိ။

ခန္ဓာငါးတန် အတ္တမှန်လျှင် နာရန်ကျင်ရန်မသင့်။ နာကျင်ဘို့မျှဖြစ်ပေါ်ကလည်း အတ္တမဆိုအား၊ ခန္ဓာငါးပါးကား နာသည်၊ ကျင်သည်။ အတ္တမဟုတ်၊ အနတ္တ၊ အနတ္တံ။

အရုပ်သစ်သား ကြိုးတပ်ထား၍ သွားဟန် လာဟန် လှုပ်ရှားသည်။ ရုပ်အစုအား နာမ်တွဲထားလည်း သွားဟန် လာဟန် လှုပ်ရှားသည်။ သွားသူမရှိ၊ လာသူမရှိ၊ လှုပ်ရှားသူမရှိ။

ရုပ်နာမ်နှစ်ခု အချင်းချင်း မှီသော ကျူ ဝါးစု၊ တခု တိမ်းလျှင် အကုန်ယိမ်းသည်။

နာမ်ဟူသည် ဝတ္ထုအာရုံ တွေ့ကြုံခိုက်သာ ဖြစ်ပေါ်လာ၏။ ထွက်လာရာ၊ တည်နေရာ ဘယ်မှာမှ မရှိ

ကန်းသူက သွားချင်၊ မြင်သူက အကျိုး ကျော်တွင် ပိုး၍ အကျိုးညွှန်လမ်း သွားပုံဆန်းသို့ ရုပ်ကန်း နာမ်ကျိုး ကျောကပ်ပိုး၏၊ ကျောပိုးနာမ်ရုပ်-ငါမဟုတ်။

လှူနှင့်လှေငယ် ချင်းချင်းတွယ်လျက် ဝဲလယ်သမုဒ် စုန် ဆန်မြုပ်၏။ နာမ်နှင့်ရုပ်ကား ချင်းချင်းအားမှီ သံသာရှည်ဝဲ ဿရက်ဆွဲ၏။ ဿရက်ဆွဲနာမ်ရုပ်-ငါမဟုတ်။

ထန်းမြစ်ထက်ခြမ်း ရုပ်နာမ်ခြမ်းလျှင် စွဲလမ်းစရာသူငါကွယ် ပြုတ် နာမ်နှင့်ရုပ်သာ ငါမပါ။

ထက်ခြမ်းကွဲနာမ်ရုပ်မဟုတ် သူငါ မြင်သောခါ သက္ကာယဒိဋ္ဌိကွာ၏။ အတ္တဒိဋ္ဌိအစွဲ ပြုတ်၏၊ ကလျာဏပုထုဇဉ် ဖြစ်၏။

ဒိဋ္ဌိဝိသုဒ္ဓိပြီး၏။

နာမရူပပရိစ္ဆေဒဉာဏ်ပြီး၏။

---

**ကင်္ခါဝိတယရဏဝိသုဒ္ဓိ**—နာမ်ရုပ်သိပြီး အကြောင်းသိမ်းဆည်း၍ ကာလသုံးပါး ယုံမှားခြင်းမရှိလျှင် ထိုဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။ စူဠသောတာပန်ဖြစ်စေ နိုင်သည်။

အနာတွေ့လျှင် အကြောင်းရှာရသည်။ သူငယ် တွေ့လျှင် မိခင်ရှာရသည်။ ရုပ်နာမ်တွေ့လျှင် အနာသဖွယ် သူငယ်ကလေး နှလုံးထား၍ ဖြစ်ကြောင်းရှာရသည်။

ရုပ်အကြောင်းကား—အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ-ငါးပါး။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်-အမိကြောင့် ရုပ်ဖြစ်သည်။ ကံ-အဖကြောင့် ရုပ်ဖြစ်သည်။ အာဟာရ-နို့ထိန်းထောက်ပံ့ခြင်းကြောင့် ရုပ်ဖြစ်သည်။

နာမ်အကြောင်းကား— များပြား၏။ ပသာဒ၊ နှလုံးသွင်း—ကိုယ်တွင်း အကြောင်းကြောင့် နာမ်ဖြစ်သည်။ အာရုံအလင်းရောင် စသော—ကိုယ်ပ အကြောင်းကြောင့် နာမ်ဖြစ်သည်။

တနည်းကား—ပဋိသန္ဓေ နာမ်ရုပ်သည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံကြောင့်ဖြစ်သည်။ ပဝတ္တိရုပ်သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့်ဖြစ်သည်။ ပဝတ္တိ နာမ်သည် ဝတ္ထု၊ အာရုံ စသည်ကြောင့် ဖြစ်သည်။

အထူးအားဖြင့်— ကုသိုလ်သည် ယောနိသောမနသိကာရ ကြောင့်—၊ အကုသိုလ်သည် အယောနိသောမနသိကာရကြောင့်—၊ ဝိပါက်သည် ကုသိုလ် အကုသိုလ် စွမ်းကြောင့်—၊ အာဝဇ္ဇန်းဒွေသည် ဘဝင်စသည် ၏စွမ်း ကြောင့်—၊ ကြိယာဇောသည် ရဟန္တာသန္တာန် စွမ်းကြောင့် ဖြစ်သည်။

ပစ္စုပ္ပန်ရုပ်နာမ်သည် အဝိဇ္ဇာစသည်ကြောင့်ဖြစ်ဆဲ။ အတိတ် ရုပ်နာမ်သည် အဝိဇ္ဇာစသည်ကြောင့်ဖြစ်ပြီး။ အနာဂတ်ရုပ်နာမ် သည် အဝိဇ္ဇာစသည်ကြောင့် ဖြစ်လတ္တံ့။ ကာလသုံးပါးလုံး အ ကြောင်းအားလျော်စွာ အကျိုးရုပ်နာမ်သာ ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ် လတ္တံ့။ ရှေးရှေး၌သူ့ကြောင့် ငါ့ကြောင့်ငါဖြစ်ပြီးမရှိ၊ သူဖြစ် ပြီးမရှိ။ ယခု သူ့ကြောင့်ငါ့ကြောင့် ငါဖြစ်ဆဲမရှိ၊ သူဖြစ်ဆဲမရှိ နောက်နောက်၌သူ့ကြောင့်ငါ့ကြောင့် ငါဖြစ်လတ္တံ့မရှိ၊ သူဖြစ် လတ္တံ့မရှိ။ အကြောင်းမကင်းသောရုပ်နာမ် အစုသာရှိပြီး၊ ရှိဆဲ၊ ရှိလတ္တံ့။ သူ့အကြောင်းနှင့်သူဖြစ်၍ငါ့အလိုသို့လိုက်မည်မဟုတ်။

ကာလသုံးပါးလုံး ရုပ်နာမ်၏ အကြောင်းကို သိမ်းဆည်းမိ သောအခါ ကာလသုံးပါးလုံး ယုံမှားကင်းပျောက်၍ စူဠသော တာပန်အဖြစ်သို့ရောက်၏။

ယုံမှား ၁၆-ပါး  အတ္တဒိဋ္ဌိ အစွဲရှိသူတို့အား အတိတ်စွဲ ငါးပါး၊ အနာဂတ်စွဲငါးပါး၊ ပစ္စုပ္ပန်စွဲခြောက်ပါးဖြင့်တရူးထည်းရူး၍အစွဲ ၁၆-ပါးကပ်ကုန်၏။ အတိတ်၌ ငါသည်ဖြစ်ဘူးပြီလော၊ မဖြစ်ဘူးပြီလော(၂)။ အဘယ်သို့သောသူ (အဘယ်ဇာတ်၊ အဘယ်အသွင်ရှိသူ) ဖြစ်ဘူးသနည်း။ အဘယ်သို့သော(နိမ့်မြင့်သဏ္ဍာန်စသော) အခြင်းအရာဖြင့်ဖြစ်ဘူးသနည်း (၂)။ အဘယ်သူဖြစ်ပြီး၍ တဖန် (ဇာတ်အဆင့်ဆင့်ဖြင့်) အဘယ်သူ ဖြစ်ဘူးပြန်သနည်း(၁)။ ဤသို့စွဲကပ်ခြင်းငါးပါးမှကျွတ်လွတ်အောင် 'သူ့ကြောင့် ငါ့ကြောင့် ငါဖြစ် မရှိ။ သူဖြစ်မရှိ၊ သူ့အကြောင်းနှင့်သူ့အကျိုးနာမ်ရုပ်သာဖြစ်ပြီးပြီ' ဟုအကြောင်းတွဲလျက်သိသောဉာဏ်ဖြင့် ချွတ်လွှဲရသည်။ ။အနာဂတ်၌ ငါသည်ဖြစ်လတ္တံ့လော၊မဖြစ်လတ္တံ့လော(၂)။အဘယ်သို့သောသူဖြစ်မည်နည်း၊အဘယ်သို့သော အချင်းအရာဖြင့် ဖြစ်မည်နည်း(၂)။ အဘယ်သူ ဖြစ်ပြီး၍တဖန်အဘယ်သူ ဖြစ်ဦးမည်နည်း(၁)။ဤငါးပါးကျွတ်လွတ်အောင်လည်း 'ငါဖြစ်လတ္တံ့မရှိ၊သူ့အကြောင်းနှင့်သူ-အကျိုးနာမ်ရုပ်သာဖြစ်လတ္တံ့'ဟုချွတ်လွှဲရသည်။ ပစ္စုပ္ပန်၌ငါသည်ယခု ငါဟုတ်၏လော၊မဟုတ်လေသလော(၂)။ (ကိုယ်တွင်း၌ ငါ၏အတ္တ၊ငါ၏ဇီဝဟုတ်ပါလေစ၊ သူတပါးဥစ္စာနှင့်များ နေမလားမသိဟူလို)ထိုအတ္တသည်အဘယ်သို့သော သူဖြစ်သနည်း၊အဘယ်အခြင်းအရာဖြင့်ဖြစ်သနည်း(၂)။အဘယ် ဘဝမှလာခဲ့သနည်း၊အဘယ်ဘဝသို့သွားဦးမည်နည်း(၂)

ဤခြောက်ပါး ကျွတ်လွတ်အောင်လည်း "ငါဖြစ်ဆဲ မရှိ၊ သူ့အကြောင်းနှင့်သူ-အကျိုးနာမ်ရုပ်သာဖြစ်ဆဲ" ဟုချွတ်လွှဲရသည်။

တနည်းအားဖြင့်-ရုပ်နာမ်သင်္ခါရတို့၏ချုပ်ခြင်း၊ ပျက်ခြင်းသည် ဇရာ၊ မရဏမည်၏။ ထိုဇရာမရဏသည် ဇာတိကြောင့်ဖြစ်သည်။ ဇာတိသည်ဘဝကြောင့်။ ဘဝသည်ဥပါဒါန်ကြောင့်။ ဥပါဒါန်သည် တဏှာကြောင့်။ တဏှာသည် ဝေဒနာကြောင့်။ ဝေဒနာသည်ဖဿကြောင့်။ ဖဿသည်သဠာယတနကြောင့်။ သဠာယတနသည် နာမ်ရုပ်ကြောင့်၊ နာမ်ရုပ်သည် ဝိညာဏ်ကြောင့်။ ဝိညာဏ်သည်သင်္ခါရကြောင့်။ သင်္ခါရသည် အဝိဇ္ဇာကြောင့်။ အဝိဇ္ဇာသည်အာသဝကြောင့်။ အာသဝသည် ဇရာမရဏကြောင့်ဖြစ်သည်။ ငါမဖြစ်၊ သူမဖြစ်။ ငါ့ကြောင့်မဖြစ် သူ့ကြောင့်မဖြစ်။

အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ အတိတ်အကြောင်း ငါးပါးကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ပစ္စုပ္ပန်အကျိုးငါးပါးဖြစ်သည်။ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ သင်္ခါရ-ပစ္စုပ္ပန်အကြောင်းငါးပါးကြောင့် "ဇာတိ၊ ဇရာမရဏ-အတိပြီးသော၊ ဝါ-ဥပါဒ်၊ ဌီ၊ ဘင်-အတိပြီးသော" ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ- အနာဂတ်အကျိုးငါးပါးဖြစ်သည်၊

အကြောင်းဆယ်ပါးသည် ကိလေသဝဋ်။ ကမ္မဝဋ်။ အကျိုးဆယ်ပါးသည် ဝိပါကဝဋ်၊ ဤသို့ ဝဋ်အဆက်ဆက်၊ ဒုက္ခ အ-

ဆက်ဆက်၊ ရုပ်နာမ်အဆက်ဆက်၊ ကြောင်းကျိုး အဆက်ဆက် ကိုပင် သတ္တဝါအဆက်ဆက် ဖြစ်သည်ဟု ပညတ်တင်၍ ခေါ်ကြသည်။ ဤကား ပြုသူ၊ ဤကား ခံစားသူဟု ပညတ်တင်၍ မှတ်ကြသည်။ ပညတ်သံစွဲ၍ ငါအစစ်၊ သူအစစ်၊ ယောကျ်ား မိန်းမ အစစ်ဟုမှားကြသည်။ ကြွားကြသည်။ ပုထုဇန အမည်ထူးသည့် အတိုင်း ထူးကြ ရူးကြသည်။

ဘဝ အဆက်ဆက် ကြောင်းကျိုး ဆက်၍ ရုပ် နာမ် အဆက်ဆက်သည် ဖြစ်ရာ၌ပင် နေရာမရွေ့ချုပ်သည်။ တဘဝမှ တဘဝသို့ ရုပ်နာမ်မရွေ့။

ကြောင်းကျိုး ဆက်၍ မှန်ထဲ၌ မျက်နှာရိပ် ထင်သည်။ မျက်နှာမရွေ့။

ကြောင်းကျိုး ဆက်၍ နောက်မီးစာ၌ မီးလျှံ စွဲသည်။ မူလ မီးလျှံ မရွေ့။

ဆရာ လာခေါ်သူကို ရေမန်း တိုက်ခြင်းဖြင့် ကြောင်းကျိုးဆက်၍ လူနာသက်သာသည်။ ရေမန်းမရွေ့။

စိတ်အစဉ်ရှိရာ ကြောင်းကျိုး ဆက်၍ ရှေးစိတ် ချုပ်လျှင် နောက်ဘဝ ပဋိသန္ဓေစိတ်ဖြစ်သည်။ ရှေးစိတ်မရွေ့။

တနေရာမှ တနေရာသို့ မရွေ့သော နာမ် ရုပ်။ ကြောင်းကျိုး ဆက်၍ ဖြစ်သော နာမ် ရုပ်။ အကြောင်း မကင်းသော နာမ်ရုပ်။ သူ့အကြောင်းနှင့် သူ့အကျိုးဖြစ်၍ အလို လိုက်အောင်ပြု၍ မရသော နာမ် ရုပ်။ ဤသို့သိလျှင် ယုံမှား ၁၆–ပါးကင်း၏။ ယုံမှား ရှစ်ပါးလည်းကင်း၏။

## ယုံမှားရှစ်ပါး

သတ္ထရိ ကင်္ခတိ— ဘုရား၌ ယုံမှား၏ ဟူသည်— ၃၂ ပါးသော လက္ခဏာဖြင့် တင့်တယ်ကော ကိုယ်တော် ရှိသလော၊ မရှိသလော။ အတိတ်အနာဂတ် ပစ္စုပ္ပန်သိသော သဗ္ဗညုတဉာဏ် ရှိသလော၊ မရှိသလော- ဤသို့ကိုယ်တော်၌ရင်း၊ ဂုဏ်တော်၌ရင်း ယုံမှားခြင်းတည်း။

ဓမ္မေကင်္ခတိ— တရား၌ ယုံမှား၏။ ကိလေသာ သတ်သော မဂ်၊ ကိလေသာ ငြိမ်းစေသော ဖိုလ်၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ဟူသည် ရှိလေသလေ ၊ မရှိလေသလော။ ရှိလျှင် နိယျာနိက— ထွက်မြောက်ကြောင်းမမှ ဟုတ်သလော၊ မဟုတ်သလော-ဟု ယုံမှားခြင်းတည်း။

သံဃေကင်္ခတိ— သံဃာ၌ယုံမှား၏၊ မဂ္ဂဋ္ဌာန် လေးယောက်၊ ဖလဋ္ဌာန် လေးယောက်ရှိသလော၊ မရှိသလော။ ရှိလျှင် သုပ္ပဋိပန္နလော၊ ဒုပ္ပဋိပန္နလော။ ထိုသံဃာအား လှူလျှင် အကျိုး ရှိသလော၊ မရှိသလော ဟု ယုံမှားခြင်းတည်း။

သိက္ခာယကင်္ခတိ — သိက္ခာ၌ ယုံမှား၏၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဤသိက္ခာသုံးပါးကျင့်၍ အာနိသင်ရှိသလော၊ မရှိသလောဟု ယုံမှားခြင်းတည်း။

**ပုဗ္ဗန္တေ ကင်္ခတိ—** ရှေးအစွန်း၌ ယုံမှား၏။ အတိတ်ခန္ဓာ
အာယတန၊ ဓာတ်တို့ လွန်ကုန်ပြီ။
(ဝါ—ရှေ့ဘဝရှိသည်) ဟူသည် ဟုတ်သလော၊ မဟုတ်သလော
ဟု ယုံမှားခြင်းတည်း။

**အပရန္တေ ကင်္ခတိ —** နောက်အစွန်း၌ ယုံမှား၏။ အနာ
ဂတ်ခန္ဓာ၊ အာယတန၊ ဓာတ်
(မနောက်နောက်ဘဝ) ဖြစ်လတ္တံ့ ဟူသည် ဟုတ်သလော၊
မဟုတ်သလော–ဟု ယုံမှားခြင်းတည်း။

ပုဗ္ဗန္တာ ပရန္တေ ကင်္ခတိ — ရှေး အစွန်း၊ နောက် အ
စွန်း နှစ်ပါးလုံး၌ယုံမှား၏။
(သိနိုင်ရမည်။)

ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေသုဓမ္မေသု ကင်္ခတိ....
အကြောင်းကို စွဲ၍ ဖြစ်သော
တရားတို့၌ ယုံမှား၏....။ အဝိဇ္ဇာစသော အကြောင်းဝင်
၁၂ပါးရှိသလော၊မရှိသလောဟု ယုံမှားခြင်းတည်း၊ ဝါ
အကြောင်း၌ရင်း၊ အကျိုး၌ရင်း ရှိ၊မရှိ ဟု ယုံမှားခြင်း
**တည်း။**

ဤရှစ်ပါးသည်လည်းနာမ် ရုပ်တို့ကို အကြောင်းနှင့်
တကွ သိလျှင်ကင်း၏။ ။ဤဥာဏ်သည် ယုံမှားခြင်းမှ
လွန်သောကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။ နာမ်ရုပ်
တို့၏ အကြောင်းကို သိမ်းဆည်းသောကြောင့် ပစ္စယ

ပရိဂ္ဂဟာဉာဏ်....။ အကျိုး၏တည်ရာ အကြောင်းသာဟု သိသောကြောင့် ဓမ္မဋ္ဌိတိဉာဏ်....။ ဟုတ်တိုင်း မှန်စွာ သိသောကြောင့်ယထာဘူတဉာဏ်....။မဖောက်မပြန်အမြင်မှန်သောကြောင့် သမ္မာဒဿနဉာဏ် မည်၏။ အမည် ငါးပါး။

အကြောင်း အားလျော်စွာဖြစ်သော ဤနာမ် ဤရုပ်သည် ဆင်းရဲကေန် မဖောက်ပြန်သောကြောင့် ဒုက္ခသစ္စာမည်၏။ အကြောင်းဟူသမျှဆင်းရဲကြောင်းကေန် မဖောက်ပြန်သောကြောင့် သမုဒယသစ္စာမည်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဟု နှလုံးသွင်းခြင်းသည် ဆင်းရဲကင်းရာသို့ ထွက်နိုင်ကြောင်း ကေန် မဖောက်ပြန်သောကြောင့် မဂ္ဂသစ္စာမည်၏။ ဒုက္ခမြင်သူတိုင်း စိတ်ညွှတ်စရာ, နာမ်ရုပ်မဖြစ်ရာ, အကြောင်းဝဋ်ကင်းပြတ်ရာသည် ဆင်းရဲငြိမ်းကေန်မဖောက်ပြန်သောကြောင့် နိရောဓသစ္စာမည်၏။

ဤသို့ဆက်သွယ်၍ သစ္စာလေးပါးသိလျှင် မဂ်ဖိုလ်ရ၏။ မရလျှင် သုဂတိမြဲ၏။ "စူဠသောတာပန်" ဖြစ်သည်မည်၏။ သာသနာတော်မြတ်နှင့် တွေ့ကြုံသူတိုင်း သည်အထိဖြစ်နိုင်သည်။ မဖြစ်လျှင် သာသနာ့ခတ္တကျိုးမနပ်၊ သနားဘွယ်ကောင်းလေစွ။

ကာ္ဒါ ဝိတရဏာဝိသုဒ္ဓိပြီး၏။

# မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ

သမ္မသနဉာဏ်— အကြောင်း သိမ်းဆည်းပြီး သော နာမ်ရုပ် တို့၌ အနိစ္စ စသည်ဖြင့် သုံးသပ်ခြင်းသည် သမ္မသနဉာဏ်မည်၏။ ထိုနောက် ဖြစ်ခြင်း၊ ပျက်ခြင်းကို ရှုခြင်းသည် ဥဒယဗ္ဗယဉာဏ်မည်၏။ ဥဒယဗ္ဗယ သုံးသပ်သောအခါ ဩဘာသစသော ဘေးရန် ဆယ်ပါးကို "ဤကား လမ်းမှန်မဟုတ်၊ ဝိပဿနာ ဉာဏ်စဉ်သာ လမ်းမှန် ဖြစ်သည်" ဟု ဆုံးဖြတ်ခြင်းသည် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိမည်၏။

[နာမ် ရုပ် တို့ကို ၁၁-ပါးခွဲ၍ ခန္ဓာဒိနယမာရဗ္ဘ သိဟိုဠ်သားတို့ အလို နယဝိပဿနာနည်း ယူ၍၎င်း။ ကလာပ သံခိပန-ဇမ္ဗူဒိပ်သားတို့ အလို အပေါင်း အစုချုံးကာ အကျဉ်းစိတ်၍၎င်း- အနိစ္စ စသည်ဖြင့် ရှုရသည်။ ထိုနောက် အနိစ္စပရိယာယ် မှတ်၍ ရှုလျှင် လက္ခဏာရေး သုံးပါး ထင်ရှား၏။ အခြင်းအရာလေး ဆယ်ဖြင့် ရှုလျှင် မဂ်ရ၏။ မရလျှင် ဥဒယဗ္ဗယဉာဏ် ထင်ရှား၏။ ရူပသတ္တကဖြင့် ရှုလျှင် သင်္ခါရ အသက် တိုပုံ ထင်ရှား၏။ အရူပသတ္တကဖြင့် ရှုလျှင် ဝိပလ္လာသ ကင်း၏။ မဟာဝိပဿနာဖြင့် ရှုလျှင် သမ္မသန ဉာဏ် ကမ်းတဘက်သို့ရောက်၏။ ဥဒယဗ္ဗယ အကျဉ်းအကျယ် ရှုလျှင် သစ္စာ လေး ပါး သိ၏။ ဤတွင် အာရဒ္ဓ ဝိပဿက ပုဂ္ဂိုလ်ဖြစ်၏။ ဘေးရန်ဆုံးဖြတ်လျှင် မဂ္ဂါ

မဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ အပြီးရောက်၏။ ဥဒယဗ္ဗယ ဉာဏ် တဝက်သို့ရောက်ပြီ။]

လက္ခဏာ လေးနက်။ဆဲ့တချက်မှ။နယ၊ သံခိ။ပရိယာယ်သွယ်။ လေးဆယ်ခြင်းရာ။ သင်္ခါရာ–ရှုပ်။ အာ–ရုပ်လည်းသတ်။ ဝိပဿနာ ဥဒယာဗယ-ကျင့်။ ကျယ်မှ....မဂ္ဂါမဂ္ဂ ပြီးမည်တည်း။

**လက္ခဏာလေးနက်–လက္ခဏာလေးနက်ဟူသည်ကား-တေဘူမကနာမ်ရုပ် ဟူသမျှသည် ဖြစ်ပြီးလျှင် ပျက်စီးတတ်သော ကြောင့်အနိစ္စ။ဇရာမရဏာဖြင့်ဖောက်ပြန်တတ်သောကြောင့်အနိစ္စ တခဏမျှသာ တည်တတ်သောကြောင့် အနိစ္စ။(အနိစ္စလေးနက်)**

တေဘူမက နာမ်ရုပ် ဟူသမျှသည် ဥပါဒ်အခြားမဲ့၌ ဌီသို့ ရောက်၏၊ ဌီ၌ အိုမင်းရင့်လျော်၏၊ ပင်ပန်း၏။ မချွတ်ပျက်စီး၏။ ထိုသို့မပြတ် နှိပ်စက်တိုင်း ခံရသောကြောင့် ဒုက္ခ၊ သည်းခံနိုင်ခဲသောကြောင့် ဒုက္ခ။ ဒုက္ခအမျိုးမျိုး၏ တည်ရာ ဖြစ်သောကြောင့်ဒုက္ခ၊ သုခကို ပယ်တတ်သောကြောင့် ဒုက္ခ။ (ဒုက္ခလေးနက်)

တေဘူမက နာမ်ရုပ်ဟူသမျှသည် ဥပါဒ်အခြားမဲ့၌ ဌီသို့ မရောက်ပါစေလင့်ဟု တောင့်တ၍ မရ။ ဌီသို့ရောက်လျှင် မရင့် လျော်ပါစေဟုတောင့်တ၍မရ။ ရင့်လျော်လျှင်မပျက်ပါစေလင့် ဟု တောင့်တ၍မရ၊ပြုသူ ခံစားသူသည်းမရှိ။ အလိုလိုက်ခြင်းမှ ဆိုတ်၏။ထိုသို့ပြုသူခံစားသူမှ ဆိတ်သောကြောင့်အနတ္တ။ စိုးပိုင် သော သခင်မရှိသောကြောင့် အနတ္တ။ အလိုပိုက်အောင်ပြု၍ မရသောကြောင့် အနတ္တ။ တိတ္ထိတို့ကြံသသော အတ္တအဖြစ်ကို ပယ်တတ်သောကြောင့် အနတ္တ။ (အနတ္တလေးနက်။)

ဆဲ့တချက်မှ — ဆဲ့တချက်ကား — အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ သုံးချက်။ အဇ္ဈတ္တ၊ ဗဟိဒ္ဓ-နှစ်ချက်။ ဩဠာရိက၊ သုခုမ-နှစ်ချက်။ ဟီန၊ ပဏီတ - နှစ်ချက်။ ဒူရ၊ သန္တိက-နှစ်ချက်။ ဤတဆဲ့တချက်ဖြင့်ယှဉ်တွဲ၍ ရှုရသည်။

နယ — နယ ဝိပဿနာ ရှုပုံကား - ရူပံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

ဝေဒနာ အနိစ္စံ ခယဋ္ဌေန။ — လ - ။ ။ သညာ - ။

သင်္ခါရာ - ။ ဝိညာဏံ။

စက္ခုဒွါရံ ။ လ ။ မနောဒွါရံ ။

ရူပါရမ္မဏံ ။ လ ။ ဓမ္မာရမ္မဏံ ။

(၁၁-ချက်လုံး နည်းတူပေါင်းရှုသည်။)

သံခိ - ကာလပသမ္မသန ရှုပုံကား- အတိတ် ရုပ် နာမ်သည် ပစ္စုပ္ပန် ဘဝသို့ မရောက်မူ၍ ချုပ်ပြီးပြီ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

အနာဂတ် ရုပ်နာမ်သည် နောက်တဘဝသို့ မရောက်မူ၍ ချုပ်လတ္တံ့။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

ပစ္စုပ္ပန် ရုပ်နာမ်သည် အနာဂတ်ဘဝသို့ မရောက်မူ၍ ချုပ်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

အဇ္ဈတ္တိက ရုပ်နာမ်သည် ဗဟိဒ္ဓ မဖြစ်မူ၍ ချုပ်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

ဗဟိဒ္ဓ ရုပ်နာမ်သည် အဇ္ဈတ္တိက မဖြစ်မူ၍ချုပ်၏။ -

ဩဠာရိက ရုပ်နာမ်သည် သုခုမ မဖြစ်မူ၍—

သုခုမရုပ်နာမ်သည် ဩဠာရိက မဖြစ်မူ၍—

ဟီန ရုပ်နာမ်သည် ပဏီတ မဖြစ်မူ၍-
ပဏီတ ရုပ်နာမ်သည် ဟီန မဖြစ်မူ၍—
ဒူရ ရုပ်နာမ်သည် သန္တိက မဖြစ်မူ၍-
သန္တိက ရုပ်နာမ်သည် ဒူရမဖြစ်မူ၍ ချုပ်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

[အတိတ်ရုပ်သည်- အတိတ် ဝေဒနာသည်- စသည်ဖြင့် ခန္ဓာတပါးစီ အသေးစိတ်၍သော်လည်း သုံးသပ်အပ်၏။]

ထိုအတူ စက္ခုဒွါရစသော ဒွါရခြောက်ပါးသည်-။ စက္ခုဝိညာဏ်စသော ဝိညာဏ်ခြောက်ပါးသည်—။ ဆံပင် မွေးညှင်း စသော ၃၂ ကောဋ္ဌာသသည် —။ အာယတန ၁၂-ပါးသည် —။ ဓာတ် ၁၈-ပါးသည် —။ စက္ခုန္ဒြေ စသော လောကိန္ဒြေ ၁၉ ပါးသည် -။ အဝိဇ္ဇာ စသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးသည်၊ ၁၁ ပါးစီ ပြား၍ ချုပ်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

တဘဝ အတွင်းဖြစ်သော ဘဝ ရုပ်နာမ်သည်- တရှိန်ထည်း တဆက်ထည်းဖြစ်သော သန္တာန ရုပ်နာမ်သည်-။ ဥပါဒ် ဌီ၊ ဘင်- အတွင်းဖြစ်သော ခဏတ္တယ ရုပ်နာမ်သည် ၁၁-ပါးစီ ပြား၍ ချုပ်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

ပရိယာယ်သွယ်— အနိစ္စ ပရိယာယ်မှတ်၍ ရှု-လက္ခဏာရေး
သုံးပါးထင်ရှား၏ ဟူသည်ကား—အနိစ္စံ၊
မမြဲသောကြောင့်အနိစ္စ။ သင်္ခတံ၊ ပြုပြင်အပ်သောကြောင့်သင်္ခတ။
ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းကိုစွဲ၍ဖြစ်သောကြောင့် ပဋိစ္စသမုပ္ပန္န။

ခယဋ္ဌေန၊ ကုန်တတ်သောကြောင့် ခယဓမ္မ။ ဝယဓမ္မံ၊ ပျက်တတ်သောကြောင့် ဝယဓမ္မ။ ဝိရာဂဓမ္မံ၊ ကင်းပျောက်တတ်သောကြောင့် ဝိရာဂဓမ္မ။ နိရောဓဓမ္မံ၊ ချုပ်ငြိမ်း တတ်သောကြောင့် နိရောဓဓမ္မ။ ။[အနိစ္စပရိယာယ်ခုနစ်ပုဒ်။အနက်သို့ဉာဏ်ရောက်စေလျက် ပါဠိကို တွင်တွင်ရွတ်ဆိုပါ။]

ရူပံ – အတီတာ နာဂတ ပစ္စုပ္ပန္နံ – အနိစ္စံ၊ သင်္ခတံ၊ ပဋိစ္စသမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊နိရောဓဓမ္မံ။

ဝေဒနာ–။ သညာ–။သင်္ခါရာ–။ ဝိညာဏံ–။ ပဉ္စက္ခန္ဓာ–။

လေးဆယ်ခြင်းရာ....အခြင်းအရာလေးဆယ် ရှု-မင်္ဂရ၏ မရ လျှင် ဥဒယဗ္ဗယဉာဏ် ထင်ရှား၏- ဟူသည်ကား–

အနိစ္စံ – အမြဲမရှိသော ရုပ်နာမ်။ ပလောကံ- ပရမ်းပတာပျက်သောရုပ်နာမ်၊ စလံ- တုန်လှုပ်သော-ပဘင်္ဂုံ- အလိုလိုပျက်သော–။ အဒ္ဓုဝံ–မခိုင်သော ...(၅)။

ဝိပရိဏာမံ-ဇရာမရဏဖြင့် ဖောက်ပြန်သောရုပ်နာမ်။အသာရကံ-အနှစ်မရှိသော....။ ဝိဘဝံ-အစီးအပွါး မရှိသော....သင်္ခတံ-အကြောင်းတရားတို့ ပြုပြင်အပ်သော....။ မရဏဓမ္မံ- သေခြင်းသဘောရှိသော ရုပ်နာမ်(၅)။

[ဤဆယ်ခုသည် အနိစ္စာနုပဿနာမည်၏။]

ဒုက္ခံ- ဆင်းရဲသော ရုပ်နာမ်။ ရောဂံ- မတ်ဘတ်နာနှင့် တူသော-။ ဂဏ္ဍံ - အိုင်းအမာနှင့်တူသော-။ သလ္လံ– မြှားငြောင့် တံကျင်နှင့်တူသော-။အဃံ-မကောင်းမှုဖြစ်သော(၅)။

အာဗာဓံ- တုံးလုံးနာနှင့် တူသောရုပ်နာမ်။ ဤတိ–ဘေးရန် ဖြစ်သော-။ ဥပဒ္ဒဝံ–ဘေးရန်တည်ရာဖြစ်သော-။ ဘယံ–ကြောက်ဘွယ်ဖြစ်သော–ဥပသဂ္ဂံ–အပြစ်ဒေါသကပ်ငြိသော (၅)။

အတာဏံ–မစောင့်ရှောက်တတ်သော ရုပ်နာမ်။ အလေဏံ-ပုန်းအောင်းရာမဟုတ်သော....။ အသရဏံ–ဇာတိစသောဘေးကို မညှဉ်းဆဲတတ်သော–။ အာဒီနဝံ–အပြစ် အတိ ဖြစ်သော....။ အဃမူလံ–မကောင်းမှု၏ အကြောင်းရင်းဖြစ်သော (၅)။

ဝဓကံ– မိတ်ဆွေပုံဟန် သေကြောင်းကြံသော ရုပ်နာမ်။ သာသဝံ–အာသဝေါ ဖြစ်ကြောင်း ဖြစ်သော–မာရအာမိသံ–မာရ်င်းပါး၏ အစာဖြစ်သော–။ဇာတိဓမ္မံ– ပဋိသန္ဓေသဘော ရှိသော-။ ဇရာဓမ္မံ–အိုခြင်းသဘောရှိသော (၅)။

ဗျာဓိဓမ္မံ– နာခြင်းသဘောရှိသောရုပ်နာမ်။ သောကဓမ္မံ-စိုးရိမ်ခြင်းသဘောရှိသော–။ပရိဒေဝဓမ္မံ– ငိုကြွေးခြင်းသဘော ရှိသော-။ ဥပါယာသဓမ္မံ-ပြင်းစွာ ပင်ပန်းခြင်းသဘောရှိသော၊ သံကိလေသဓမ္မံ– ညစ်ညှိုးခြင်းသဘောရှိသော ရုပ်နာမ်(၅)။

[ဤ ၂၅-ခုသည် ဒုက္ခာနုပဿနာမည်၏။]

ပရံ–သူစိမ်းပြင်ပဖြစ်သော ရုပ်နာမ်။ရိတ္တံ-ဓုဝ၊ သုဘ၊ သုခ၊ အတ္တမှဆိတ်သော....။ တုစ္ဆံ- အချည်းနှီးဖြစ်သော....။ သုညံ–တပါးသောကိုယ်မှ ဆိတ်သော–။ အနတ္တာ- ကြံဆအပ်သော ကိုယ်ကောင် အတ္တ မဟုတ်သော ရုပ်နာမ်(၅)။

(ဤငါးခုသည် အနတ္တာနုပဿနာမည်၏။)

[ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်–တခုစီခွဲ၍ သော်လည်းရှု]

သတ္တကာရုပ်....ရူပသတ္တက ရှု-သင်္ဂါရအသက်တိုပုံ ထင်ရှား၏

ဟူသည်ကား—(၁) အာဒါနနိက္ခေပ ရုပ်သည် တဘာဝ အတွင်း ချုပ်၏။ (၂) ဝယောဝုဒ္ဓတ္ထင်္ဂမရုပ်သည် အရွယ်သုံးပါး၊ ဆယ်နှစ်၊ငါးနှစ်၊လေးနှစ်၊သုံးနှစ်၊နှစ်နှစ်၊တနှစ်၊ ခြောက်လ၊လေးလ၊နှစ်လ၊တလ၊လဆန်း၊လဆုတ်၊တရက်၊နံနက်၊ နေ့ခင်း၊ ညချမ်း၊ ညဉ့်ဦးယာမ်၊ သန်းခေါင်ယာမ်၊ မိုးသောက်ယာမ်၊ ရှေ့ကာ၊ နောက်ဆုတ်၊ တူရှုကြည့်၊ တစောင်းကြည့်၊ ကွေး၊ ဆန့်၊ ကြွ၊ ဆောင်၊ လှဲ၊ ချ၊ ထား၊ နှိပ်-ဤသို့သော အခိုက်၌ ချုပ်၏။ (၃) အာဟာရဇရုပ်သည် ဆာ, မဆာ အကြား၌ ချုပ်၏။ (၄) ဥတုဇရုပ်သည် အပူ၊ အအေ အကြား၌ ချုပ်၏။ (၅) ကမ္မဇရုပ်သည် ဒွါရအကြား၌ ချုပ်၏။ (၆) စိတ္တဇရုပ်သည် စိတ်ချမ်းသာ၊ စိတ်ဆင်းရဲ အကြား၌ ချုပ်၏။ (၇) ဓမ္မတာရုပ်သည် ဝါ-ဓမ္မတာရုပ်၌ သစ်ရွက်တရွက်သည် နုနုနီ၊ ရင့်ရင့်နီ၊ ပြေပြေနီ၊ ရွက်နု၊ ရွက်ရင့်၊ ရွက်စိမ်း၊ ရွက်ညို၊ ရွက်လျော်၊ ရွက်ကြွေ ဤသို့သောအခိုက်၌ ချုပ်၏။

[ အာဒါန ပဋိသန္ဓေအားဖြင့်ယူ၍ + နိက္ခေပ စုတိဖြင့် ပစ်ချသော တဘာဝ အတွင်းရုပ်။ ၊ဝယော ဝုဒ္ဓ....အရွယ် ကြီး၍+အတ္ထင်္ဂမ ချုပ်သော ထိုထိုအခိုက်ရုပ်။ ]

(၁) အာဒါနနိက္ခေပ.... အာဒါနနိက္ခေပရုပ် ရုပ်ပုံကား.... တဘာဝအတွင်း ရုပ်သည် မသေမီ ချုပ်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

(၂) ဝယောဝုဒ္ဓတ္ထင်္ဂမ....ဝယော ဝုဒ္ဓတ္တင်္ဂမရုပ် ရှုပုံကား—
ပဌမ အရွယ်ရုပ်သည် မဇ္ဈိမအရွယ်သို့ မရောက်မီ ချုပ်၏။ မဇ္ဈိမအရွယ်ရုပ်သည်- ပစ္ဆိမအရွယ်သို့ မရောက်မီ ချုပ်၏။ ပစ္ဆိမအရွယ် ရုပ်သည် မသေမီ ချုပ်၏။
အနိ၊ ဒုက္ခ၊ အနတ္တ။

မန္ဒအရွယ် ဆယ်နှစ်တွင်းရုပ်သည် ခိဍ္ဍာအရွယ်သို့မရောက်မီ ချုပ်၏....

ခိဍ္ဍာအရွယ် နှစ်ဆယ်တွင်း ရုပ်သည် ဝဏ္ဏအရွယ်သို့.... မရောက်မီ ချုပ်၏....

ဝဏ္ဏအရွယ် သုံးဆယ်တွင်း ရုပ်သည် ဗလအရွယ်သို့....

ဗလအရွယ် လေးဆယ်တွင်း ရုပ်သည် ပညာအရွယ်သို့....

ပညာအရွယ် ငါးဆယ်တွင်းရုပ်သည် ဟာနိ အရွယ်သို့....

ဟာနိ အရွယ် ခြောက်ဆယ်တွင်း ရုပ်သည် ပဗ္ဘာရ အရွယ်သို့....

ပဗ္ဘာရအရွယ် ခုနစ်ဆယ်တွင်း ရုပ်သည် ဝင်္ကအရွယ်သို့....

ဝင်္ကအရွယ် ရှစ်ဆယ်တွင်းရုပ်သည် မောမူဟအရွယ်သို့....

မောမူဟ အရွယ် ကိုးဆယ်တွင်း ရုပ်သည် သယန အရွယ်သို့....

သယနအရွယ် တရာတွင်း ရုပ်သည် မသေမီချုပ်၏။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

ပဌမငါးနှစ်တွင်းရုပ်သည် ဒုတိယ ငါးနှစ်သို့ မရောက်မီ ချုပ်၏....။

ပဌမ လေးနှစ်တွင်း ရုပ်သည် ဒုတိယ လေးနှစ်သို့....
ပဌမ သုံးနှစ်တွင်း....
ပဌမ နှစ်နှစ်တွင်း....
ပဌမ တနှစ်တွင်း....
ပဌမ ခြောက်လတွင်း....
ပဌမ လေးလတွင်း....
ပဌမ နှစ်လတွင်း....
ပဌမ တလတွင်း ရုပ်သည် ဒုတိယ တလသို့....
လဆန်းရုပ်သည် လဆုတ်သို့....
လဆုတ်ရုပ်သည် လဆန်းသို့....
ပဌမ သရက်တွင်းရုပ်သည် ဒုတိယတရက်သို့ မရောက်မီ ချုပ်၏....အနိစ္စ၊ ဒုက္ခ၊ အနတ္တ။
နံနက်ခင်းရုပ်သည် နေ့ခင်းသို့မရောက်မီ ချုပ်၏။
နေ့ခင်းရုပ်သည် ညချမ်းသို့....
ညချမ်းရုပ်သည် ညဉ့်ဦးယာမ်သို့....
ညဉ့်ဦးယာမ်ရုပ်သည် သန်းခေါင်ယာမ်သို့....
သန်းခေါင်ယာမ်ရုပ်သည် မိုးသောက်ယာမ်သို့....
မိုးသောက်ယာမ်ရုပ်သည်နံနက်ခင်းသို့မရောက်မီချုပ်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ
ရှေ့တက်စဉ်ရုပ်သည် နောက်မဆုတ်မီ ချုပ်၏။
နောက်ဆုတ်စဉ် ရုပ်သည် ရှေ့မတက်မီ ချုပ်၏—အနိစ္စ၊ ဒုက္ခ၊ အနတ္တ။
တူရူကြည့်စဉ် ရုပ်သည် တစောင်းမကြည့်မီ ချုပ်၏။

တခေါင်းကြည့်စဉ်ရုပ်သည် တူရူမကြည့်မိ ချုပ်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

ကွေးစဉ်ရုပ်သည် မဆန့်မိ ချုပ်၏။

ဆန့်စဉ် ရုပ်သည် မကွေးမိ ချုပ်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

ခြေဘလုမ်းဘလုမ်းဌကြွ၊ဆောင်၊လွှဲ၊ချ၊ထား၊ နှိပ်-ခြေလှမ်း ချက်တို့တွင် ကြွစဉ်ရုပ်သည် မဆောင်မိ ချုပ်၏။

ဆောင်စဉ် ရုပ်သည် မလွှဲမိ ချုပ်၏။

(ဆုံးဖြတ်ချက်တွေ့၍ လွှဲလိုက်သည်။)

လွှဲစဉ်ရုပ်သည် မချမိ....

ချစဉ်ရုပ်သည် မထားမိ....

ထားစဉ် ရုပ်သည် မနှိပ်မိ....

နှိပ်စဉ်ရုပ်သည် မကြွမိ ချုပ်၏—အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

(၃) **အာဟာရဇ.... အာဟာရဇရုပ် ရှုပုံကား-** ဆာခိုက်ရုပ်သည် အဆာမပြေမိ ချုပ်၏။ အဆာပြေခိုက် ရုပ်သည် မဆာမိ ချုပ်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

(၄) **ဥတုဇ....ဥတုဇရုပ်ရှုပုံကား-**ပူခိုက်ရုပ်သည် မဇမိ ချုပ်၏။ ခိုက်ရုပ်သည် မပူမိချုပ်၏။အနိစ္စ၊ဒုက္ခ၊ အနတ္တ။

[ကမ္မဇရုပ်-စက္ခုဒွါရ၌-စက္ခု၊ ကာယ၊ ဘာဝဒသက ၃၀။ တိဇသုဒ္ဓဋ္ဌက ၂၄-ပေါင်း ၅၄။ (ဣန္ဒြိယ၌ သာလိနိ၌ ၁၄ မျိုး၊ ၄၄ ပါးဟု နည်း တမျိုးဖြင့် ပြသည်။) သောတ၊ဃာန၊ ဇိဝှါဒွါရ၌တူပြီ။ ကာယဒွါရ၌ ကာယ၊

ဘာဝ ဒသကမျှဖြင့် ၄၄။ မနော ဒွါရ၌ ဟဒယ၊ ကာယ၊ ဘာဝ ဒသကနှင့် ၅၄။ ထို၌ အနိစ္စ ဒုက္ခ အနတ္တ မပြု။]

(၅) ကမ္မဇ ကမ္မဇရုပ်ရှုပုံကား စက္ခုဒွါရရုပ် ၅၄ ခုသည် သောတဒွါရသို့ မရောက်မူ၍ ချုပ်၏။

သောတဒွါရရုပ်၅၄—ခုသည် ဃာနဒွါရသို့

ဃာနဒွါရရုပ် ၅၄ ခုသည် ဇိဝှါဒွါရသို့....

ဇိဝှါဒွါရရုပ် ၅၄ ခုသည် ကာယဒွါရသို့....

ကာယဒွါရရုပ် ၄၄—ခုသည် မနောဒွါရသို့ မရောက်မီ ချုပ်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

(၆) စိတ္တဇ....စိတ္တဇရုပ် ရှုပုံကား—စိတ်ချမ်းသာခိုက် ရုပ်သည် စိတ်မဆင်းရဲမီ ချုပ်၏။ စိတ်ဆင်းရဲခိုက် ရုပ်သည် စိတ်မချမ်းသာမီ ချုပ်၏—အနိစ္စ ဒုက္ခ၊ အနတ္တ။

(၇) ဥတုဇ... ဥတုဇရုပ်ရှုပုံကား—သင်ရှက်တရှက်၌နုနုနီစဉ် ရုပ်သည် ရင့်ရင့်နီ မဖြစ်မီ ချုပ်၏။

ရင့်ရင့်နီစဉ်ရုပ်သည် ပြေပြေနီမဖြစ်မီ....

ပြေပြေနီစဉ်ရုပ်သည်ရှက်နု....

ရှက်နုစဉ်ရုပ်သည်ရှက်ရင့်....

ရှက်ရင့်စဉ်ရုပ်သည် ရှက်စိမ်း....

ရှက်စိမ်းစဉ်ရုပ်သည် ရှက်ညို....

ရှက်ညိုစဉ်ရုပ်သည် ရှက်ဖျော့....

ရှက်ဖျော့စဉ် ရုပ်သည် ရှက်ကြွေမဖြစ်မီချုပ်၏၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

ဤသို့ ရုပသတ္တာ ခုနစ်ဌာနရုပ်သည် နေဆာမခရွေ့ ချုပ်၏။ နေရာမခရွေ့ချုပ်၏။ တဘုံမှဘုံသို့ မရောက်မူ၍ချုပ်၏။....။ အဆစ်အစပ် အပိုင်းအပြတ်ဖြစ်၏။....တဖျစ်ဖျစ်မြည်ဆူအိုးကင်း ပူထက် နှမ်းခစေ့ ကျက်သကဲ့သို့ တပျက်ထည်း ပျက်သော ရုပ်ဖြစ်၏။....

သင်္ခါရအသက်တို... သင်္ခါရ အသက်တို့ပုံကား— အသက်၊ အတ္တဘော၊ သုခ၊ ဒုက္ခ-ဤတရား အပေါင်းသည် မြဲဟူသော အတ္တနှင့်မစပ်၊ စိတ္တလက္ခဏာ တချက် တချက်နှင့်သာစပ်၏။

ကမ္ဘာရှစ်သောင်း လေးထောင် အသက်ရှည်သော ဗြဟ္မာကြီးသည်လည်း စိတ်နှစ်ချက်နှင့်မစပ်၊ တချက်ဘချက်နှင့်သာ စပ်၏၊

သေသူ၏ချုပ်ပြီးခန္ဓာ ပြန်မလာ၊ ရှင်သူ၏ချုပ်ပြီးခန္ဓာ ပြန်မလာ။ အပြီးတိုင်ချုပ်၏။ ချုပ်ခြင်းတူ၏။

အတိတ်ခန္ဓာချုပ်ပြီးပြီ။ အနာဂတ်ခန္ဓာချုပ်လတ္တံ့၊ ပစ္စုပ္ပန်ခန္ဓာချုပ်ဆဲ။ အချုပ်လက္ခဏာအထူးမရှိ။

အတိတ်စိတ်ဖြင့် အသက်မရှင်၊ အနာဂတ်စိတ်ဖြင့် အသက်မရှင်။ ပစ္စုပ္ပန်စိတ်ဖြင့် အသက်ရှင်ဆဲဖြစ်၏။ ဘင်ခဏတိုင်း ခါခါသေ၏။

ပစ္စုပ္ပန်စိတ် တည်ဆဲဘည်ဆဲ ကိုစွဲ၍ အသက် ရှင်သည် ဟူသော ပညပ်သည် ပရမတ်ကဲ့သို့ဖြစ်၏။

ချုပ်ပြီးခန္ဓာ စုပုံကာမရှိ။ ဖြစ်လတ္တံ့ခန္ဓာ စုပုံကာမရှိ။ ဖြစ်ဆဲဖြစ်ဆဲသာ တည်ချေ၏။ မှန်ညင်းအပ်ဖျား တည်ခိုက်အလားတည်း။

ဖြစ်ဆဲသည် ဖြစ်ပြီးနှင့်မဆက်။ ပျက်ဘိုသာ သက်သက်ရှေးရှု၏။

သင်္ခါရတို့သည်မမြင်ရာမှ အသစ်ဖြစ်လာကုန်၏။ မမြင်ရာသို့ ပျက်၍ရောက်ကုန်၏။ လျှပ်နွယ်သဖွယ်ဖြစ်၍ကွယ်၏။

အ—ရုပ်လည်းသတ်....အရူပသတ္တက-ဝိပဿနာကင်း၏ ဟူသည်ကား- (၁) ကလာပ-နာမ်သက်သက်ရှုခြင်း။ (၂) ယမက-အစုံတွဲရှုခြင်း။ (၃) ခဏိက-လေးဆက် ရှုခြင်း။ (၄)ပဋိပါဒိ-ဆယ်ဆက်ရှုခြင်း။ ထိုနောက် (၅)ဒိဋ္ဌိခွါရှုခြင်း။ (၆) မာနခွါရှုခြင်း။ (၇)နိကန္တိခွါ ရှုခြင်း ဤခုနစ်မျိုးတို့တွင် နောက်ဆုံးသုံးမျိုး၌ နည်းထူးမရှိ။

(၁)ကလာပ.... ကလာပ ရှုပုံကား.... ရူပသတ္တက ခုနစ်ဌာနရုပ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုသောစိတ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ။ဆံပင်၊ မွေးညှင်း စသော ၃၂ ကောဋ္ဌာသကို အနိစ္စ၊ဒုက္ခ၊အနတ္တဟု ရှုသောစိတ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

(၂)ယမက— ယမကရှုပုံကား—ရူပသတ္တက ခုနစ်ဌာန ရုပ်သည် ထိုထိုအခိုက်၌ ချုပ်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ထိုခုနစ်ဌာနရုပ်ကိုရှုသောစိတ်သည်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

(၃)ခေတိက ... ခေတိက (လေးဆက်) ရှုပုံကား- ရူပသတ္တက ခုနစ်ဌာန ရုပ်သည် ထိုထိုအခိုက်၌ ချုပ်၏။
အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ထိုခုနစ်ဌာနရုပ်ကိုရှုသော ပဌမစိတ်သည်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ပဌမစိတ်ကိုရှုသော ဒုတိယစိတ်သည်လည်း....။ ဒုတိယ စိတ်ကိုရှုသော တတိယ စိတ်သည်လည်း....။ တတိယစိတ်ကိုရှုသော စတုတ္ထစိတ်သည်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

(၄)ပဋိပါဋိ.... ပဋိပါဋိ(ဆယ်ဆက်)ရှုပုံကား- ရူပသတ္တက ခုနစ်ဌာနရုပ်သည် ထိုထိုအခိုက်၌ချုပ်၏။
အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ထိုခုနစ်ဌာနစိတ်ကိုရှုသော ပဌမစိတ်သည်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ပဌမစိတ်ကိုရှုသော ဒုတိယစိတ်သည်လည်း။ ဒုတိယစိတ်ကို၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမ၊ အဋ္ဌမ၊ နဝမ စိတ်ကို ရှုသော ဒသမစိတ်သည်လည်း အနိစ္စ၊ဒုက္ခ၊အနတ္တ။

(၅၊၆၊၇)ဒိဋ္ဌိခွါစသည်.... ဒိဋ္ဌိခွါ၊မာနခွါ၊နိကန္တိခွါရှုပုံကား သင်္ခါရ တို့သာ သင်္ခါရ တို့ကို
ဝိပဿနာရှုကုန်၏။ငါပွါးသည်-ငါ၏ဝိပဿနာဟုဒိဋ္ဌိစွဲယူစရာမရှိ။ ငါကောင်းကောင်း ပွါးနိုင်သည်ဟု မာနထောင်လွှားစရာ မရှိ။ တနေ့လုံးပင် ငါပွါးနိုင်သည်ဟု ဘုကျာနိ ကန္တိတွယ်စရာမရှိ။

သင်္ခါရတို့သာ သင်္ခါရတို့ကို သုံးသပ်ကုန်၏။ သိမ်းဆည်းကုန်၏။ ပိုင်းခြားကုန်၏။ ပိုင်းခြားတတ်သော သင်္ခါရလည်း အနိစ္စ၊ဒုက္ခ၊အနတ္တ။ ပိုင်းခြားအပ်သော သင်္ခါရလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

(ဝိပဿနာပွါးသူသည်ငါပွါးသည်၊ ငါ၏ဝိပဿနာ၊ ငါ့ကိုယ်ဟု ယူလျှင် ဒိဋ္ဌိဖြစ်၏။ အနတ္တမြင်မှု ကွာသည်။ ကောင်းကောင်းကြီး ပွါးနိုင်သည်ဟု ထောင်လွှားလျှင် မာနဖြစ်၏ အနိစ္စမြင်မှု ကွာသည်။ တနေ့လုံး ပွားနိုင်သည်ဟု နှစ်သက်လျှင် တဏှာနိကန္တိဖြစ်၏၊ ဒုက္ခမြင်မှု ကွာသည်။)

ဝိပဿမဟာ မဟာဝိပဿနာ၁၈-သမ္မသန ကမ်းတဘက်သို့ ရောက်ပုံကား....

သင်္ခါရာ၊ သင်္ခါရတို့သည်။ အနိစ္စာ၊အမြဲမရှိကုန်။ ။ဤသို့ ရှုလျှင် နိစ္စသညာကွာသည်။

သင်္ခါရာ၊ သင်္ခါရတို့သည်။ ဒုက္ခာ ၊ဆင်းရဲကုန်၏။ ။သုခ သညာ ကွာသည်။

။— အနတ္တာ၊ အတ္တမဟုတ်ကုန်၊ ။အတ္တသညာကွာသည်။

။— နိဗ္ဗိဒါ၊ ငြီးငွေ့စရာတို့ဖြစ်ကုန်၏။ ။နန္ဒီကွာသည်။

။— ဝိရာဂ ၊စက်ဆုပ်စရာတို့ဖြစ်ကုန်၏။ ။ရာဂကွာသည်။

။— နိရောဓာ၊ ပြန်မဖြစ်ဘဲ ချုပ်ကုန်၏။ ။သမုဒယ ကွာသည်။

။— ပဋိနိဿဂ္ဂါ၊ စွန့်ပစ်စရာတို့ ဖြစ်ကုန်၏။ ။ဘဝသစ်ယူလိုခြင်းကွာသည်။

။— ခယာ၊ ကုန်ခန်းတတ်ကုန်၏။ ။တလုံး တခဲထည်းသညာကွာသည်။

။— ဝယာ၊ ပျက်စီးတတ်ကုန်၏။ ။အသည်းပူးလိုခြင်း ကွာသည်။

သင်္ခါရာ။ ဝိပရိဏာမာ၊ ဇရာမရဏဖြင့် ဖောက်ပြန် တတ်ကုန်၏။ ။ခိုင်ခန့်ခြင်း သညာကွာသည်။

။— အနိမိတ္တာ၊ တလုံးထည်း စုပေါင်းခြင်း မရှိကုန်။ ။တပေါင်းထည်း ရှည်ကြာ တည်ခြင်းသညာ ကွာသည်။

။— အပ္ပဏိဟိတာ၊ တောင့်တဘွယ်မရှိကုန်။ ။တောင့်တခြင်းတဏှာကွာသည်။

။— သုညတာ၊ အတ္တမှဆိတ်ကုန်၏။ ။ကိုယ်ကောင် အတ္တဟု နှလုံးသွင်းမှား ကွာသည်။

။— အဓိပညာ ဝိပဿနာ၊ ဘင်စွမ်းဖြင့် ဆိတ်ခြင်းတို့သာဟု လွန်ကဲသော ပညာဖြင့် ရှုအပ်ကုန်၏။ ။အနှစ်ရှိ၏ဟုယူသော တဏှာဒိဋ္ဌိကွာသည်။

။— ယထာဘူတ ဉာဏဒဿနာ၊ အကြောင်း မကောင်းသော ရုပ်နာမ်တို့သာဟု ယထာဘူတဉာဏ်ဖြင့်ရှုအပ်ကုန်၏။ ။ယုံမှားခြင်းကွာသည်။

။— အာဒီနဝါ၊ အပြစ်စုတို့သာ ဖြစ်ကုန်၏။ ။တွယ်တာခြင်းကွာသည်။

။— ပဋိသင်္ခါ၊ မုန်းတီးသော်လည်း လွတ်လွတ်စွန့်နိုင်အောင် တဖန်သိမ်းဆည်း၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဟု ရှုအပ်ကုန်၏။ ။မဆင်ခြင်သော အဝိဇ္ဇာ ကွာသည်။

။— ဝိဝဋ္ဋာ၊ ဘဝသင်္ခါရတို့မှစိတ်တွန့်စရာတို့ဖြစ်ကုန်၏။ ။သံသရာ၌ ယှဉ်တွဲလိုခြင်းတဏှာ ကွာသည်။

(ဤ၌-အနိစ္စ၊ နိရောဓ၊ ခယ၊ ဝယ၊ ဝိပရိဏာမ၊ အနိမိတ္တသည် အနိစ္စ ၆-မျိုး။ ။ဒုက္ခ၊ နိဗ္ဗိဒ၊ အပ္ပဏိဟိတ၊ အာဒီနဝသည် ဒုက္ခ ၄ မျိုး။ ။အနတ္တ၊ ဝိရာဂ၊ ပဋိနိဿဂ္ဂ၊ သုညတ၊ ဝိဝဋ္ဋသည် အနတ္တ ၅ မျိုး။ ။အဓိပညာ၊ ယထာဘူတ၊ ပဋိသင်္ခါသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တမျိုး ၃-မျိုး။)

သမ္မသနဉာဏ်ပြီး၏။

ဥဒယဗ္ဗယ....ဥဒယဗ္ဗယဉာဏ်အကျဉ်း၊ ကျယ်ရှု-သစ္စာလေးပါးသိ၏ ဟူသည်ကား.... ရုပ်၏ဖြစ်ခြင်း ဥပါဒ်သည် ဥဒယမည်၏။ ပျက်သောဘင်သည် ဝယမည်၏။

ဝေဒနာ၏ဖြစ်ခြင်း ဥပါဒ်သည် ဥဒယမည်၏။ ပျက်သော ဘင်သည် ဝယမည်၏။

သညာ၏....။သင်္ခါရ၏....။ဝိညာဏ်၏....။စက္ခာယတန၏....။လ....။မနာယတန၏....။စက္ခုဓာတ်၏....။လ....။ မနောဓာတ်၏....။အဝိဇ္ဇာ၏....။ သင်္ခါရ၏....။ ....လ....။ဘဝ၏ ဖြစ်ခြင်း ဥပါဒ်သည် ဥဒယမည်၏။ပျက်သောဘင်သည် ဝယမည်၏။

(ဤသို့ ဘဝအထိ ရှုရသည်၊ ဖန်ဖန်ရှုရသည်၊)

ဤရုပ်နာမ်သည် မဖြစ်မီစုပုံလျက်မရှိ၊ ဖြစ်ဆဲအခါ စုပုံရာမှ မလာ။ ချုပ်သောအခါ တနေရာသို့မသွား၊ ချုပ်ပြီးနောက် စုပုံလျက်မရှိ။

စောင်းသံသည် ရှေးကမပြည့်၊ တီးမှုပြည့်သည်။ ပြည့်ပြီး နောက် ပျောက်ပျက်၏။ ဤရုပ် ဤနာမ်သည် ရှေးကမဖြစ်၊ အကြောင်းကြောင့် အသစ် ဖြစ်၏။ ပြီးနောက် ပျောက်ပျက်၏။

ဤကား—အကျဉ်း ရှုနည်းတည်း။

**အကျယ်**....အကျယ်ရှုပုံကား—အကျဉ်းရှုပြီးလျှင် အကြောင်း လေးပါး၊ ခဏ ဘပါးဖြင့် အကျယ်ရှုရသည်။

**ရုပ်**....အဝိဇ္ဇာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်သည်။ တဏှာ ဖြစ်ခြင်း ကြောင့် ရုပ်ဖြစ်သည်။ ကံဖြစ်ခြင်းကြောင့် ရုပ်ဖြစ် သည်။ အာဟာရ ဖြစ်ခြင်းကြောင့် ရုပ်ဖြစ်သည်။ ။ဥပါဒ် လက္ခဏာလည်းရုပ်၏ဖြစ်ခြင်းသာတည်း။ ။ (ဥဒယငါးပါး)

အဝိဇ္ဇာချုပ်ခြင်းကြောင့် ရုပ်ချုပ်သည်။တဏှာချုပ်....။ ကံ ချုပ်....။ အာဟာရချုပ်ခြင်းကြောင့် ရုပ်ချုပ်သည်။ ။ဘင် လက္ခဏာလည်းရုပ်၏ချုပ်ခြင်းသာတည်း။ ။(ဝယငါးပါး။)

**ဝေဒနာ**— အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်သည်။ တဏှာဖြစ်....။ ကံဖြစ်....။ ဖဿဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်သည်။ ။ဥပါဒ်လက္ခဏာလည်း ဝေဒနာ၏ ဖြစ် ခြင်းသာတည်း။

(........ဤနေရာမျိုး နည်းမှီး၍ဖော်ဆိုနိုင်ရမည်။)

အဝိဇ္ဇာချုပ်ခြင်းကြောင့် ဝေဒနာချုပ်သည်။ တဏှာချုပ်....။ ကံချုပ်....။ ဖဿချုပ်ခြင်းကြောင့်....။ ။ဘင်လက္ခဏာ လည်း ဝေဒနာ၏ ချုပ်ခြင်းသာတည်း။

သညာ—အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် သညာဖြစ်သည်။ တဏှာဖြစ်….။ ကံဖြစ်….။ ဖဿဖြစ်….။ ။ဥပါဒ်လက္ခဏာလည်း သညာ၏ဖြစ်ခြင်းသာတည်း။

အဝိဇ္ဇာချုပ်….။တဏှာချုပ်….။ကံချုပ်….။ဖဿချုပ်….။ ။ဘင်လက္ခဏာတည်း။

သင်္ခါရ–အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်သည်။ တဏှာဖြစ်—။ ကံဖြစ်—။ ဖဿဖြစ်။ ။ဥပါဒ် လက္ခဏာလည်းသင်္ခါရဖြစ်ခြင်းသာတည်း။

အဝိဇ္ဇာချုပ်—။တဏှာချုပ်–။ ကံချုပ်–။ဖဿချုပ်—။ ။ဘင်လက္ခဏာလည်း။….။

ဝိညာဏ်— အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်သည်။ တဏှာဖြစ်–။ ကံဖြစ်–။ နာမ်ရုပ်ဖြစ်။ ။ဥပါဒ် လက္ခဏာလည်း ဝိညာဏ်၏ ဖြစ်ခြင်းသာတည်း။

အဝိဇ္ဇာချုပ်–။တဏှာချုပ်–။ ကံချုပ်–။နာမ်ချုပ်–။ ။ဘင်လက္ခဏာလည်း—။

(ရုပ်–အဝိဇ္ဇာ၊တဏှာ၊ကံ၊အာဟာရကြောင့်ရုပ်။ ။အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဖဿကြောင့် ဝေဒနာ၊ သညာ၊ သင်္ခါရ။ ။ အဝိဇ္ဇာ၊ တဏှာ-ကံ၊ နာမ်ရုပ် ကြောင့် ဝိညာဏ်။ ။အာဟာရ၊ ဖဿ၊ နာမ်ရုပ်–ထူး၏။)

သစ္စာလေးပါးသိပုံ….ပဉ္စုပ္ပန်ခန္ဓာ ငါးပါး၌ ဥဒယဗ္ဗယ ငါးဆယ်၊အတိတ်၌ငါးဆယ်၊အနာဂတ်၌ငါးဆယ်၊ ထို ၁၅၀-တို့တွင် အကြောင်းလေးပါးဖြင့် ဖြစ်ခြင်း ဥဒယသည် သမုဒယသစ္စာမည်၏။ ပျက်ခြင်းဝယသည် နိရောဓ

သစ္စာမည်၏။ ဥပါဒ်ခဏ ဘင်ခဏဖြင့် ဖြစ်ပျက်သမျှ ဥဒယဗ္ဗယသည် ဒုက္ခသစ္စာမည်၏။ ဥဒယဗ္ဗယပြုခါန်းသော မဂ္ဂင်အစုသည် မဂ္ဂသစ္စာမည်၏။

ရုပ်နာမ်သင်္ခါရတို့သည် ရှေး၌မဖြစ်၊ ယခုမှအသစ်ဖြစ်ကုန်၏။ ဖြစ်ပြီးချုပ်၍ ဆီမီးလျှံကဲ့သို့ အမြဲအသစ်အသစ် ဖြစ်ကုန်စွတကား။

ရေ၌ရေးကြောင်း ဥဗောင်းရေပွက် မြက်ဖျား ထက်နှင်း မှုန်ညင်းအပ်ဆောင် လျှပ်ရောင်တမျှ တိုတောင်းသော ခဏ ရှိကုန်စွတကား။

ခေတ္တပျော်ဘို နတ်ဖန်မြို့ ကျပ်မြို့မီးထိန် စည်းစိမ်အိပ်မက် မျက်လှည့်တံလှပ် မိုးရဟတ်လှုပ် ရေမြှုပ်စိုင်လုံး ငှက်ပျောတုံး ပမာ ယူစရာအနှစ်သာရ မရှိကုန်စွတကား။ ။ဤသို့ဉာဏ်၌ ထင်ရှားသောအခါ အာရဒ္ဓဝိပဿကပုဂ္ဂိုလ် ဖြစ်သည်မည်၏။

(ဥဒယဗ္ဗယဖြင့် နုသော ဝိပဿနာ ရခါစ-အာရဒ္ဓ ဝိပဿကပုဂ္ဂိုလ်အား ဝိပဿနာညစ်ငြူးကြောင်း ဘေး ရန်ဆယ်ပါး ဖြစ်မြဲဓမ္မတာတည်း။ ။ဝိပဿနာဉာဏ် ကြောင့် ကိုယ်မှထွက်သောအလင်းရောင်သည် ဩဘာသ မည်၏။ မိမိသာမြင်သည်။ ထိုအရောင်နှံ့ရာအတွင်း ရုပါရုံ တို့ကိုစိတ်၌ထင်၍ စိတ်ဖြင့်မြင်ရသည်။ ။ဝိပဿနာဉာဏ် နှင့် ယှဉ်သော ပီတိငါးပါး။ ကိုယ်စိတ်ငြိမ်းခြင်း ပဿဒ္ဓိ။ အားရှိသော ပသာဒသဒ္ဓါ ဟူသောအဓိမောက္ခ။ မလျော့ မတင်း ဝီရိယဟူသော ပဂ္ဂဟ။ ကိုယ်လုံးယိုစီးသော သုခ။ ထက်မြက်သော ဉာဏ်။ ခိုင်ခံ့စွာ ထင်သော သတိ

ဟူသော ဥပဋ္ဌာန။ ဥဒယဗ္ဗယတို့၌ လျစ်လျူရှုသော ဝိပဿနုပေက္ခာနှင့် မနောဒွါရာဝဇ္ဇန်းစေတနာအာဝဇ္ဇနုပေက္ခာ ဟူသော ဥပေက္ခာနှစ်မျိုး။ ဝိပဿနာ၌ တွယ်တာသော-ကိလေသာဟူ၍မျှ မသိသာအောင် သိမ်မွေ့သော-တဏှာဟူသော နိကန္တိ။ ။ဤဆယ်ပါးတို့တွင် ဩဘာသကို နိဗ္ဗာန်ဟု-ချွန် အဘိညာဉ်ရသူမှတ်ထင်သည်။' ဩဘာသကို အာရုံပြုသော သိမ်မွေ့သော လောဘမူ၊ မောဟမူကို မဂ်၊ ဖိုလ်ဟု မှတ်ထင်သည်။ ပီတိစသော ကိုးပါးကိုလည်း မဂ်၊ ဖိုလ်ဟု မှတ်ထင်သည်။ ထိုသို့မှတ်ထင်လျှင် ဝိပဿနာ လမ်းလွဲသည်။ ထိုဆယ်ပါးသည် တဏှာ၊မာန၊ဒိဋ္ဌိစွမ်းဖြင့် ဥပက္ကိလေသ ၃၀-ဖြစ်၏။ နိကန္တိကား ပင်ကိုယ်လည်း ဥပက္ကိလေသ ဖြစ်၏။ ဘေးရန်ဆယ်ပါးကို လမ်းမှန်၊ လမ်းမှား- ဆုံးဖြတ်ရသည်။)

ဆုံးဖြတ်ပုံ....အာရဒ္ဓဝိပဿကပုဂ္ဂိုလ်-ဘေးရန်ဖြစ်၍ ဆုံးဖြတ်ပုံကား.... ငါအား ယခုဖြစ်သော ဩဘာသ၊ ပီတိ၊ ပဿဒ္ဓိ(၃) အဓိမောက္ခ၊ ဝီရိယ၊ သုခ၊ ဉာဏ်၊ သတိ(၅) ဥပေက္ခာ၊ နိကန္တိ (၂) ဆယ်ပါးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဝိပရိဏာမ ဓမ္မဖြစ်၏။ ထိုအနိစ္စစသည်ဖြင့် သိသော စိတ်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

ဤဩဘာသစသော ဆယ်ပါးသည် ငါ့ကိုယ်၊ ငါ့ဟာ၊ငါ မဟုတ်။တဏှာဖြင့်စွဲစရာငါ့ဟာမဟုတ်။မာနဖြင့်စွဲစရာငါမဟုတ်။ ဒိဋ္ဌိဖြင့်စွဲစရာ ငါ့ကိုယ်မဟုတ်။

ဤ ဩဘာသစသော ဆယ်ပါးသည် ဝိပဿနာ လမ်းမှန် မဟုတ်။ ဝိပဿနာ ညစ်နွမ်းကြောင်း အောင်ရန်ဖြစ်၏။ ဘေးရန်မှ လွတ်သော ဝိပဿနာ လမ်းစဉ်သာလျှင် ပုဗ္ဗဘာဂမဂ် ဖြစ်၏။ လမ်းမှန်ဖြစ်၏။ ။ဤသို့ဆင်ခြင်ဆုံးဖြတ်လျှင် ပုံ့လွင့်ခြင်းမရှိ။ မဂ္ဂါမဂ္ဂ စင်ကြယ်၏။

မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိပြီး၏။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ....ဘေးရန်လွတ်မြောက် လမ်းမှန်ရောက်သော အခါ ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်အထိ ( ဥ၊ ဘင်၊ ဘ။ အာ၊ နိ၊ မု။ ပဋိ၊ ရှု၊ နု-)ဝိပဿနာဉာဏ် ကိုးပါးသည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်၏။

[ဖြစ်ပျက်ကို နှလုံးမသွင်းခြင်းကြောင့်ရင်း၊ သန္တတိအစဉ် ဖုံးလွှမ်းခြင်းကြောင့်ရင်း- အနိစ္စမထင်။ မပြတ်နှိပ်စက် ခံရသည်ကို နှလုံး မသွင်း ခြင်းကြောင့် ရင်း၊ ဣရိယာပုထ်တခုညောင်းတခုပြောင်းကာလွှဲကာဖုံးလွှမ်းခြင်းကြောင့်ရင်း ဒုက္ခမထင်။ ပထဝီ အာပေါ စသော ဓာတ်သဘော ကွဲပြားသည်ကို နှလုံး သွင်းခြင်းကြောင့်ရင်း၊ ပေါင်းစုသော တခဲနက် ဖုံးလွှမ်းခြင်းကြောင့်ရင်း အနတ္တမထင်။—မထင်ကြောင်း နှစ်ပါးစီ။

ခန္ဓာငါးပါးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ မည်၏။ လက္ခဏာ မမည်။ ဖြစ်ပြီး မရှိခြင်းသာ အနိစ္စလက္ခဏာ။ မပြတ်နှိပ်စက်ခြင်းသာ ဒုက္ခလက္ခဏာ။ အလိုမလိုက်ခြင်းသာ အနတ္တ လက္ခဏာ။ ]

အနိစ္စ….ရုပ်နာမ်သင်္ခါရတို့သည် ဥဒယဗ္ဗယအားဖြင့် အပိုင်းအပြတ်တို့သာတည်း။ သန္တတိ အစဉ်အတိုင်းမဟုတ်။ ဖြစ်ပြီးမရှိခြင်းကြောင့် ပျက်ခြင်းကြောင့် အနိစ္စတို့သာတည်း။

ဒုက္ခ….ရုပ်နာမ် သင်္ခါရတို့သည် မပြတ်နှိပ်စက်တိုင်း ခံကြရကုန်၏။ တခုသော ဣရိယာပုထ်မှနာမ်ရုပ်–တခုသော ဣရိယာပုထ်သို့မရောက်။ မပြတ်နှိပ်စက်ခံရသောကြောင့် ဒုက္ခတို့သာတည်း။

အနတ္တ….ရုပ်နာမ်သင်္ခါရတို့သည် ပထဝီ အာပေါ စသည်ဖြင့် သဘောကွဲပြားကုန်၏၊ သိမ်မွေ့သော ရုပ်အစုနာမ်အစုတို့သာ ဖြစ်ကုန်၏၊ တခဲနက် တပေါင်းတစည်းထည်း မဟုတ်ကုန်။ အလိုလိုက်အောင်ပြု၍ မရသောကြောင့် အနတ္တ တို့သာတည်း။

(သန္တတိအစဉ်သည် ချိတ်ဆက်မဟုတ်၊ တော့ဆက် အပြတ်အပြတ်ဟု သိလျှင် အနိစ္စအပြစ် ပေါ်လွင်၏။ ဣရိယာပုထ် မပြောင်းဘဲ တခုထည်းထားလျှင် ဒုက္ခအပြစ် ပေါ်လွင်၏။ တလုံးတခဲထည်း မဟုတ်၊ မှုန်မှုန်မွှားမွှား အကွဲအပြားဟု သိလျှင် အနတ္တအပြစ် ပေါ်လွင်၏။)

ဖြစ်ပျက်ငါးပါးစီ–အဖြစ် လက္ခဏာ သုံးပါးရှိသော ရုပ်သည် အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ ဖြစ်ခြင်းကြောင့်ဖြစ်၏။ ဥပါဒ်လက္ခဏာလည်း ရုပ်၏ဖြစ်ခြင်းသာတည်း။ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရချုပ်ခြင်းကြောင့်ချုပ်၏၊ ဘင်လက္ခဏာလည်း ရုပ်၏ ချုပ်ခြင်းသာတည်း။

အပြစ်လက္ခဏာသုံးပါးရှိသောဝေဒနာသည်အဝိဇ္ဇာ၊တဏှာ၊ ကံ၊ဖဿဖြစ်ခြင်းကြောင့်ဖြစ်၏၊ဥပါဒ်လက္ခဏာလည်း ဝေဒနာ၏ ဖြစ်ခြင်းသာတည်း။ အဝိဇ္ဇာ၊တဏှာ၊ကံ၊ဖဿ ချုပ်ခြင်းကြောင့် ချုပ်၏။ဘင်လက္ခဏာလည်း ဝေဒနာ၏ချုပ်ခြင်းသာတည်း။

(သညာ၊သင်္ခါရ၌ဝေဒနာနှင့်တူစွာ ဖဿယှဉ်ရသည်)

အပြစ်လက္ခဏာ သုံးပါးရှိသော သညာသည်–

အပြစ်လက္ခဏာ သုံးပါးရှိသော သင်္ခါရသည်–

အပြစ်လက္ခဏာ သုံးပါးရှိသော ဝိညာဏ်သည် အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ နာမ်ရုပ် ဖြစ်ခြင်းကြောင့် ဖြစ်၏။ ဥပါဒ်လက္ခဏာ လည်း ဝိညာဏ်၏ ဖြစ်ခြင်းသာတည်း။ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ နာမ်ရုပ် ချုပ်ခြင်းကြောင့် ချုပ်၏၊ ဘင်လက္ခဏာလည်းဝိညာဏ် ၏ ချုပ်ခြင်းသာတည်း။

ဥဒယဗ္ဗယဉာဏ်ပြီး၏။

ဘင်္ဂဉာဏ်–အပြစ်လက္ခဏာဖြင့် ဖြစ်ခြင်း ပျက်ခြင်းလျှင်မြန် စွာထင်သောအခါ လျှပ်စစ် ပြက်သည်ကို ဖြစ် ခြင်းမမြင် ပျက်ခြင်းသာမြင်ရသကဲ့သို့ဥပါဒ်မမြင်၊ ဌီမမြင် ခန္ဓာ ငါးပါး နိမိတ်မျှမမြင်၊ ပျက်ခြင်းသာ မြင်သော ဉာဏ်သည် ဘင်္ဂဉာဏ်မည်၏။

သင်္ခါရတရားအစုသည် ဤသို့ဖြစ်ပြီးလျှင် ဤသို့ချုပ်လေ၏ တကား။

လျှပ်စစ်ဖမာ မြန်လှ၏။ ဖြစ်ခြင်းမထင် ပျက်ခြင်းသာ ထင် လေ၏တကား။

ပြင်ဖြစ်သမျှ သင်္ခါရအစုသည် အပျက်ချည်းသာ ဖြစ်လေ၏ တကား။

ခန္ဓာငါးပါးတို့၏ပျက်ခြင်းသည် နိစ္စမဟုတ်-အနိစ္စ၊ အနိစ္စ။ သုခမဟုတ်-ဒုက္ခ၊ ဒုက္ခ။ အတ္တမဟုတ်-အနတ္တ၊ အနတ္တ။ စုံမက်စရာမဟုတ်-ငြိငွေ့စရာ နိဗ္ဗိဒ၊ နိဗ္ဗိဒ။ တွယ်တာစရာမဟုတ်-စက်ဆုပ်စရာ ဝိရာဂ၊ ဝိရာဂ။ ဖြစ်ပေါ်သည်မဟုတ်-ချုပ်ကွယ်တတ်၏ နိရောဓ၊ နိရောဓ၊ ယူတတ်သည်မဟုတ်—စွန့်ပစ်တတ်၏ ပဋိနိဿဂ္ဂ၊ ပဋိနိဿဂ္ဂ။

ထိုပျက်ခြင်းဘင်ကို သိသော စိတ်၏ ပျက်ခြင်း ဘင်လည်း- အနိစ္စ၊ အနိစ္စ၊ ဒုက္ခ၊ ဒုက္ခ၊ အနတ္တ၊ အနတ္တ။ နိဗ္ဗိဒ၊ နိဗ္ဗိဒ။ ဝိရာဂ၊ ဝိရာဂ။ နိရောဓ၊ နိရောဓ။ ပဋိနိဿဂ္ဂ၊ ပဋိနိဿဂ္ဂ—သာဘော သာ တည်း။

သင်္ခါရတို့၏ ပျက်ခြင်းသည် အိုးခွက်ကွဲတူ အိုးဘင်းပူနှမ်း ကျက်တပျက်ထည်း ပျက်လေ၍တကား။

ပရမ်းပတာကြဲသော မြူနှသဘော အတောမသတ် ပျက်လေစွ တကား။

မိုးသည်းရွာစဉ်ရေမြှင်ဗွာရေပွက်အပေါင်း ဥဒေဗင်းပုံဟန်အပျက် မြန်လှ၏တကား။

ဦးခေါင်းမီးလောင်သူ မီးသတ်ရန် လက်မနှေးစေရ။ မသေ လိုသူ ဘင်ဉာဏ် လက်မနှေး စေရ။

ယထာပိ ပုပ္ဖုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

ပုပ္ဖုဠကံ၊ ရေပွက်ကို။ ပဿေယထာ၊ တဖျတ်ဖျတ်အသွင်

မြင်ရသကဲ့သို့။ မရိစိကံ၊ တံလျှပ်ကို။ ပဿေယထာ၊ ယူစရာမထင် မြင်ရသကဲ့သို့။ ဧဝံ၊ ဤအတူ၊ သောကံ၊ ခန္ဓာငါးဝ ရုပ်နာမ် လောကကို။ အဝေက္ခန္တံ၊ ဉာဏ်သက်ဝင်၍ မြင်ရသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်။

ဘင်္ဂဉာဏ်ပြီး၏။

ဘယဉာဏ် — ရုပ်နာမ် သင်္ခါရတို့၏ ပျက်ခြင်းသာမြင်၍ ဘဝအားလုံးကို ကြောက်သန့်ဘွယ်ဟု ထင်သော ဉာဏ်သည် ဘယဉာဏ်မည်၏။

ယောနိ၊ ဘဝ၊ သင်္ခါရ အားလုံးသည် ကြောက်ဘွယ်ဘေး ကြီးပါတကား။

တေဘူမက သင်္ခါရအားလုံးသည် ခြင်္သေ့ အလား မြွေကျား ဘေးဆိုး မိုးကြိုး စက်ကွင်း ရှားမီးကွင်းပမာ ကြောက်ဘွယ် ဘေးကြီးပါတကား။

စစ်တလင်းကုန်း သင်းချိုင်းကုန်းပမာ နေချင်စရာ မရှိလေစွ တကား။

အတိတ်နာမ်ရုပ် ချုပ်ပြီးပြီ။ ပစ္စုပ္ပန်နာမ်ရုပ်ချုပ်ဆဲ၊ အနာဂတ်နာမ်ရုပ် ချုပ်လတ္တံ့။ သင်္ခါရအားလုံး ကြောက်ဘွယ်ဘေး ကြီး ပါတကား။

မင်းပြစ်သင့်သော သားသုံးယောက်တို့တွင် သားကြီးသတ်ပြီး၍ သားလတ် သတ်ဆဲအခါ၊ သားငယ်အပေါ် မြော်သင့်စရာမရှိသည်နှင့် တူလှချေ၏တကား။

ကာမဘုံခန္ဓာ-သံတံကျင်ပမာ၊ ရူပဘုံခန္ဓာ-ငွေတံကျင်ပမာ၊ အရူပဘုံခန္ဓာ-ရွှေတံကျင်ပမာ၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် တံကျင်သုံးခုစိုက်ထူ၍ ဥာဏ်မျက်စိကျယ်သနေလောက ဘုံသုံးပါး လုံး ကြောက်ဘွယ်ဘေးတို့သာ ဖြစ်ကုန်စွတကား။

ဘယဥာဏ်ပြီး၏။

အာဒီနဝဥာဏ်... ဘုံသုံးပါးလုံး၌ တောင့်တစရာ မထင် အပြစ်မြင်သော ဥာဏ်သည် အာဒီနဝ ဥာဏ်မည်၏။

ဘုံသုံးပါးသည် မီးကျီးတွင်းသုံးခုနှင့် တူလေစွ။

ပထဝီ ဓာတ်ပေါ်သော ခေါင်းလေးပါးသည် မြွေကြီးလေး ကောင်နှင့် တူလေစွ။

ခန္ဓာငါးပါးသည် သံလျက်မိုးသော သူသတ် ယောကျ်ား ငါးယောက်နှင့် တူလေစွ။

ကြွေသောတတ်သော အဇ္ဈတ္တိကာယတန ခြောက်ပါးသည် ရွာပျက်ကြီးခြောက်ခုနှင့် တူလေစွ။

ရူပ ရုံ သဒ္ဒါရုံ စသော ဗာဟိရာယတန ခြောက်ပါးသည် ရွာဖျက် ထားပြကြီး ခြောက်ယောက်နှင့်တူလေစွ။

ဝိညာဏဋ္ဌိတိ ခုနစ်ပါး၊ သတ္တာဝါသ ဘုံကိုးပါးသည် မီး ၁၁-ပါးလောင်သော ခုနစ်ထပ်အိမ်၊ ကိုးထပ်အိမ်နှင့် တူလေစွ။

ပဋိသမ္ဘိဒါမဂ်ပါဠိတော် အာဒီနဝ ထင်ပုံကား... ဥပ္ပါဒ ဒေါ- ရှေး ကံ ကြောင့် ခန္ဓာငါးပါးဖြစ်ခြင်းသည်။ ပဝတ္တံ-ပဝတ္တိအခါ ခန္ဓာ

ငါးပါး၊ အဆက်ဆက် ဖြစ်ခြင်းသည်။ နိမိတ္တံ-အကောင်အထည် ဟူ၍ ယူစရာ နိမိတ် ရှိခြင်းသည်။ အာယူဟနာ-နှောင် ပဋိသန္ဓေ ရကြောင်း ကံကိုအားထုတ်ခြင်းသည်။ ပဋိသန္ဓိ-ပဋိသန္ဓေ နေရ ခြင်းသည်။ ဘယံ-ဘေးဖြင့်၏၊ ဒုက္ခံ-ဆင်းရဲ၏။ သာမိသံ-အာမိသသုံးမျိုးရှိ၏။ သင်္ခါရံ-အကြောင်းတရားတို့ ပြုပြင်အပ်၏။

(အာမိသသုံးမျိုးကား ဝဋ္ဋာမိသ၊ လောကာမိသ၊ ကိလေသာမိသ။)

အနုပ္ပါဒေါ-ရှေးကံကြောင့် ခန္ဓာငါးပါး မဖြစ်ခြင်းသည်။ အပ္ပဝတ္တံ-ပဝတ္တိအခါ ခန္ဓာငါးပါး အဆက်ဆက် မဖြစ်ခြင်းသည်။ အနိမိတ္တံ-အကောင်အထည်ဟူ၍ ယူစရာ နိမိတ်မရှိခြင်းသည်။ အနာယူဟနာ နှောင် ပဋိသန္ဓေရကြောင်း ကံကို အားမထုတ်ခြင်းသည်။ အပ္ပဋိသန္ဓိ-ပဋိသန္ဓေ မနေရခြင်းသည်။ ခေမံ-ဘေးကင်း၏။ သုခံ-ချမ်းသာ၏။ နိရာမိသံ-အာမိသသုံးမျိုးမရှိ။ နိဗ္ဗာနံ- နိဗ္ဗာန်ဖြစ်၏၊

ဥပ္ပါဒဿ နိဗ္ဗတ္တိ-ခန္ဓာတို့၏ ဖြစ်ခြင်းသည်....ဝင်၏၊ ပဝတ္တဿ ဂတိ-ပဋိသန္ဓေဖြစ်ရာ ဂတိငါးဖြာသည်၊ ဥပပတ္တိ- ဝိပါက်၏ ဖြစ်ခြင်းသည်....ဝင်၏။ နိမိတ္တဿ ဇရာ-အိုခြင်းသည်၊ ဗျာဓိ-နာခြင်းသည်၊ မရဏံ-သေခြင်းသည်၊ သောကော-စိုးရိမ်ခြင်းသည်၊ ပရိဒေဝေါ-ငိုကြွေးခြင်းသည်၊ ဥပါယာသော-ပြင်းစွာ ပင်ပန်းခြင်းသည်-ဝင်၏။ အာယူဟနာဿ ဝင်သောပုဒ် မရှိ။ ပဋိသန္ဓိဿ ဇာတိ-ပဋိသန္ဓေနေခြင်းသည်....ဝင်၏။

(ပရိယာယ်ဝေဝုဒ်အားဖြင့် ငါးပုဒ်ဿ ဆယ်ပုဒ်ဝင်၏။)

အပြစ်မြင်ပုံကား....ဥပ္ပါဒေါ-ဘယံ၊ ပဝတ္တံ-ဘယံ။ နိမိတ္တံ-ဘယံ၊ အာယူဟနာ-ဘယံ။ ပဋိသန္ဓိ-ဘယံ၊ ဂတိ-ဘယံ။ နိဗ္ဗတ္တိ-ဘယံ၊ ဥပပတ္တိ-ဘယံ။ ဇာတိ-ဘယံ၊ ဇရာ-ဘယံ။ ဗျာဓိ-ဘယံ၊ မရဏံ-ဘယံ။ သောကော-ဘယံ၊ ပရိဒေဝေါ-ဘယံ။ ဥပါယာသော-ဘယံ။ အာဒီနဝဉာဏ် ၁၅ ခု။

အနုပ္ပါဒေါ- ခေမံ၊ အပ္ပဝတ္တံ- ခေမံ။ အနိမိတ္တံ- ခေမံ-အနာယူဟနာ-ခေမံ။ အပ္ပဋိသန္ဓိ-ခေမံ၊ အဂတိ-ခေမံ။ အနိဗ္ဗတ္တိ-ခေမံ အနုပပတ္တိ-ခေမံ။ အဇာတိ-ခေမံ၊ အဇရာ-ခေမံ။ အဗျာဓိ-ခေမံ၊ အမတံ-ခေမံ။ အသောကော-ခေမံ၊ အပရိဒေဝေါ-ခေမံ။ အနုပါယာသော-ခေမံ။ ။သန္တိပဒဉာဏ် ၁၅- ခု။

ဥပ္ပါဒေါဘယံ၊ အနုပ္ပါဒေါ-ခေမံ။ ပဝတ္တံ-ဘယံ၊ အပ္ပဝတ္တံ-ခေမံ....လ....။ ဥပါယာသော-ဘယံ၊ အနုပါယာသော-ခေမံ။ ။ ယမကဉာဏ် ၁၅-ခု။

ဥပ္ပါဒေါ-ဒုက္ခံ၊ ပဝတ္တံ-ဒုက္ခံ။ (ဆက်နိုင်စေ။) အာဒီနဝဉာဏ် ၁၅-ခု။

အနုပ္ပါဒေါ- သုခံ၊ အပ္ပဝတ္တံ-သုခံ။ သန္တိပဒဉာဏ် ၁၅-ခု။ ဥပ္ပါဒေါ - ဒုက္ခံ၊ အနုပ္ပါဒေါ - သုခံ။ ယမကဉာဏ် ၁၅-ခု။ ဥပ္ပါဒေါ-သာမိသံ၊ ပဝတ္တံ-သာမိသံ။ အာဒီနဝဉာဏ် ၁၅-ခု။ အနုပ္ပါဒေါ-နိရာမိသံ၊ အပ္ပဝတ္တံ-နိရာမိသံ။ သန္တိပဒဉာဏ် ၁၅-ခု။

ဥပ္ပါဒေါ-သာမိသံ၊ အနုပ္ပါဒေါ-နိရာမိသံ။ ယမကဉာဏ် ၁၅-ခု။ ဥပ္ပါဒေါ သင်္ခါရံ၊ ပဝတ္တံ-သင်္ခါရံ။ အာဒီနဝဉာဏ် ၁၅-ခု။ အနုပ္ပါဒေါ-နိဗ္ဗာနံ၊ အပ္ပဝတ္တံ-နိဗ္ဗာနံ။

သန္တိပဒဉာဏ် ၁၅-ခု။ ဥပ္ပါဒေါ-သင်္ခါရံ၊ အနုပ္ပါဒေါ-နိဗ္ဗာနံ၊ ယမကဉာဏ် ၁၅-ခု။

အကျဉ်းအားဖြင့် ဉာဏ်ဆယ်ပါးမျှ သိလျှင် ဒိဋ္ဌိ အမျိုးမျိုးကြောင့် တုန်လှုပ်ခြင်းမရှိ။

အကျဉ်းဆယ်ပါးကား.... ဥပ္ပါဒေါ-ဒုက္ခံ။ ပဝတ္တံ-ဒုက္ခံ။ နိမိတ္တံ-ဒုက္ခံ။ အာယူဟနာ-ဒုက္ခံ။ ပဋိသန္ဓိ-ဒုက္ခံ။ အာဒီနဝဉာဏ်ငါးခု။

အနုပ္ပါဒေါ-သုခံ။ အပ္ပဝတ္တံ-သုခံ။ အနိမိတ္တံ-သုခံ။ အနာယူဟနာ-သုခံ။ အပဋိသန္ဓိ-သုခံ။ သန္တိပဒဉာဏ်ငါးခု။ ဤဆယ်ခုကား အကျဉ်းတည်း။

အာဒီနဝဉာဏ်ပြီး၏။

နိဗ္ဗိဒဉာဏ်.... ဘုံသုံးပါး၌ ဖြစ်မြင်ခြင်းဖြင့် ငြီးငွေ့လျက် နိဗ္ဗာန်သို့ ညွတ်ကိုင်းသော ဉာဏ်သည် နိဗ္ဗိဒါဉာဏ်မည်၏။

ရွှေဟင်္သာသည် ဒွန်းစဏ္ဍားအိုင်၌မမွေ့၊ ဟိမဝန္တာ အိုင်ကြီး ခုနစ်အိုင်၌ မွေ့သည်။ ခြင်္သေ့မင်းသည် ရွှေချိုင့်၌မမွေ့၊ ဟိမဝန္တာ ဘောသုံးတောင်၌ မွေ့သည်- ဆဒ္ဒန်ဆင်မင်းသည် မြို့နားရွာနား၌ မမွေ့၊ ဆဒ္ဒန်အိုင်၌မွေ့သည်၊

ဘုံဘဝအားလုံးသည် ဒွန်းစဏ္ဍားအိုင်နှင့်တူ၏။ ရွှေချိုင့်နှင့်တူ၏။ မြို့နားရွာနားနှင့် တူ၏၊ မွေ့လျော်ဘွယ် မဟုတ်လေစွတကား။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ နိဗ္ဗိဒ၊ ဝိရာဂ၊ နိရောဓ၊ ပဋိနိဿဂ္ဂ–ဟူသော အနုပဿနာအိုင်ကြီး ခုနစ်အိုင်သော မေ့လျော်ဘွယ် ကောင်းလေးစွ။

အနိစ္စရှုခြင်း၊ ဒုက္ခရှုခြင်း၊ အနတ္တရှုခြင်း– ဟူသော အနုပဿနာ တောသုံးထောင်သော မေ့လျော်ဘွယ်ကောင်းလေစွ။

အနုပ္ပါဒေါ–ခေမံ၊ အပ္ပဝတ္တံ–ခေမံ၊....စသည်ဖြင့်တွေးဆ၍ မြင်ရသော နိဗ္ဗာန် ဟူသော ဆဒ္ဒန်အိုင်ကြီးသော မေ့လျော်ဘွယ်ကောင်းလေစွ။

[ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒ ဤဉာဏ် သုံးခုသည် ဝိပဿနာစဉ်ဖြင့် အစဥ်သဘောကွဲ၏၊ အထွဋ်အထိပ်သို့ ရောက်သောအခါ သဘောတူ၏။ တဉာဏ်ထည်း ဖြစ်၏။ သုံးမည်ရ ဉာဏ်တခုဖြစ်၏။]

နိဗ္ဗိဒဉာဏ် ပြီး၏။

မုဉ္စိတုကမျတာဉာဏ်....ငြီးငွေ့ခြင်းဖြင့် ဘုံသုံးပါးမှ လွှတ်လိုသော ဉာဏ်သည် မုဉ္စိတုကမျတာဉာဏ်မည်၏၊

(သင်္ခါရအားလုံးကို စွန့်လွှတ်လိုသော ဉာဏ်ဟူလို)

ဘုံသုံးပါး၌ အိုဘေး၊ နာဘေး၊ သေဘေး အကြား ကျင်လည်ရခြင်းသည် ပိုက်ကွန်မိသော ငါး၊ ဂဠုန်လက်တွင်း နဂါး၊ မြွေခံတွင်း ဘားနှင့် တူလှ၏။ ယခုလွှတ်မူ ကောင်းလေစွ။

ချိုင့်လှောင်သော တောကြက်။ ကျော့ကွင်း မိသော တောဝက်၊ ကြောင်ခံတွင်း ကြွက်နှင့် တူလှ၏။ ယခုလွှတ်မူ ကောင်းလေစွ။

အလမ္ပာယ် မြေအလား၊ စွန်လက်သဲကြား စာသူငယ်၊ ညွန့်အိုင် အလယ် ဆင်ပြောင် နှင့် တူလှ၏။ ယခု လွတ်မှု ကောင်းလေစွ။

မုဥ္စိတုကမျတာဥာဏ်ပြီး၏။

ပဋိသင်္ခါဉာဏ်....လွတ်ကြောင်း ပြည့်စုံအောင် တဖန် ပြန်၍ သင်္ခါရတို့ကို သိမ်းဆည်းသော ဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်၏။

ရူပံ....အနိစ္စံ ခယဋ္ဌေန။ ဒုက္ခံ ဘယဋ္ဌေန။ အသုဘံ ပဋိကူလဋ္ဌေန။ အနတ္တာ အသာရကဋ္ဌေန။

ဝေဒနာ။ သညာ။ သင်္ခါရာ။ ဝိညာဏံ။

ရူပံ....အနိစ္စံ၊ ပလောကံ၊ စလံ၊ ပဘင်္ဂု၊ အဒ္ဓုဝံ။ (၅)

ဝိပရိဏာမံ၊ အသာရကံ၊ ဝိဘဝံ၊ သင်္ခတံ၊ မရဏဓမ္မံ။ (၅)

[အနိစ္စာနု ၁၀။]

ဒုက္ခံ၊ ရောဂံ၊ ဂဏ္ဍံ၊ သလ္လံ၊ အဃံ။ (၅)

အာဗာဓံ၊ ဤတိ၊ ဥပဒ္ဒဝံ၊ ဘယံ၊ ဥပသဂ္ဂံ။ (၅)

အတာဏံ၊ အလေဏံ၊ အသရဏံ၊ အာဒီနဝံ၊ အဃမူလံ။ (၅)

ဝဓကံ၊ သာသဝံ၊ မာရာမိသံ၊ ဇာတိဓမ္မံ၊ ဇရာဓမ္မံ။ (၅)

ဗျာဓိဓမ္မံ၊ သောကဓမ္မံ၊ ပရိဒေဝဓမ္မံ၊ ဥပါယာသဓမ္မံ၊ သံကိလေသဓမ္မံ။ (၅) (ဒုက္ခာနု ၂၅။)

ပရံ၊ ရိတ္တံ၊ တုစ္ဆံ၊ သုညံ၊ အနတ္တာ။ (၅) (အနတ္တာ၅ နု။)

[သမ္မသနဉာဏ်၌ အနက်နှင့်တကွ ဆိုပြီးပြီ။]

ဝေဒနာ။ သညာ။ သင်္ခါရာ။ ဝိညာဏံ၊ ထိုအတူ။

ပဋိသင်္ခါဉာဏ်ပြီး၏။

သင်္ခါရုပေက္ခာဉာဏ်....ကြောက်ခြင်း နှစ်သက်ခြင်း ပယ်၍၊ စက်ဆုပ်ခြင်း စုံမက်ခြင်းပယ်၍၊ ရွံမုန်းခြင်း၊ တွယ်တာခြင်း ပယ်၍ သင်္ခါရတို့၌ လျစ်လျူ ရှုသော ဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

အနတ္တ ခထင် သည့်မမြင်လျှင် သစ္စာလေးပါးမသိနိုင်။အနတ္တ မြဲခိုင်အောင် ဖန်ဖန်သိမ်းဆည်းရသည်။ ဒွိ၊စတု၊ဆ၊အဋ္ဌ၊ဒသ၊ ဒွါဒသ၊ဒွေစတ္တာလီသ–အဘို့ ခုနစ်ပါးဖြင့် သိမ်းဆည်းရသည်။

(သင်္ခါရုပေက္ခာဉာဏ်အားရှိ၍နိဗ္ဗာန်ကိုမြင်လျှင် အနုလုံ၊ ဂေါတြဘူ၊ မဂ်၊ ဖိုလ် တက်၍ တရှိန်ထည်း နိဗ္ဗာန်သို့ ပြေးဝင်နိုင်၏။ မမြင်သေးလျှင် သင်္ခါရ တို့ကိုပင် ပြန်၍ သုံးသပ်ရသည်။ သမုဒ္ဒရာအလယ်၌ သင်္ဘောသားတို့လွှတ် လိုက်သော်လည်း ကမ်းမမြင်သဖြင့် လင်းယဉ်တိုင်၌ ပြန်၍ နားရသော ဒိသာကာက ကျီးငှက်ကဲ့သို့တည်း။ မုဉ္စိတု၊ ပဋိသင်္ခါ သင်္ခါရု–ဤဉာဏ်သုံးပါးသည် ဖြစ်ပုံမျှ ကွဲပြား၍ အနက်တူ သုံးမည်ရ တဉာဏ်ထည်း ဖြစ်၏။ သင်္ခါရုပေက္ခာ၊ အနုလောမ၊ ဂေါတြဘူ– ဤဉာဏ်သုံး ပါးသည် လောကီဉာဏ်ထိပ်ဆုံး သိခါပတ္တမည်၏။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာလည်း မည်၏။)

ဖန်ဖန်....အနတ္တ မြဲခိုင်အောင် ဖန်ဖန် သိမ်းဆည်းပုံကား.... ရုပ်နာမ်ခန္ဓာသင်္ခါရတို့သည် အတ္တမှ ဆိတ်ကုန်၏။ နိစ္စသာရမှ ဆိတ်ကုန်၏။ အတ္တမှ ဆိတ်ကုန်၏။ နိစ္စသာရမှ ဆိတ်ကုန်၏။

ဒွိ....ဒွိဟူသည်ကား— သုညမိဒံ အတ္တေနဝါ၊ အတ္တနိယေနဝါ။

ဣဒံ၊ ဤသင်္ခါရ သဘောတရားသည်။ အတ္တေနဝါ၊ ကိုယ်မှလည်း။ သုညံ၊ ဆိတ်၏။ အတ္တနိယေနဝါ၊ မိမိဥစ္စာ သတ္တဝါ သင်္ခါရမှလည်း။ သုည၊ ဆိတ်၏။

စတု....စတုဟူသည်ကား— နာဟံ ကွစနိ၊ န ကဿစိ ကိဉ္စနတသ္မိံ။ န စ ပရောကွစနိ၊ န မမ ကိဉ္စနတသ္မိံ။

ကွစနိ၊ တစုံတခုသော ဌာန ကာလ တွင်းပ သဘော၌။ အဟံ၊ ငါဟုဆိုစရာ ကိုယ်သည်။ န၊ မရှိ။

ကဿစိ၊ သူတပါး၏။ ကိဉ္စနတသ္မိံ၊ ကြောင့်ကြဘွယ်အဖြစ်၌။ ဥပနေတဗ္ဗော၊ သိအပ်သော။ ကဿစိ၊ သူတပါး၏ "သား၊ မြေး၊ မိဘ စသည်ဆိုစရာ ငါဟူသောကိုယ်သည်။" ကွစနိ၊ တစုံတခုသောဌာန ကာလ တွင်းပသဘော၌။ န၊ မရှိ။

ကွစနိ၊ တစုံတခုသော ဌာန ကာလ တွင်းပ သဘော၌၊ ပရော စ၊ သူတပါး ဟုဆိုစရာ ကိုယ်သည်လည်း။ န၊ မရှိ။

မမ၊ ငါ၏။ ကိဉ္စနတသ္မိံ၊ ကြောင့်ကြဘွယ်အဖြစ်၌။ ဥပနေတဗ္ဗော၊ သိအပ်သော၊ မမ၊ ငါ၏ "သား မြေး မိဘ စသည်ဆိုစရာ သူတပါးဟူသောကိုယ်သည်။" ကွစနိ၊ တစုံတခုသောဌာန ကာလ တွင်းပသဘော၌။ န၊ မရှိ။

နေရာဟူသမျှ၊ အခါဟူအမျှ၊ တွင်းပသဘော ဟူသမျှ၌.... ငါမရှိ၊ သူမရှိ။ သူ၏ကြောင့်ကြဘွယ်ငါမရှိ။ ငါ၏ကြောင့်ကြဘွယ်သူ မရှိ။

(ကိဉ္စနတသ္မိံ-ဟူသည်၌ ကိဉ္စနတ္တသ္မိံ ဟုဆိုသင့်လျက် တ-တခုချေသည်။ တနည်း- ကိဉ္စနတာယ-ဟု ဆိုသင့်

လျက် လိုင်ဖောက်ပြန်ထားသည်။ ဘိ°သနကတသို°-
ဟူသောပါရာဇိကကဏ်ပါဠိတော်ကဲ့သို့တည်း။]

ဆ – ဆဟူသည်ကား– ရူပံ သညံ-အတ္တေနဝါ၊ အတ္တနိ
ယေနဝါ၊ နိစ္စေနဝါ၊ ဓုဝေနဝါ၊ သဿတေနဝါ၊
အဝိပရိဏာမ ဓမ္မေနဝါ။

ရူပံ၊ ရုပ်သည်။ အတ္တနဝါ၊ ကိုယ်မှုလည်း။ သညံ၊ ဆိတ်၏။ အတ္တနိယေနဝါ၊ ကိုယ်၏ဥစ္စာ သတ္တဝါ သင်္ခါရမှုလည်း။ သညံ၊ ဆိတ်၏။ နိစ္စေနဝါ၊ မြဲ၏ဟု ကြံဆအပ်သောမိမိကိုယ်, သူတပါး ကိုယ်မှုလည်း။ သညံ၊....။ ဓုဝေနဝါ၊ ခိုင်ခန့် ခြင်းမှု လည်း။ သညံ၊....။ သဿတေနဝါ၊ အမြဲထင်ရှား ရှိခြင်းမှု လည်း။ သညံ၊ ။ အဝိပရိဏာမ ဓမ္မေနဝါ၊ မဖောက်ပြန်ခြင်းသဘော မှုလည်း။ သညံ၊ ဆိတ်၏။

(ခန္ဓာ ငါးပါး၊ ဒွါရ ခြောက်ပါး၊ အာရုံ ခြောက်ပါး၊ ဝိညာဏ် ခြောက်ပါး၊ ဖဿ ခြောက်ပါး၊ ပဋိစ္စ သမုပ္ပါဒ်အင်္ဂါ ၁၂-ပါး။ ဇရာမရဏာအထိ သုံးသပ် ရသည်။)

အဋ္ဌ– အဋ္ဌဟူသည်ကား– ရူပံ အသာရံ နိဿာရံ သာရာပ
ဂတံ-နိစ္စ သာရ သာရေနဝါ၊ ဓုဝသာရ သာရေန
ဝါ၊ သုခသာရ သာရေနဝါ၊ အတ္တသာရ သာရေနဝါ၊ နိစ္စေ
နဝါ၊ ဓုဝေနဝါ၊ သဿတေနဝါ၊ အဝိပရိဏာမဓမ္မေနဝါ။

ရူပံ၊ ရုပ်သည်။ နိစ္စသာရ သာရေနဝါ၊ နိစ္စသာရဟူသော အနှစ်ဖြင့်လည်း။ အသာရံ၊ ငှက်ပျောတုံးပုပ် ရေမြှုပ်အဖြစ် အနှစ် မဟုတ်။ နိဿာရံ၊ ငှက်ပျောတုံးပုပ် ရေမြှုပ်အဖြစ် အနှစ်မရှိ။

သာရာပဂတံ၊ ငှက်ပျောတုံးပုပ် ရေမြှုပ်အဖြစ် အနှစ်ကင်း၏။ ဖုဝသာရ သာရေနဝါ။ ဖုဝသာရဟူသောအနှစ်ဖြင့်၎င်း။ သုခသာရ သာရေနဝါ၊ သုခသာရဟူသော အနှစ်ဖြင့်၎င်း။ အတ္တသာရ သာရေနဝါ၊ အတ္တသာရဟူသော အနှစ်ဖြင့်၎င်း။ နိစ္စေနဝါ၊ မြဲခြင်းဖြင့်၎င်း။ ဓုဝေနဝါ၊ ခိုင်ခြင်းဖြင့်၎င်း။ သဿတေနဝါ၊ အမြဲထင်ရှား ရှိခြင်းဖြင့်၎င်း။ အဝိပရိဏာမ ဓမ္မေနဝါ၊ မဖောက်မပြန်ခြင်း သဘောဖြင့်၎င်း။— အသာရံ၊ ငှက်ပျောတုံးပုပ် ရေမြှုပ်အဖြစ် အနှစ်မဟုတ်။ နိဿာရံ၊ ငှက်ပျောတုံးပုပ် ရေမြှုပ်အဖြစ်အနှစ်မရှိ။ သာရာပဂတံ၊ ငှက်ပျောတုံးပုပ် ရေမြှုပ်အဖြစ် အနှစ်ကင်း၏။

(ခန္ဓာ ငါးပါး၊....လ....။ ဇရာမရဏအထိ သုံးသပ်ရသည်။)

ဒသ — ဒသဟူသည်ကား—ရူပံ-ရိတ္တံ၊တုစ္ဆံ၊သုညံ၊ အနတ္တာ၊ အနိဿရိယံ၊ အကာမကာရိယံ၊ အလဗ္ဘနီယံ၊ အဝသဝတ္တကံ၊ ပရံ၊ ဝိဝိတ္တံ။

ရူပံ၊ရုပ်သည်–ရိတ္တံ–နိစ္စသာရ စသောအနှစ်ကင်း၏။တုစ္ဆံ-အချည်းနှီးဖြစ်၏။ သုညံ-အတ္တသာရမှ ဆိတ်၏။ အနတ္တာ—ကိုယ်မဟုတ်။ အနိဿရိယံ အစိုးရသူမရှိ။ အကာမကာရိယံ အလိုရှိတိုင်းပြု၍မရ။ အလဗ္ဘနီယံ တောင့်တတိုင်းမရ။ အဝသဝတ္တကံ အလိုမတူဘဲဖြစ်တတ်၏။ ပရံ သူစိမ်းပြင်ပဖြစ်၏။ ဝိဝိတ္တံ အကြောင်းအကျိုးမှ ဆိတ်၏။

(ခန္ဓာငါးပါး၊....လ....။ဇရာမရဏအထိ သုံးသပ်ရသည်။)

ဒွါဒသ ဒွါဒသဟူသည်ကား ရူပံ န သတ္တော၊ န ဇီဝေါ၊
န နရော၊ န မာဏဝေါ၊ န ဣတ္ထိ၊ န ပုရိသော၊
နအတ္တာ၊ နာဟံ၊ န အတ္တနိယံ၊ န မမ၊ န အညဿ၊ န ကဿစိ။

ရူပံ၊ ရုပ်သည် နသတ္တော-သတ္တဝါ မဟုတ်။ နဇီဝေါ-အသက်မဟုတ်-အရှင်မဟုတ်။ န နရော-မဆောင်တတ်သူမဟုတ်။ န မာဏဝေါ-မာနဖြစ်ရာ လုလင်မဟုတ်။ န ဣတ္ထိ-မိန်းမ မဟုတ်။ န ပုရိသော-ယောကျ်ားမဟုတ်။ နအတ္တာ-ကိုယ် မဟုတ်။ နာဟံ-ငါမဟုတ်။ နအတ္တနိယံ-ကိုယ်၏ဥစ္စာ မဟုတ်။ န မမ-ငါ၏ဥစ္စာမဟုတ်။ နအညဿ-သူတပါး၏ဥစ္စာမဟုတ်။ နကဿစိ-တစုံတယောက်၏ ဥစ္စာမဟုတ်။

(နအတ္တနိယံ-စသော နောက်လေးပုဒ်ဖြင့် ကိဉ္စနတာ-ကြောင့်ကြစရာ သဘောမရှိသည်ကို ပြသည်။ ။ခန္ဓာငါး ပါး....။လ....။ ဇရာမရဏအထိသုံးသပ်ရသည်။)

ဒွါစတ္တာလီသ—ဒွါစတ္တာလီသ ဟူသည်ကား
ရူပံ-အနိစ္စံ၊ဒုက္ခံ၊ရောဂံ၊ဂဏ္ဍံ၊သလ္လံ။(၅)
အဃံ၊အာဗာဓံ၊ပရံ၊ပလောကံ၊ ဤတိ။ (၅)
ဥပဒ္ဒဝံ၊ ဘယံ၊ ဥပသဂ္ဂံ၊ စလံ၊ပဘင်္ဂုံ။ (၅)
အဒ္ဓုဝံ၊ အတာဏံ၊ အလေဏံ၊အသရဏံ၊ အသရဏီဘူတံ။ (၅)
ရိတ္တံ၊တုစ္ဆံ၊သုညံ၊ အနတ္တာ၊အာဒီနဝံ။ (၅)
ဝိပရိဏာမံ၊အသာရကံ၊အဃမူလံ၊ဝဓကံ၊ဝိဘဝံ။(၅)
သာသဝံ၊သင်္ခတံ၊မာရာမိသံ၊ဇာတိဓမ္မံ၊ဇရာဓမ္မံ။(၅)

ဗျာဓိဓမ္မံ၊ မရဏဓမ္မံ၊ သောကပရိဒေဝဒုက္ခ ဒေါမနဿ ဥပါယာသဓမ္မံ၊ သမုဒယံ၊ အတ္ထင်္ဂမံ။ (၅)

အနုဿာဝံ၊–"အာဒီနဝံ" နိဿရဏံ။ (၂)

ဝေဒနာ၊ သညာ၊ စသည်တို့အတူဘည်း။

(အာဒီနဝံ....နှစ်ကြိမ်ထပ်ဟောသည်။)

ရူပံ၊ ရုပ်သည်။ အနိစ္စံ–အမြဲမရှိ။ ဒုက္ခံ–ဆင်းရဲ၏။ ရောဂံ–မတ်တတ်နာနှင့်တူ၏။ ဂဏ္ဍံ၊ အိုင်းအမာနှင့်တူ၏။ သလ္လံ-မြှားငြောင့်တံကျင်နှင့်တူ၏။ (၅)

အဃံ–မကောင်းမှုဖြစ်၏။ အာဗာဓံ–တုံးလုံးနာနှင့်တူ၏။ ပရံ–သူစိမ်းပြင်ပဖြစ်၏။ ပလောကံ–ပမ်းပတာပျက်၏။ ဤတိ–ဘေးရန်ဖြစ်၏။ (၅)

ဥပဒ္ဒဝံ–ဘေးရန်တည်ရာဖြစ်၏။ ဘယံ–ကြောက်ဘွယ်ဖြစ်၏။ ဥပသဂ္ဂံ–အပြစ်ဒေါသကပ်ငြိ၏။ စလံ–တုန်လှုပ်၏။ ပဘင်္ဂုံ–အလိုလိုပျက်၏။ (၅)

အဒ္ဓုဝံ–မခိုင်ခံ့။ အတာဏံ မစောင့်ရှောက်တတ်။ အလေဏံ ပုန်းအောင်းရာမဟုတ်။ အသရဏံ ဇာတိစသောဘေးကို မညှဉ်းဆဲတတ်။ အသရဏီဘူတံ အားကိုးစရာမဟုတ်။ (၅)

ရိတ္တံ၊ ဓုဝ၊ သုဘ၊ သုခ၊ အတ္တမှဆိတ်၏။ တုစ္ဆံ အချည်းနှီးဖြစ်၏။ သုညံ–သူဘပါးကိုယ်မှဆိတ်၏။ အနတ္တာ ကြံဆအပ်သော ကိုယ်ကောင် အတ္တမဟုတ်။ အာဒီနဝံ–အပြစ်အတိဖြစ်၏။ (၅)။

ဝိပရိဏာမံ ဇရာမရဏဖြင့်ဖောက်ပြန်၏။ အသာရကံ အနှစ်မရှိ၊ အဃမူလံ မကောင်းမှု၏အကြောင်းရင်းဖြစ်၏။ ဝဓကံ မိတ်ဆွေပုံဟန် သေကြောင်းကြံ၏။ ဝိဘဝံ-အစီးအပွား မရှိ။ (၅)။

သာသဝံ-အာသဝေါဖြစ်ကြောင်းဖြစ်၏၊ သင်္ခတံ-အကြောင်းတရားတို့ ပြုပြင်အပ်၏။ မာရာမိသံ-မာရ်ငါးပါး၏ အစာဖြစ်၏။ ဇာတိဓမ္မံ-ပဋိသန္ဓေသဘောရှိ၏။ ဇရာဓမ္မံ-အိုခြင်းသဘောရှိ၏။ (၅)။

ဗျာဓိဓမ္မံ-နာခြင်းသဘောရှိ၏။ မရဏဓမ္မံ-သေခြင်းသဘောရှိ၏။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဓမ္မံ-စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်နာခြင်း၊ စိတ်နာခြင်း၊ ပြင်းစွာပင်ပန်းခြင်းသဘော ရှိ၏။ သမုဒယံ-အကြောင်းတရားတို့ညီညွတ်လျှင် ဖြစ်တတ်၏။ အတ္ထင်္ဂမံ ချုပ်တတ်၏။ (၅)။

အနဿာဒံ သာယာဘွယ်မရှိ။ "အာဒီနဝံ အပြစ်အတိဖြစ်၏"။ နိဿရဏံ ထွက်မြောက်ခြင်းဖြင့် ဖဲရာရှောင်ကြဉ်ရာဖြစ်၏။... (၂)။

ရုပ်ကိုစွဲ၍ ဖြစ်သော သုခ သောမနဿသည် ရုပ်၏ အဿာဒမည်၏။

မမြဲခြင်း ဆင်းရဲခြင်း စသည်သည် ရုပ်၏ အာဒီနဝ မည်၏။

ရုပ်၌ ဖြစ်သော ဆန္ဒရာဂကို ပယ်ခြင်းသည် ရုပ်၏ နိဿရဏမည်၏။

ဒွါစတ္တာလီသ ၄၂ ပါးရှုသူသည် ခန္ဓလောကကို သုညအားဖြင့် ရှုသည်မည်၏။ သုညမြင်သူကို သေမင်း မမြင်ဟု ဟောသည်။ ။ ဤသင်္ခါရုပေက္ခာ ဉာဏ်အထိ ဝိပဿနာ အားထုတ်ခြင်းသည် ပဋိသမ္ဘိဒါ ဉာဏ် ရကြောင်း ငါးပါး၌ **ပါဝင်၏။**

သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ
သတော။
အတ္တာနုဒိဋ္ဌိံ ဥဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။ ။

**မောဃရာဇ၊ ချစ်သား** မောဃရာဇ၊ တွံ၊ သင်သည်။ **သဒါ** အခါခပ်သိမ်း။ သတော၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍။ အတ္တာနုဒိဋ္ဌိံ၊ ငါကိုယ် ငါဟာ ငါဟု အစွဲရှိခြင်းကို။ ဥဟစ္စ ပယ်စွန့်၍ လောကံ၊ ခန္ဓာငါးဝ ရုပ်နာမ်လောကကို။ သုညတော၊ သုညအားဖြင့်။ ဝါ— သုညဟူ၍၊ အဝေက္ခဿု၊ ဉာဏ်သက်ဝင်၍ မြင်အောင်ရှုလော။ ဧဝံ၊ ဤသို့ရှုသည်ရှိသော်။ မစ္စုတရော၊ သေမင်းကို လွန်မြောက်သည်။ သိယာ၊ ဖြစ်ရာ၏။

သင်္ခါရုပေက္ခာဉာဏ်ပြီး၏။

**(ဘယ်သူမဆို သည်အထိ ရောက်နိုင်သည်။ ရောက်လျှင် သောတာပန် စခန်းသို့ တလှမ်းသာလိုတော့သည်။)**

**အနုလောမဉာဏ်....** သင်္ခါရုပေက္ခာဉာဏ် ဖန်ဖန် အားထုတ်သူအား မဂ်စိတ် ဖြစ်လိုသည် ရှိသော် သင်္ခါရတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ—**လက္ခဏာ**တပါးပါးကို အာရုံပြု၍ မနောဒွါရာ ဝဇ္ဇန်း ဖြစ်၍ ပရိကံ၊ ဥပစာ၊ အနုလုံဟု

ဝိပဿနာဇော သုံးကြိမ်ဖြစ်၏၊ နိဗ္ဗာန်ကို အာရုံပြု၍ ဇော တြဲဘူ ဝိပဿနာဇောတကြိမ်၊ မဂ်တကြိမ်၊ ဖိုလ်နှစ်ကြိမ်ဖြင့်၍ ဘဝင်ကျ၏။ ဤစိတ်အစဉ်၌ ပရိကံ၊ ဥပစာ၊ အနုလုံသည် အနုလောမဉာဏ်မည်၏။

အနုလောမဉာဏ်ပြီး၏။

ဤတွင် အားထုတ်စရာ ဉာဏ်အစဉ်ဖြစ်သော ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိပြီး၏။

ဉာဏဒဿနဝိသုဒ္ဓိ ... ဤသို့ဆိုအပ်ပြီးသော ဉာဏ်အစဉ်ဖြင့် မဂ်ဖိုလ် ရပြီးသောအခါ အထက် အထက် မဂ်ဖိုလ် အလို့ငှါ ထိုနာမ်ရုပ်တို့ကို သမ္မသနစသော ဉာဏ်ဆယ်ပါးဖြင့် သုံးသပ်ရသည်။ သခါရုပေက္ခာ ဉာဏ် အဆုံး၌ အထက်မဂ်စိတ် ဝီထိဖြစ်၏။ အဆုံး၌ အရဟတ္တ မဂ် စိတ်ဝီထိဖြစ်၏။ ထိုမဂ်လေးပါး၌ရှိသော ဉာဏ်သည် ကိလေ သာ မျိုးပြုတ်အောင် စင်ကြယ်ခြင်း ထက်မြက်ခြင်းကြောင့် ဉာဏဒဿနဝိသုဒ္ဓိမည်၏။ ဤတွင်မှ ဘုရားရှင်သည် သာသ နာတော်မြတ်၌ ရဟန်းကိစ္စ တုံးသည်မည်၏။ အဂ္ဂဒက္ခိဏေယျ ပုဂ္ဂိုလ်ကြီးအဖြစ်သို့ ရောက်သည်မည်၏။

ဉာဏဒဿနဝိသုဒ္ဓိပြီး၏။

## မဂ်ဥာဏ်ထင်ရှားကြောင်း ဥပမာ ၁၂-ခု

ရှေ့ဥာဏ် နောက်ဥာဏ်နှင့်တကွ ဝုဋ္ဌာနဂါမိနီဝိပဿနာ ဟူသော မဂ်ဥာဏ် ထင်ရှားစေခြင်းငှာ.... ငှက်၊ မြွေ၊ အိမ်၊ နွား၊ (၄) ဘီလူး၊ သားမှတ်(၂) ဆာ၊ ငတ်၊ ဧ၊ ပူ(၄) မှောင်ထူ၊ အဆိပ် (၂) ဤဥပမာ ၁၂-ရပ်ကို သိအပ်၏။

ငှက်။ ။ငှက်ဟူသည်ကား လင်းနို့ငှက်သည် အကိုင်းငါးခု ရှိသော သစ်ပင်၌နား၏။ တကိုင်းစီ အသီးအပွင့် ရှာ၏။ အကိုင်းအားလုံး ယူစရာသီးပွင့်မမြင်၍ အကျိုးမရှိဟု တွယ်တာခြင်းကို စွန့်၏။ ဖြောင့်သော အထက်ကိုင်းသို့ တက်၍ အထက်သို့ကြည့်၍ပျံသွား၏။ အသီးရှိသောသစ်ပင်၌နား၏။ ။ ယောဂီသည်ဥပါဒါနက္ခန္ဓာငါးပါး၌ ငါကိုယ်ဟု နှလုံးသွင်းကာ နာ၏။ ခန္ဓာတပါးစီ ဝိပဿနာဥာဏ်ဖြင့် သီးပွင့်ရှာ၏။ ခန္ဓာ အားလုံး၌ယူစရာမတွေ့ ငြီးငွေ့၍ မုဉ္စိတု၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာဖြင့် အကျိုးမရှိဟု တွယ်တာခြင်းကိုစွန့်၏။ အနုလောမ ဥာဏ်ဖြင့် ဖြောင့်သောအထက်ကိုင်းသို့တက်၍ ဂေါတြဘူဥာဏ် ဖြင့် အထက်သို့ကြည့်၍ မဂ်ဥာဏ်ဖြင့်ပျံသွား၏။ ဖိုလ်ဥာဏ်ဖြင့် အသီးရှိရာတပင်၌ နား၏။

မြွေ။ ။မြွေဟူသည်ကား တံငါသည် ငါးဆောင်းရာ၌ ဝမ်းမြောက်စွာမြွေကိုမိ၏။ ရေမှ ထုတ်ဖော် လတ်သော် လည်ရေးသုံးတန့်မြင်၍ ကြောက်ခြင်း၊ အပြစ်မြင်ခြင်း၊ ငြီးငွေ့ခြင်း၊ လွတ်လိုခြင်း ဖြစ်၏။ လွှတ်နိုင်ကြောင်းပြု၍ လွှင့်

ပစ်၏။ ကမ်းသို့တက်ကာ လာလမ်းပြန်ကြည့်၏။ ဘေးကင်းရာ၌တည်၏။ ။ယောဂီသည် ဘုံသုံးပါးကျင်လည်ရာ၌ ဝမ်းမြောက်စွာ ခန္ဓာငါးပါးမြေကိုရ၏။ ဝိပဿနာဉာဏ်ဖြင့်ထုတ်ဖော်လတ်သော် အနိစ္စ၊ဒုက္ခ၊အနတ္တ လည်ရေးသုံးတန့်မြင်၍ ဘယ၊အာဒီနဝ၊ နိဗ္ဗိဒါ၊ မုဉ္စိတုဉာဏ်ဖြစ်၏။ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာဖြင့် လွှတ်နိုင်ကြောင်းပြု၍ ဂေါတြဘူဖြင့် လွှင့်ပစ်၏။ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကမ်းတက်ကာ လာလမ်းပြန်ကြည့်၏။ ဖိုလ်ဉာဏ်ဖြင့်ဘေးကင်းရာ၌တည်၏။

အိမ်။ ။အိမ်ဟူသည်ကား အိမ်ရှင်သည် ညစာစား၍ အိပ်ပျော်စဉ် အိမ်မီးလောင်၏။ နိုး၍ မီးမြင်သောအခါ ကြောက်၏။ ထွက်လမ်းရှာ၏။ ထွက်လမ်းမြင်၏။ ထွက်၏။ ပြေး၏။ ဘေးကင်းရာ၌တည်၏။ ။ယောဂီသည် ဗာလပုထုဇဉ်အခါ ခန္ဓာငါးပါးကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါဟု အိပ်ပျော်စဉ် လက္ခဏာရေး မီးသုံးပါးလောင်၏။ သမ္မာပဋိပတ်ဖြင့် နိုး၍ မီးသုံးပါးမြင်သောအခါ ဘယဉာဏ်ဖြင့်ကြောက်၏။ မုဉ္စိတုဉာဏ်ဖြင့်ထွက်လမ်းရှာ၏။ အနုလောမဉာဏ်ဖြင့် ထွက်လမ်းမြင်၏။ ဂေါတြဘူဉာဏ်ဖြင့် ထွက်၏။ မဂ်ဉာဏ်ဖြင့်ပြေး၏။ ဖိုလ်ဉာဏ်ဖြင့် ဘေးကင်းရာ၌တည်၏။

နွား။ ။နွားဟူသည်ကား လယ်သမားသည် ညဉ့်အခါ ပြည့်ရှင်မင်း၏နွားကို မိမိနွားထင်၍ဖမ်းယူလာ၏။ မိုးလင်းသောအခါ မင်းကြီး၏နွားဟုသိ၍ ကြောက်၏။ နွားတို့ကို လွှတ်၍ ပြေးလို၏။ လွှတ်၏။ ပြေး၏။ ဘေးကင်းရာ၌

တည်၏။ ။ယောဂီသည် ဗာလပုထုဇဉ်အခါ ခန္ဓာငါးပါးကို ငါ့ကိုယ်ဟု ဖမ်းယူလာ၏။ ဝိပဿနာဉာဏ်ဖြင့် မိုးလင်းသော အခါ ငါ့ကိုယ်မဟုတ်ဟုသိ၍ ဘယဖြင့် ကြောက်၏။ မုဉ္စိတုဖြင့် လွတ်၍ပြေးလို၏၊ ဂေါတြဘူဖြင့်လွတ်၏။ မဂ်ဉာဏ်ဖြင့်ပြေး၏။ ဖိုလ်ဉာဏ်ဖြင့် ဘေးကင်းရာ၌တည်၏။

ဘီလူး။ ။ဘီလူးဟူသည်ကား လူသည် ဘီလူးမကို ချစ်ခင်စွာ ပေါင်းသင်း၏။ တညဉ့်တွင် ပျောက်သွား၍ လိုက်ရှာရာ သုသာန်တွင် လူသားစားနေသည်ကိုမြင်၏။ ကြောက်၏။ ထွက်ပြေးလို၍သုသာန်ကိုစွန့်၏။ လျင်စွာထွက်ပြေး၏။ ဘေးကင်းရာ၌တည်၏။ ။ယောဂီသည် ပုထုဇဉ် အခါ ခန္ဓာငါးပါးကိုငါ့ကိုယ်ငါ့ကိုယ်ဟု ချစ်ခင်စွာ ပေါင်းသင်း၏။ ဝိပဿနာဉာဏ်ဖြင့်ရှာဖွေရာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်နေသည်ကို သုသာန်၌မြင်၏၊ ဘယဉာဏ်ဖြစ်၏။ မုဉ္စိတုဖြင့် ထွက်ပြေးလို၍ ဂေါတြဘူဖြင့်စွန့်၏။ မဂ်ဉာဏ်ဖြင့် လျင်စွာထွက်ပြေး၏။ ဖိုလ်ဉာဏ်ဖြင့် ဘေးကင်းရာ၌တည်၏၊

သားမှတ်။ ။သားမှတ် ဟူသည်ကား မိန်းမတယောက်သည် လမ်း၌ကလေးငိုသံကြား၍ မိမိသားဟု သွား၍ပွေ့ချီ၏။ နောက်မှမိမိသားမဟုတ်ဟုသိ၍ သားခိုး ရိုးမည့်ကြောက်၏။ ထိုထိုဤဤကြည့်၍ပြန်ချ၍ရပ်၏။ ပြန်လာ၏။ အိမ်ပေါ်တက်ထိုင်၏။ ။ယောဂီသည် ပုထုဇဉ်အခါ ခန္ဓာငါး ပါးကို ငါ့ကိုယ်ဟုချီပွေ့၏။ နောက်မှ ဝိပဿနာဉာဏ်ဖြင့် ငါ့ကိုယ်မဟုတ်ဟုသိ၍ ဘယဉာဏ်ဖြင့်ကြောက်၏။ မုဉ္စိတုဖြင့် ထိုထို

ဤဤကြည့်၍ အနုလောမဖြင့် ပြန်ချ၍ ဂေါ်တြဘူဖြင့် ရပ်၏။ မဂ်ဥာဏ်ဖြင့် ပြန်လာ၏။ ဖိုလ်ဥာဏ်ဖြင့် အိမ်ပေါ် တက်ထိုင်၏။

ဤဥပမာ ခြောက်ခုဖြင့် ဘယဥာဏ်မှဖိုလ်ဥာဏ်တိုင်အောင် ဆောင်ပြသည်။ နောက်ဥပမာ ခြောက်ခုဖြင့် ဝုဋ္ဌာနဂါမိနိ ဝိပဿနာ ဥာဏ်၌တည်သော ယောဂီ၏။လောကုတ္တရာသို့ ညွတ်ပုံကို ဆောင်ပြလတ္တံ့။

ဆာ။ ။ဆာဟူသည်ကား အစာဆာခြင်းဖြင့် နှိပ်စက်ခံရသော သူသည် ကောင်းသောဘောဇဉ်ကိုတောင့်တ၏။ သံသရာဝဋ္ဋဒုက္ခဆာခြင်းဖြင့် နှိပ်စက်ခံရသော ယောဂီသည် အမြိုက်အရသာ ကာယဂတာသတိဘောဇဉ်ကို တောင့်တ၏။

တော်။ ။တော်ဟူသည်ကား ရေတော်ခြင်းဖြင့် နှိပ်စက်ခံရသောသူသည် ကောင်းသော သောက်ဘွယ်ကို တောင့်တ၏။ သံသရာဝဋ္ဋဒုက္ခ တော်ခြင်းဖြင့် နှိပ်စက်ခံရသော ယောဂီသည် မဂ္ဂင်ရှစ်ပါးသောက်ဘွယ်ကိုတောင့်တ၏။

ဧ။ ။ဧ ဟူသည်ကား အဧ နှိပ်စက်ခံရသူသည် အပူကို တောင့်တ၏။ သံယရာဝဋ္ဋ တဏှာအဧ နှိပ်စက်ခံရသောယောဂီသည် မဂ်ဥာဏ်မီးပူကို တောင့်တ၏။

ပူ။ ။ပူဟူသည်ကား အပူနှိပ်စက် ခံရသူသည် အေးကို တောင့်တ၏၊ သံသရာဝဋ္ဋမီး ၁၁ ပါး နှိပ်စက်ခံရသောယောဂီသည် မီး၁၁ပါးရော နိဗ္ဗာန်ကိုတောင့်တ၏။

မှောင်ထူ။ ။မှောင်ထူဟူသည်ကား အမှောင်အတွင်းနေရသောသူသည် အလင်းကိုတောင့်တ၏။ အဝိဇ္ဇာမှောင်တွင်း နေရသော ယောဂီသည် မဂ္ဂဘာဝနာ ဉာဏ်ရောင်အလင်းကို တောင့်တ၏။

အဆိပ်....အဆိပ်ဟူသည်ကား အဆိပ်သင့်သူသည် အဆိပ်ဖြေဆေးကို တောင့်တ၏။ ကိလေသာအဆိပ်သင့်သော ယောဂီသည် အမတဖြေဆေးကိုတောင့်တ၏။

ဤသို့သိလျှင် ဘဝ၊ ယောနိ၊ ဂတိတို့၌ တွန့်ကပ် ခွေလိပ်၏။ လျစ်လျူရှုခြင်းသဘောရင်း၊စက်ဆုပ်ခြင်းသဘောရင်း-ဖြစ်၍တည်၏။ ထိုအခါ ပဋိလီနစရ-ပုဂ္ဂိုလ်မည်၏။ ဘဝတို့၌ တွန့်လိပ်သော ဉာဏ်ဖြင့်ကျင့်သူဖြစ်၏။ ထိုသို့သောပုဂ္ဂိုလ်သည် ဘုံသုံးပါး ဟူသော သံသရာဇာတ်ခုံ၌ မိမိအတ္တဘောကို ထုတ်၍မပြ ပါတော့ပြီ။

ဤသင်္ခါရုပေက္ခာဉာဏ်သည် ယောဂီစိတ်ကို တွန့်လိပ်အောင် ပြု၍ အထက်၌ ဗောဇ္ဈင်၊ မဂ္ဂင်၊ ဈာနင်ထူးအောင်၊ ပဋိပဒါထူးအောင်၊ ဝိမောက္ခထူးအောင်လည်း ပြု၏။

ဘုရားရှင်နှင့် ရှင်သာရိပုတြာအား မဂ်လေးခုလုံး သုခါပဋိပဒါ+ခိပ္ပါဘိညာ။ ရှင်မောဂ္ဂလာန်အားပဌမမဂ်၌သုခါပဋိပဒါ၊ ခိပ္ပါဘိညာ ဖြစ်၍ အထက်သုံးမဂ်၌ ဒုက္ခာပဋိပဒါ၊ ဒန္ဓာဘိညာ ဖြစ်၏။

ရှင်မောဂ္ဂလာန်....အရှင်မောဂ္ဂလာန်သည်-ယောဓမ္မာ ပေါတုပ္ပဘဝါ-ဂါထာ အဆုံးတွင် သောတာပန် တည်၍ ပေါ်ဘိုက္ခုဖြစ်၍ ခုနစ်ရက်ရှိသောအခါ မဂဓတိုင်း ကလ္လ

ဝါဋ္ဋရှာငယ်တွင် ရဟန်းတရားအားထုတ်စဉ် ငိုက်မျည်း၏ ဘုရားရှင်သည် သတို့သားငယ်ကိုကဲ့သို့ မပြတ် စောင့်ရှောက်၍.... ဗြဟ္မဏ၊ မျိုးကောင်းချစ်သား။တော့်၊ သင်သည်။ ပစလာယသိနု၊ မျက်လှာတာလှုပ်လှုပ် မိုတ်တုတ် မိုတ်တုတ် ပြုဘိသလောဟု ထိတ်လန့်စေ၍ ထိနမိဒ္ဓ ပယ်ဖျောက်စေ၍ ဓာတုကမ္မဋ္ဌာန်း ဟော၏။ ထိုအခါမှ အထက်မဂ်သုံးပါး ကိစ္စပြီး၍ သာဝကပါရမီဉာဏ် ထွဋ္ဌထိပ်သို့ရောက်၏။

ရှင်သာရိပုတြာ.... အရှင်သာရိပုတြာသည် ယေဝမှာ ဟော တပ္ပဘာဝါ ဂါထာမဆုံးမီ သောတာပန်တည်၍ ဟေဘိက္ခုဖြစ်၍ ၁၅ ရက်ရှိသောအခါ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်အနီး ဝက်တူးသောလိုဏ်၌ ဘုရားရှင်အား ယပ်ခပ်၍နေစဉ် ဒီဃနခပရိဗိုဇ်သည် မိမိဦးရီး ရှင်သာရိပုတြာ အကြောင်း သိလို၍ လိုက်လာ၍ ဘုရားရှင်အား မိမိဝါဒကို လျှောက်ကြား၏။ မြတ်စွာဘုရားသည် ဝေဒနာပရိဂ္ဂဟသုတ္တန်ကို ဟောသဖြင့် သောတာပန် တည်စေ၏၊ ထိုအခါ ရှင်သာရိပုတြာသည် သူတပါးအတွက် ချက်သောထမင်းကို ဝင်စား၍အဆာပြေသူကဲ့သို့ ယပ်ခပ်စဉ် ထိုတရားကိုဆင်ခြင်၍ "အဘိညာ ပဟာနမာဟ သိ၍ ပယ်ခြင်းကို ဟောတော် မူသည်"ဟု ဉာဏ်စဉ်လျှောက်၍ သာဝကပါရမီ ထွဋ္ဌထိပ်သို့ ရောက်၏။ ပညာ ၁၆ရပ်ကိုလည်း ထိုးထွင်းနိုင်၏။ [မဟာပညာ၊ ပုထုပညာ၊ ဟာသပညာ၊ ဇဝနပညာ၊ တိက္ခပညာ၊ နိဗ္ဗေဓိက ပညာ၊ (၆)။ တနည်း မဟာ၊ ပုထု၊ တိက္ခ၊ ဟာသ၊ နိဗ္ဗေဓိက၊ ဇဝန၊ ပညာခြောက်ပါး။ နဝါနုပုဗ္ဗဝိဟာရသမာပတ္တိပညာ၊ (ဝါ သမာပတ် ဉာဏ်ကိုးပါး)

**အရဟတ္တမဂ်ပညာ**....ဤပညာ ၁၆ ရပ်ကိုလည်း ထိုးထွင်းနိုင်၏။ ဥပဏ္ဏာသ အနုပဒသုတ်]

ကြီး၊ များ၊ ထက်၊ ရှင်၊ (၄) ထွင်း၊ လျင်၊ (၂) ကိုး
ချာန် (၉) ဆုံး မဂ်ဉာဏ် (၁) ထိပ်ဉာဏ် တဆဲ့ခြောက်။
ရှင်သာရိပုတြာ- ဆဲ့ခြောက်ဖြာ-ဉာဏ်မှာထွန်းထိပ်ရောက်။

**သာဝကသန္နိပါတ**....မြတ်စွာ ဘုရားသည် ထိုဘုရားဟောပြီးနောက် နေမဝင်မီ ဝေဠုဝန်ကျောင်းတော်သို့ ပြန်ကြွ၍ ၁၂၅၀-သော ရဟန်းတို့ဖြင့် သာဝကအစည်းအဝေး ပြုတော်မူ၏။ ထို အစည်းအဝေးသည် တပို့တွဲ လပြည့်ဥပုသ်နေ့ဖြစ်ခြင်း၊ မပင့်ဘိတ်ဘဲ အလိုလို ရောက်လာကြခြင်း၊ ဆဠဘိညာရဟန္တာချည်းသာ ဖြစ်ခြင်း၊ ဟေဘိဘိက္ခုချည်းသာ ဖြစ်ခြင်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံ၏။ ဓမ္မတာသုံးဆယ်တို့တွင် အင်္ဂါလေးပါးရှိသော ထိုအစည်းအဝေး၌ ဩဝါဒပါတိမောက် ပြတော်မူခြင်းသည် ဓမ္မတာတခု ဖြစ်၏။ ရှေးဘုရားများလက်ထက်၌ ကုဋေများစွာဖြင့် သာဝကအစည်းအဝေးကြီးများ သုံးကြိမ်တိုင် ဖြစ်၏။ ယခုဘုရား၌ နည်းပါးလှ၏။ ငါတို့တတွေ ရှောင်တိမ်းနေကြသလော။

ငါတို့ရည်ရွယ်ချက်....ငါတို့သည် ဤဘဝ၌ ဤသာသနာ၌ မဂ်ဖိုလ်မရခဲ့လျှင် နောက်ဘုရား သာသနာ၌ သာဝက အစည်းအဝေးကြီးသည် ငါတို့ ရောက်မှ ပြီးမြောက်ပါစေသတည်း။

ဟေဘိ၊ ဆဠ၊ နာမန္တ၊ မာဃ ပုဏ္ဏမီ (၄)၊
သန္နိပါတ၊ သာဝက၊ ကြုံရအင်လေးလီ။
နောက် သာသနာ၊ စည်းဝေးခါ၊ ငါတို့ပါရမည်။

# နိဂုံး

ဤမျှဖြင့် ညောင်လေးပင်မြို့ တောရ ကျောင်းတိုက်၌ ပဓာန နာယကဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ နှုတ်မှထွက်ပေါ်သော တရားဒေသနာကိုနာယူပူဇော်ကြပါစို့ သမထနည်းဟူသမျှ၊ ဝိပဿနာနည်းဟူသမျှ အားထုတ်စရာ အကြောင်းမဲ့ကို အမှီပြု၍ စစ်ဘေးကြီး အကြိမ်ကြိမ်အတွင်း ကြွင်းကျန်သော မိမိနှင့်တကွ သဒ္ဓါမဗ္ဗဇိတာ ကုလပုတ္တတို့အား အယုတ်ဆုံး ဤဘဝတွင် တမဂ်. တဖိုလ်မျက်မှောက်ပြုရပေလတ္တံ့။ မပြုရလျှင် မဂ်ဖိုလ်၏ ပကတူပနိဿယမျိုးစေ့သည် မလွဲတမ်းကိန်းသေ အောင်မြင်ပေလတ္တံ့ဟု ရည်ရွယ်အပ်သော ဤ ဘာဝနာအရသာ သည်သာသနာတော် ၂၄၇၉–ခု၊ ဇေဋ္ဌ ကောဇာသက္ကရာဇ် ၁၃ဝ၇–ခု၊ ဒုတိယဝါဆိုလဆုတ် ၁၂–ရက် တနင်္ဂနွေနေ့၌ပြီးဆုံးခြင်းသို့ရောက်လေသတည်း။

သမထ ၄ဝ၊ ဝိပဿနာခြင်းရာ ၄ဝ–ကို "မိမိအတွက်သံသရာထွက်ပေါက်ဖြစ်၏။ အမြဲမပြတ် အားထုတ်အပ်၏" ဟူ၍ နှလုံးအသွင်းဝင်၍ စွဲနိုင်ကြပါစေကုန်သတည်း။

### ပဥ္စမရွှေကျင်ဆရာတော်ဘုရားကြီး၏

# သိဿကောဝါဒ

## စကားပုံများ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓေါဓမ္မောစ သံဃော၊ အဟော ဝန္ဒိယတော မမ။
ဝန္ဒိတဗ္ဗာ–နုဘာဝေန၊ ဇိယန္တု ဝေရ-လာမကာ။

ဂုဏ်တော်အနန္တသခင် မန္တလေးမြို့ ပဥ္စမ ရွှေကျင် ဆရာတော်ဘုရားကြီးသည် ရွှေကျင်တိုက်ကြီး၌ သီတင်းတိုင်းသံဃာတော်တို့အားဩဝါဒပေးသနားတော်မူလေ့ရှိ၏၊ အုတ်တွင်းမြို့ကန်ကလေးတောရဆရာတော်အရှင်ဦးသုရိန္ဒသည်သာမဏေကျော်အဖြစ်ဖြင့် ရွှေကျင်တိုက်ကြီး၌နေစဉ် ထိုဩဝါဒမှ သိဿကောဝါဒစကားပုံများကို ထုတ်နုတ်၍ မှတ်သားထား၏။ ထိုမှတ်သားထားသော ဆရာတော့်သည် ညောင်လေးပင်မြို့ တောရကျောင်းတိုက် ဦးစီးဥက္ကဋ္ဌ မထေရ်အား "ငါ့ရှင်တို့ ဤပဥ္စမ

ရွှေကျောင်းဆရာတော်ဘုရားကြီးသည် ၁၂၅၆–ခုနှစ်က ကွယ်လွန်ပြီ။ သို့သော်– ငါရှင်တို့ လိမ္မာလျှင် ထိုရွှေကျောင်း ဆရာတော်ကြီးကို ကိုယ်တိုင်ဖူးမြင်ရ၊ ကိုယ်တိုင် တရားနာရသကဲ့သို့ ကုသိုလ်မင်္ဂလာ တိုးပွား နိုင်လတ္တံ့။ ဉာဏ်ရှိတိုင်း ကုသိုလ်မင်္ဂလာတိုးပွားစေကြလော့။ ငါရှင်တို့ လိမ္မာလျှင် ထိုရွှေကျောင်း ဆရာတော်ကြီး မကွယ်လွန်သေး”ဟု မိန့်မှာ၍ ထိုသြဝါဒ စကားပုံတို့ကို လွှဲအပ်ပံ့ထောက် ချီးမြှောက်တော်မူလေသည်။ ထို့ကြောင့် ကိုယ်ကျိုး ရည်မှန်း ရဟန်း ရှင် လူ ဘယ်သူမဆို အလေးပြုနိုင်ကြပေလတ္တံ့။

ဦးအရိယ

ညောင်လေးပင်၊ တောရကျောင်း

အကြီးဥက္ကဋ္ဌမထေရ်။

၁။ ယစ်မသည် ဥအတွက် အသေခံသည်။
၂။ စာမရိသားကောင်သည် အမြီးအတွက် အသေခံသည်။
၃။ ရဟန်းသည် သီလအတွက် အသေခံသည်။
၄။ ရဟန်းများ ဆုံမိလျှင် တရားစကား ပြောကြသည်။ မပြောလျှင် ဆိတ်ဆိတ်နေကြသည်။ (တရားနှလုံးသွင်းလျက် ဆိတ်ဆိတ်ဟုသိ။)
၅။ သစ်ပင် အားနည်းလျှင် လေမုန်တိုင်း တိုက်လှည်းသည်။
၆။ ရဟန်း သမာဓိနည်းလျှင် ကိလေသာ လေမုန်တိုင်း တိုက်လှည်းသည်။
၇။ စိတ်သည် တောမျောက်ကဲ့သို့ လော်လည်၏။ အလိုမလိုက်ရာ။
၈။ ကာလကို လူမစားလျှင် လူကိုကာလစားသည်။
၉။ သည်းခံခြင်း လက်နက် ဆောင်လျှင် ဒေါသမီး—မလောင်။
၁၀။ တုတ် လက်နက်ဆောင်လျှင် ခွေးဟောင်သည်။
၁၁။ ဦးခေါင်းပြောင်ရိတ်ခြင်းသည် မာနကိုလည်း ရိတ်သည်မည်၏။
၁၂။ ဦးချိုကျိုးသောနွား- မာနလည်းကျိုးသည်။
၁၃။ ငါသာ ငါပြင် ငါမမြင်ဟု ဒုရင်တဆူပြုမိမူ—ထိုသူသူ့အောက် နေ့ချင်းရောက်လိမ့်။
၁၄။ မြွေဆိုး ပါးပျဉ်းထောင်လျှင် လူရိုက်ခံရသည်။

၁၅။ ရန်မထောင်မှ ရန်အောင်သည်။ ရန်ထောင်- ရန်လှောင်မိတတ်သည်။

၁၆။ ရန်မလိုမှ ရန်ပြိုသည်။ ရန်လို—ရန်ပိုတတ်လှသည်။

၁၇။ သလေးနှံ - အဆံမရှိခင် ထောင်သည်။ အဆံပြည့်လျှင် ညွတ်သည်။

၁၈။ ဂါရဝကင်းသူ ဂုဏ်သတင်းမပြု။ နွားစားငုတ်တိုနှင့်တူသည်။

၁၉။ ရဟန္တာသည် သိက္ခာကြီးသူ ပုထုဇဉ်ကိုသော်လည်း ပြားပြားဝပ် ရှိခိုးသည်။

၂၀။ သိက္ခာငယ်သူကို ရှိမခိုးသော်လည်း အရိုအသေပြုသည်။

၂၁။ သူတပါးလှေကို ဖာနိုင်လျက် မိမိလှေကို မဖာလျှင် ရေနစ်တတ်သည်။

၂၂။ ရွှေဥဒေါင်း- အကကောင်းသော်သည်း စအိုပေါ်၍ အဆိုအမြည်ခံရသည်။

၂၃။ မျက်ကွယ်တစောင်းမှဆိုနှင့်၊ မျက်မှောက်မရှုတ်ချနှင့်၊ အပြစ်တင်မစောနှင့်။

၂၄။ ရေကန်၌ မှော်ကိုဖယ်၍ သောက်ရေခတ်ရသည်။

၂၅။ မသူတော်၌ အပြစ်ဖယ်၍ ဂုဏ်ကောင်းရှာရသည်။

၂၆။ ဒုက္ခသည်ကို မကယ်နိုင်လျှင် မတွယ်နှင့်၊ ကိုယ်လွတ်ရှောင်ရသည်။

၂၇။ မသူတော်ကို မဟောနိုင်လျှင် မတွယ်နှင့်၊ ကိုယ်လွတ်ရှောင်ရသည်။

၂၇။ တိုးတံတား လျှောက်စဉ် အရပ်တပါး မကြည့်နှင့်၊ ချောက်သို့ကျလိမ့်မည်။
၂၉။ သံသရာ တံတားလျှောက်စဉ် သူတပါးအပြစ်မကြည့်နှင့်၊ သံသရာ-ချောက်သို့ ကျလိမ့်မည်။
၃၀။ သူတပါးအပြစ်ကို မိမိနှလုံးအိမ်၌ ကြာကြာမစိမ်နှင့်။
၃၁။ ပြာသာဒ်သည် သံမယ်န အဖွဲ့ကောင်းမှ ခိုင်သည်။
၃၂။ ဖောင်သည် ကြိမ်ကြိုးအဖွဲ့ကောင်းမှ ခိုင်သည်။
၃၃။ အပေါင်းအသင်းသည်မေတ္တာအဖွဲ့ကောင်းမှခိုင်သည်။
၃၄။ ဝေသာလီ ညီညွတ်၍ အဇာတသတ် မဖျက်နိုင်၊ ဝေဿကာရပုဏ္ဏား-ဂုံးတိုက်မှ ဖျက်နိုင်သည်။
၃၅။ ထောင်တန် တဆယ်၊ ရာတန် တဆယ်-ဝယ်သူစာရှား ဘယ်မှင်းဘုရား စျေးဆိုင်နည်း။
၃၆။ တရားပွဲကား လူကျဲတဲ၊ ရုပ်ရှင်ပျော်ပွဲ တသဲသဲ။
၃၇။ သာသနာပြင်ပ ဆရာသည် တဘဝအတွက် လောကီပညာကို အခယူ၍ သင်ပေးသည်။
၃၈။ သာသနာတွင်းဆရာသည် ဘဝများစွာအတွက် ပိဋကတ် ပညာကို ဆွမ်းသက်န်းပေး၍ သင်ပေးသည်။
၃၉။ ရှိသေစွာ ခစားလျှင် မင်းခစားပင် မင်းကိုနိုင်သည်။
၄၀။ အဆင်းလှလျှင် အိမ်သူဇနီးပင် လင်ကို နိုင်သည်။
၄၁။ ကျင့်ဝတ် မချွတ်လျှင် တပည့်ပင် ဆရာကို နိုင်သည်။
၄၂။ မြင်းနိုင်လို-ဇက်ဆွဲ၊ လှေနိုင်လို-တက်ဆွဲ၊ ဆရာနိုင်သူ-ကျင့်ဝတ်ရှိသေမြဲ။

၄၃။ ဆုံးမချင်သူ သဲလုံးအတူများပါစေဟု ရှင်ရာဟုလာ နှလုံးသွင်းသည်။

၄၄။ သာမကောငယ် ဆုံးမသော်လည်း နားထောင်မည်ဟု ရှင်သာရိပုတြာ နှလုံးသွင်းသည်။

၄၅။ အပြစ်ပြ၍ ဆုံးမသူကို ရွှေအိုးပေးသူဟု ဆည်းကပ်ရမည်။

၄၆။ ပန်းဘဲဆရာ အထုမခံသော သံတုံး-လက်နက်မဖြစ်။

၄၇။ ကျောက်ဆစ်ဆရာ အဖြတ်မခံသော ကျောက်တုံး-အရုပ်မဖြစ်။

၄၈။ ဆရာကောင်း အဆုံးအမ — မခံသော တပည့်၊ သူကောင်းမဖြစ်။

၄၉။ အဆိခဲ-သဲရုပ် ပစ်ရခက် စားရခက်။

၅၀။ ရေနက်ရာသို့ပြေးဝင်သောငါး-ကျီးငှက်အစာမဖြစ်။

၅၁။ အဆုံးအမသို့ ပြေးဝင်သော တပည့် — မာရ်နတ်အစာ မဖြစ်။

၅၂။ ရွှေဆောင်နွားလား လမ်းကောက်သွား နောက်နွားကျားစာဖြစ်။

၅၃။ ခင်ကြီး ကြပ်ခိုးစင်တက်လျှင် ရှင်ငယ်တွေ ကျောင်းခေါင်တက်မည်။

၅၄။ နွားကျောင်းသားသည် နွား- ခြင်မကိုက်အောင် မီးခိုးတိုက်သည်။

၅၅။ ဆရာသည် တပည့်-ကိလေသာမကိုက်အောင် တရားမီးခိုးတိုက်သည်။

၃၆။ လာဘ်သာယာလျှင် မင်္ဂမျိုးစေ့ပျက်၍၊ အပ်ဝင်-ပုဆိန် ထွက်သည်နှင့်တူသည်။

၃၇။ သည်းခြေရှုးသည် လူတို့စွန့်သော မစင်ကိုပင် စုံမက်သည်။

၃၈။ သံသရာရှုးသည် လူတို့စွန့်သော လာဘ်ကိုပင် စုံမက်သည်။

၃၉။ မြေခွေးသည် ခြင်္သေ့စားကြွင်းဖြင့် မာန်တက်သည်။

၄၀။ ပုထုဇဉ်သည် အရိယာစားကြွင်းဖြင့် မာန်တက်သည်။ (အရိယာ ပုဂ္ဂိုလ်အား ရည်စူး၍ လှူသည်ကို အရိယာမဟုတ်ဘဲ စားသောကြောင့် ပုထုဇဉ်ကို စားကြွင်းစားဟုသိ။)

၄၁။ ဘားငယ်သည် ဆောင့်ကြောင့်ထိုင်လျှင် ခြင်္သေ့မာန်တက်လျက်ကြီးချီသောအခါ ပီယတ်ပီယတ်မြည်သည်။

၄၂။ ပုထုဇဉ်သည် လာဘ်ပေါလျှင် သူဌေးမာန်တက်လျက်ဖျားနာသောအခါ တအင်အင်ညည်းသည်။

၄၃။ ပိုးထိုးကောင်ဖြစ်လျက် ဆင်ပြောင်ကို စစ်ပြိုင်သည်။

၄၄။ ပုတ်သင်ဖြင်လျက် ဝိဒေဟရာဇ်မင်းကိုဘက်ပြိုင်သည်။

၄၅။ ဂုဏ်နိမ့်သူဖြစ်လျက် ဂုဏ်မြင့်သူကို ဂုဏ်ပြိုင်သည်။

၄၆။ ရှင်သာရိပုတ္တာကို ပြစ်မှား၍ ကောကာလိက ရဟန်းပဒုမငရဲကျသည်။

၄၇။ ရဟန္တာကိုဝန်တို၍ လောသကတိဿရဟန်း—လာဘ်ရှားသည်။

၆၈။ လာဘ်ဖြင့် ဘုရားကိုပြုပြင်၍ ဒေ၀ဒတ် အ၀ီစိ ဆင်း ရသည်။

၆၉။ မာနသည် ထွန်တုံးမျိုးသော မြေအတိုင်း မည္သတ်ကိုင်း နိုင်။

၇၀။ လာဘ်သည် အသက်ခွင်းသော မိုယ်ကြိုးစက်ကွင်း ဖြစ်သည်။

၇၁။ ၀ါး၊ ကျူ၊ ငှက်ပျော-အသီးသတ်သည်။

၇၂။ အဿတို့ရဲမြင်းမ-ကိုယ်၀န်သတ်သည်။

၇၃။ ရဟန်းညံ့-လာဘ်သတ်သည်။

၇၄။ လာဘ်ရလျှင်အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ကာပ္ပိရမည်။

၇၅။ ဆင်ဖြူတော်ရထိုက်သူ- ချည်ဖြူခင်ဖြင့် ကျိန်းကျေ သည်။

၇၆။ မင်္ဂဖိုလ်မျိုးစေ့ ရထိုက်သူ—လာဘ်ဖြင့် ကျိန်းကျေ သည်။

၇၇။ အလမ္ဗာယ်ဆရာ ဂါထာမန်းနိုင်မှ မြွေမကိုက်သည်။

၇၈။ လာဘ်ရသူ ပစ္စဝေက္ခဏာမန်းနိုင်မှ လာဘ်မကိုက်သည်။

၇၉။ လာဘ်အလေးပြုလျှင် မိစ္ဆာဇီ၀ ဖြစ်ဘတ်သည်။

၈၀။ မိစ္ဆာဇီ၀ သုံးစားလျှင် ဆေးမမှီ၊ နဂါးနှင့်စပ်သည်။

၈၁။ သမင်လိမ္မာ အစာသာစား၊ သမင်မိုက်ကားညွတ်ကွင်း မိသည်။

၈၂။ လာဘ်စည်းစိမ်သည် စိတ်ကူးတိုင်းမဖြစ်။ တောခရီး၌ အိပ်မက်ကောင်းတုန်း ဆင်နင်းခံရသလို။

၈၃။ အာရုံတခုခု စွဲလမ်းလျှင် ငါးများချိတ်မျိုသော ငါးနှင့်တူ၏။

၈၄။ သူကန်း—မှန်အိမ်ဆောင်လျှင် ညဥ့်အခါ သူကောင်း ဝင်၍မတိုး။

၈၅။ မသူတော်-တရားသံပါလျှင် လူလယ်တွင် သူတကာ အပြစ်မမြင်။

၈၆။ နားထိုင်း စောင်းသမား-မိမိစောင်းသံ မကြားသော်လည်း တီးခရသည်။

၈၇။ မသူတော်ဓမ္မကထိက-မိမိတရားသံမကြားသော်လည်း ဟောခရသည်။

၈၈။ တရားဟောတတ်လျက် မကျင့်တတ်လျှင် မျောက်အုန်းသီးရသည်နှင့် တူ၏။

၈၉။ မင်းစည်းစိမ်ကို မင်းသား-စိတ်ကူးသည်။ ဒွန်းစဏ္ဍား သတိပင်မရ။

၉၀။ ရဟန္တာအဖြစ်ကို သူတော်ကောင်း- စိတ်ကူးသည်။ မသူတော်-သတိပင်မရ။

၉၁။ ကုသိုလ်ရှိ၍ ဆင်ဖြူတော်ရသူ-ဉာဏ်မရှိလျှင်မစီးရရုံ။

၉၂။ ကုသိုလ်ရှိ၍ လာဘ်ပေါသူ- ဉာဏ်မရှိလျှင် ပြိတ္တာဖြစ်၏။

၉၃။ ဆင်ဖြူတော်- နန်းတော်ရှေ့အိမ်၌ နေသော်လည်း တော၌သာ ပျော်သည်။

၉၄။ ကိုယ်ရှင်ကိုယ်သာ ကိုယ်ဆရာ ကိုယ်သာ ကောင်းအောင်ပြုရမည်။

၉၅။ ကြာပင်အောက်ကဘား–ကြာဝတ်ဆံမစား၊ ရှိစားသည်။ ပိကိုးကား အဝေးမှ ကြာဝတ်ဆံလာစားသည်။

၉၆။ သာသနာရိပ် တွင်းသား သာသနာဝတ်ဆံမစားလျှင် ပိတုံးအား ရှက်သင့်သည်။

၉၇။ သစ်ပင်ကြီးသည် ခုတ်လှဲသူကို မလဲမချင်း အရိပ်ဖြင့် ဧဝေ၏။

၉၈။ နံ့သာတုံးသည် မီးရှို့သူကို မကျွမ်းမချင်း အနံ့ဖြင့် မွေးစေ၏။

၉၉။ သူတော်ကောင်းသည် ညှဉ်းဆဲသူကိုသော်သည်းမသေမချင်း အကျိုးဆောင်၏။

၁၀၀။ တောမီးသည် သစ်ရွက်ခြောက်ကို လောင်လွယ်၏။ သစ်ရွက်စိုကို မဘာတ်နိုင်။

၁၀၁။ မသူတော်မီးသည် မေတ္တာခန်းသူကို- လောင်လွယ်၏။ မေတ္တာဖြန့်းသူကို မတတ်နိုင်။

၁၀၂။ လက်နက်ရှိလျှင် ကျားမကိုက်။ မရှိလျှင် နွားမပင်ဝေ့သည်။ ထို့ကြောင့် လက်နက်အားကိုးကြ။

၁၀၃။ တုတ်ထားကိုင်လျှင် ခွေးဟောင်သည်။ အစာကျွေးလျှင် အမြီးနှံ့သည်။ ထို့ကြောင့် တုတ်ထား- အားမကိုးကြနှင့်။

၁၀၄။ စိတ်ဆိုး၍ မတော်မလျော်ပြုလျှင် မြင်သူအရှက်မကွဲ။

၁၀၅။ ဆေးဆရာသည် လူနာနှင့်ပြိုင်၍ အသက် မထွက်ကောင်း။

၁၀၆။ အကောင်းသည် အရှုးနှင့်ပြိုင်၍ အဝတ် မလစ်ကောင်း။ မျက်မမြင်နှင့်ပြိုင်၍ မကန်းကောင်း။

၁၀၇။ သူတော်ကောင်းသည် မသူတော်နှင့်ပြိုင်၍ ဒေါသမဖြစ်ကောင်း။

၁၀၈။ ကျား ကြောက်၍ပြေးစဉ် ခွေးဟောင်သည်ကို အရေးမယူရ။

၁၀၉။ ငရဲကြောက်၍ သီလစောင့်စဉ် မသူတော်ညှဉ်းသည်ကို အရေးမယူရ။

၁၁၀။ ရန်သူကို မီးခဲကိုင်ပစ်လျှင် မိမိလက် ရှေးဦးစွာလောင်၏။

၁၁၁။ ရန်သူကို အမျက်ထွက်လျှင် မိမိဂုဏ် ရှေးဦးစွာပျက်၏။

၁၁၂။ ရန်သူလာဆဲ၍ ပြန်ဆဲလျှင် မိမိလည်း အရှက်ကွဲ၏။

၁၁၃။ မာရ်နတ်ပစ်သောလက်နက်သည် သည်းခံသော ဘုရားရှေ့၌ ပန်းကုံးအသွင်ဖြင့် အဖူးအမျှော်ဝင်၏။

၁၁၄။ ဒါနပြုသူကိုမှီ၍ တဆင့် ဒါနပြုလျှင် ဒါနပါရမီပြည့်သည်။

၁၁၅။ မသူတော်ကိုမှီ၍ သည်းခံလျှင် ခန္တီပါရမီပြည့်သည်။

၁၁၆။ ဒါနပြုသူနှင့် ညှဉ်းဆဲသော မသူတော်ကို အတူမေတ္တာပို့ရမည်။

၁၁၇။ သမုဒ္ဒရာရေ-မီးကြောင့် မကျွမ်း၊ မြင့်မိုရ်တောင်-လေကြောင့်မလှုပ်၊ ကျောက်ခဲ-ရေကြောင့် မကျေ၊ သူတော်ကောင်း-မသူတော်ကြောင့် မတုန်လှုပ်။

၁၁၈။ မသူတော် အမျက်ကြောင့် သူတော်ကောင်း- ဂုဏ်ပျက်မခံ။

၁၁၉။ သူတော်ကောင်း အမျက်ထွက်လျှင် မူသူတော် အလိုပြည့်သည်။

၁၂၀၊ ရန်သူ ညှဉ်းဆဲခြင်းသည် မိမိ၏ရှေးကံ - ရှေးဥစ္စာပင်တည်း။

၁၂၁။ မိမိကံကြောင့် မိမိဒုက္ခတွေ့သည်-ဘယ်သူမပြုမိမိမှု။

၁၂၂။ ညစ္စအခါ သားကိုခွေးထင်၍ သတ်သော အဘသည် သား၏ရန်သူလော။

၁၂၃။ သစ်ပင်မှ ကျသေလျှင် သစ်ပင်သည် သေသူ၏ ရန်သူလော။

၁၂၄။ စကြာမင်း ရှေးကံကြောင့် သားကြီးရတနာ အကျိုးဆောင်သည်။

၁၂၅။ ဗိမ္ဗိသာရမင်း ရှေးကံကြောင့် အဇာတသတ် အဘသတ်သည်။

၁၂၆။ ရန်သူအစစ်သိမှ ရန်မေည်။

၁၂၇။ ခွေးသည် ပစ်သူကိုမကိုက်၊ ခဲကိုကိုက်၍ ရန်မငြ။

၁၂၈။ ခြင်္သေ့သည် ခဲကိုမကိုက်၊ ပစ်သူကိုကိုက်၍ ရန်သေည်။

၁၂၉။ မိမိ၏ ရှေးကံဆိုးကိုဖယ်၍ ရန်သူစစ် တခြားမရှာနှင့်။

၁၃၀။ စစ်သူရဲသည် ပြင်ပရန်သူကို နိုင်သော်လည်း အတွင်းရန်သူမှုရှုံး၏။

၁၃၁။ အမျက်ထွက်လာသူကို သည်းခံလျှင် နှစ်ဦးလုံးအကျိုးရှိ၏။

၁၃၂။ အမျက်ထွက်သူကို အမျက်မထွက်သူ အမြဲနိုင်၏။
၁၃၃။ မကောင်းပြောသူကို အကောင်းပြောသူ အမြဲနိုင်၏။
၁၃၄။ စေးနှဲသူကို ပေးကမ်းသူ အမြဲနိုင်၏။
၁၃၅။ မုသားဆိုသူတို့ သစ္စာဆိုသူ အမြဲနိုင်၏။
၁၃၆။ သိကြားလက်နက်ကား မိုးကြိုး၊ ယမမင်း လက်နက်ကား မျက်စောင်း၊ ဝေဿဝဏ်လက်နက်ကား အစွယ်။ မသူတော် လက်နက်ကား ဒေါသ။ သူတော်ကောင်း လက်နက်ကား ခန္တီ။
၁၃၇။ ဗီလုံးငှက်သော်လည်း ကျွဲခြေရာခွက် အမှီရလျှင် ဂင်္ဂါနှင့် တူ၏။ အန္တရာယ်မရှိ။
၁၃၈။ ပုထုဇဉ်သော်လည်း သီလရှိလျှင် အရိယာနှင့်တူ၏၊ အပယ်မရောက်။
၁၃၉။ ရေရှိမှ ကြာပွားသည်။ သီလရှိမှ သမာဓိများသည်။
၁၄၀။ ဗဟုသုတရှိလျက် သီလမရှိလျှင် ရေမတည်သော ကန်နှင့်တူ၏။
၁၄၁။ ပညာရှိလျက် သီလမရှိလျှင် အသီးမရှိသော သစ်ပင် နှင့်တူ၏။
၁၄၂။ စာပေပို့ချနိုင်လျက် သီလမရှိလျှင် အသီးမချိုသော သစ်ပင်နှင့် တူ၏။
၁၄၃။ တရားဟောကောင်းလျက် သီလမရှိလျှင် အနံ့မမွှေး သော ပန်းနှင့်တူ၏။
၁၄၄။ ကျမ်းဂန်တတ်လျက် သီလမရှိလျှင် အဆိပ်သီးပင်နှင့် တူ၏။

၁၄၅။ ဘုန်းကြီးလျက်သီလမရှိလျှင် အနှစ်မရှိသောသစ်ပင်နှင့်တူ၏။

၁၄၆။ သီလရှိမှ ဒါနနှင့် ဘာဝနာ အကျိုးပေးသန်သည်။

၁၄၇။ ပင်လယ်ကူးလိုလျှင် လှေသင်္ဘောတည်။ နတ်ပြည်တက်လိုလျှင် သီလလှေကားထောင်။

၁၄၈။ အကုသိုလ်သည်သတ္တဝါကို အပယ်ဆွဲချ၏။ သီလရှိသူကို မဆွဲချနိုင်။

၁၄၉။ ပင်လယ်ကူးလိုလျှင် သင်္ဘော လုံအောင်ဖာ။ သံသရာကူးလိုလျှင် သီလလုံအောင်ဖာ။

၁၅၀။ လောကီဥစ္စာ စောင့်လျှင် တသက်ချမ်းသာ၏။

၁၅၁။ သီလစောင့်လျှင် ဘဝအဆက်ဆက်ချမ်းသာ၏။

၁၅၂။ ဆီမီးသည် လင်းခိုက် လူလယ်တင့်၏။ ငြိမ်းလျှင် မှောင်၍ ညှော်နံ့ထွက်၏။

၁၅၃။ သီလသည် စောင့်ထိန်းခိုက် လူသယ်တင့်၏။ ပျက်လျှင် မှောင်၍ ညှော်နံ့ထွက်၏။

၁၅၄။ သူတော်ကောင်းနှင့် ပေါင်းသင်းမှ ပစ္စုပ္ပန် သံသရာ မြင့်မြတ်သည်။

၁၅၅။ စဥ့်ကျောက်သည် ရွှေနှင့်ရောချက်လျှင် ရွှေရောင်တောက်သည်။

၁၅၆။ မီးသွေးခဲမဲမဲသည် မီးကျီးခဲရဲမှုနှင့် ရောလျှင် မီးကျီးခဲရဲရဲဖြစ်သည်။

၁၅၇။ ဝက်သားသော်လည်း ဆီနိုင်နိုင် အချက်ခံရမှ အရသာရှိသည်၊ အချက်မခံရလျှင် ပုပ်၍ ယင်ဘရွန်းရွန်း။

၁၅၈။ ပတ္တမြား တွင်းထွက်မှန်သော်လည်း ကျောက်သွေးဆရာ အကာကုန်အောင်သွေးမှ အရောင်တောက်သည်။

၁၅၉။ ကျောက်ဆင်းတုသော်လည်း ကျောက်ဆစ်ဆရာ ထုနိုင်ဆစ်နိုင်မှ အနေကဇာဒေးတင်ခံရသည်။

၁၆၀။ သဒ္ဓါ ပညာ ဗဟုသုတ ရှိသော်လည်း အဆုံးအမနှံ့နှံ့စွာ ခံရမှ အရသာရှိသည်။ ဂုဏ်ရောင်တောက်သည်။ မြတ်နိုးခံရသည်။

၁၆၁။ တောအုပ်၌ မိဘကင်းသော သားသမီး ကျားစာဖြစ်၏။

၁၆၂။ သာသနာ၌ ဩဝါဒဆရာ ကင်းသောရဟန်း-မာန်နတ်အစာဖြစ်၏။

၁၆၃။ ပေါက်ဖတ်သော်လည်း မြလေးပန်းမှို၍ လူဦးခေါင်းထက်ရောက်သည်။

၁၆၄။ မြေခွေးသော်လည်း ခြင်္သေ့မင်း ခစား၍ ကျားမကိုက်နိုင်။

၁၆၅။ သူကန်းသော်လည်း ခြေသံနားထောင်၍ လိုရာအရပ်ရောက်သေးသည်။

၁၆၆။ သူတော်ကောင်း ခြေမှုန့်-ကိုယ်၌ကပ်လျှင် အပယ်မကျ။

၁၆၇။ မသူတော်၏ ဂုဏ်ဒလုံးစုံသည် သူတော်ကောင်း၏ ဂုဏ်တစိတ်ကိုမမှီ။

၁၆၇။ ယုတ်မာသော အလိုရှိလျှင် သူတော်ကောင်းမဟုတ်၊ သူတော်ကောင်းမဟုတ်လျှင် ပညာမရှိ၊ ပညာမရှိလျှင် ဘေးမကင်း၊ ဘေးမကင်းလျှင် မြိုခိုစရာမဟုတ်။

၁၆၉။ ပ-လွှားသူသည် ကျမ်းဂန်တတ်သော်လည်း သူတော်ကောင်းမဟုတ်။

၁၇၀။ မသူတော်သည် ဗဟုသုတများသော်လည်း ပညာရှိမဟုတ်။

၁၇၁။ ပညာမရှိသူသည် ဘုန်းကြီးသော်လည်း ဘေးကင်းအောင်မတတ်နိုင်။

၁၇၂။ ဘေးကင်းအောင် မတတ်နိုင်သူကို ဘေးကင်းလိုသူ မမှီခိုအပ်။

၁၇၃။ မသူတော် အကျင့်သည် အများစိတ်ကို ပျက်စေ၏။ သူတော်ကောင်းကို မပျက်စေနိုင်။

၁၇၄။ သူတော်ကောင်း အကျင့်သည် အများစိတ်ကို နှစ်သက်စေ၏။ မသူတော်စိတ်ကို မနှစ်သက်စေနိုင်။

၁၇၅။ ဘုရားရှင်သည် မြင့်မိုရ်တောင်ကို သမုဒ္ဒရာရေမှ ထုတ်နိုင်၏။ မသူတော်ကို ဒုစရိုက်မှမထုတ်နိုင်။

၁၇၆။ မြွေဗွေးကို ဆေးဝါးမန္တရားဖြင့် တားနိုင်၏၊ မသူတော်ကိုတားနိုင်သော ဆေးဝါး မန္တရားမရှိ။

၁၇၇။ ခြင်္သေ့သည် ကျားကိုနိုင်၏။ ကိုယ်တွင်းခွေးလှေးသန်းကို မနိုင်။

၁၇၈။ မသူတော်သည် သူတော်ကောင်းကိုနိုင်၏။ ကိုယ်တွင်း အကုသိုလ်ကို မနိုင်။

၁၇၉။ မသူတော်သည် သူခကြိုက်လျက် နတ်ပြည်မတက် ဒုက္ခမုန်းလျက် ငရဲဆင်း၏။

၁၈၀။ မသူတော်သည် မိမိကို မေတ္တာရှိသော သူတော်ကောင်းကို ပြစ်မှားနိုင်၏။

၁၈၁။ သူတော်ကောင်းသည် မိမိကို မေတ္တာပျက်သော မသူတော်ကို ချစ်နိုင်၏။

၁၈၂။ မသူတော်ကား လာဘ်ရတို့ ကြံသည်။ သူတော်ကောင်းကား တရားရတို့ ကြံသည်။

၁၈၃။ သူတော်နှင့် မသူတော်သည် ရှေးအကြောင်းကံလည်း ဝေးသည်၊ ယခုအကျင့်လည်းဝေးသည်။ နောင်လားရာဂတိလည်း ဝေးသည်။

၁၈၄။ မသူတော်သည် အစားကောင်းစားလျက်၊ အိပ်ရာကောင်းအိပ်လျက် တရားကောင်းမှလွတ်သည်။

၁၈၅။ ဘောဇဉ်အရသာ လူနာမခံစား၊ နိဗ္ဗာန်အရသာ-မသူတော် မခံစား။

၁၈၆။ ဘုရားရှင်သည် မြင့်မိုရ်တောင်ကို ဘဝဂ်အောက်ရောက်စေနိုင်၏။ ပုရက်ကဿပကို အနားရောက်အောင်မတတ်နိုင်။

၁၈၇။ ခြသေ့မင်းဟောက်သံကြားလျှင် အားကင်းရာသို့အများပြေးဝင်ကြ၏။ ခွေးလေးကြမ်းပိုးကား အိပ်ရာမှမနိုး။

၁၈၈။ ဘုရားရှင် တရားသံကြားလျှင် နိဗ္ဗာန်သို့အများပြေးဝင်ကြ၏။ မသူတော်ကား အိပ်ရာမှမနိုး။

၁၇၉။ ကျောင်ကြီးသည် နေ့သည်ဖြစ်စေ— သေည်ဖြစ်စေ၊ အဆင်းလှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ၊ ရှိဘွယ်သာတည်း။

၁၈၀။ မသူတော်သည် အမျက်ထွက်သည်ဖြစ်စေ၊ မထွက်သည် ဖြစ်စေ၊ စကားလှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ- ရှံဘွယ်သာတည်း။

၁၈၁။ မီးခဲသည် ပူသောအခါ လက်လောင်၏၊ အေးသောအခါ လက်မဲ၏။

၁၈၂။ မသူတော်သည် ဒေါသအခါ ကြောက်စရာ၊ လောဘ အခါ ရှံစရာ ဖြစ်၏။

၁၈၃။ ရှင်မောဂ္ဂလာန်သည် မြေကို အထက်အောက် လှန်နိုင် ၏။ မသူတော်အကြံကို မလှန်နိုင်။

၁၈၄။ ခွေးရူးကိုက်လျှင် ထိုသူရူး၏။ ထိုသူကိုက်လျှင် နောက် လူရူး၏၊

၁၈၅။ ခွေးရူးသည် လူကောင်းအဆက်ဆက်ကို ရူးစေ၏။
၁၈၆။ မသူတော်သည် လူကောင်း အဆက်ဆက်ကို ယုတ်မာ စေ၏။

၁၈၇။ ကောင်းကင်ကို စျာန်တန်ခိုးဖြင့် နိုင်၏။ သမုဒ္ဒရာကိုလှေ သင်္ဘောဖြင့် နိုင်၏။ အမိုက်မှောင်ကို ဆီမီးရောင်ဖြင့် နိုင်၏။ မသူတော်ကို အဘယ်ဖြင့် နိုင်မည်နည်း။

၁၉၈။ ငရဲကြီးရှစ်ထပ်ကို ကမ္ဘာဖျက်မီး–ကျွမ်းစေ၏။ မြေကြီး
အထုကို ကမ္ဘာဖျက်ရေ–ကျေစေ၏။ မြင့်မိုရ်တောင်ကို
ကမ္ဘာဖျက်လေ–လွင့်စေ၏။ မသူတော်ကိုဘယ်သူဘယ်
သို့ ဖြစ်စေနိုင်သနည်း။

၁၉၉။ မသူတော်ဟူသမျှသည် သံသရာ၌ မိဘဆွေမျိုးတော်စပ်
ဘူးပြီ။

၂၀၀။ မသူတော်ကို အမှီပြုလျှင် မသူတော်သာ ဖြစ်သည်။
ကျား၏ သား–သမင်မဖြစ်။

၂၀၁။ မဒ္ဒမှာကြာရိုးသည် ထက်ပိုင်းပြတ်သော်လည်း အမျှင်
မပြတ်။

၂၀၂။ သူတော်ကောင်းသည် အဆက်ပြတ်သော်လည်းမေတ္တာ
မပြတ်။

၂၀၃။ အဆင်းမှီ၍ အကျင့်ပျက်လျှင်ထိုအဆင်းသည် ရှုံးဘွယ်
တည်း။

၂၀၄။ ပညာမှီ၍ မာန်တက်လျှင် ထိုပညာသည်ရှုံးဘွယ်တည်း။

၂၀၅။ စာတတ်လျက် မိမိကိုယ်မဆုံးမလျှင် ထိုစာ–ငရဲရိက္ခာ
တည်း။

၂၀၆။ လာဘ်ပေါ်လျက် သီတင်းသုံးဘော် မချီးမြှောက်လျှင်
ထိုလာဘ်–ပြိတ္တာရိက္ခာတည်း။

၂၀၇။ စစ်သူရဲသည် မင်းရိက္ခာစား၍ မင်းရန်သူကို နှိမ်သည်။
မိမိကိုယ်တွင်းရန်ကိုကား မနှိမ်နိုင်။

၂၀၈။ ရဟန်းသည် ဘုရားရိက္ခာစား၍ ကိုယ်တွင်းရန်ကို နှိမ်
သည်။

၂၀၉။ လင်းတသည် ကောင်းကင်ပျံလျက် ခွေးကောင်ပုပ်မက်၍ မြေသို့ ကျော့ကွင်းမိသည်။

၂၁၀။ ငါးသည် ရေနက်ရာနေလျက် တီမက်၍ ရေတိမ်သို့ ငါးမျှားချိတ်မိသည်။

၂၁၁။ ရဟန်းသည် သာသနာ၌နေလျက် လောကအာမိသမက်၍ မာရ်နတ်လက်တွင်း၌ ညွတ်ကွင်းမိသည်။

၂၁၂။ သရက်ပင်ငယ် အသီးကြွယ်လျှင် ကိုင်းပဲ့တတ်သည်။ ကြိုးဆွဲ၊ ခွထောက် ပြုရသည်။

၂၁၃။ ရဟန်းငယ်ငယ် ဂုဏ်ထူးကြွယ်လျှင် ကိုင်းပဲ့တတ်သည်။ သီလကြိုးဆွဲ၊သမာဓိခွထောက်—ပြုရသည်။

၂၁၄။ အမြဲမရှိသော ဤကိုယ်ဖြင့် မြဲသောနိဗ္ဗာန်ကိုမလဲနိုင်ပြီလော။

ဤသို့နည်းထုံး၊ တသက်လုံး၊ လက်သုံးပြုနိုင်စေ။

## ရွှေကျင်ဆရာတော်ဘုရားကြီး၏
## ပဌမ ဩဝါဒကထာ

၁။ သုံးပါးရတနာ၊ စောမြတ်စွာ၊ သုံးခါဦးနှိမ်-ဘေးရန်ရှဲ။

၂။ ဩဝါဒကထာ၊ မိုဃ်းကြီးရွာ၊ နောင်လာသူတို့-ရေချမ်းပွဲ။

၃။ သူ့ထက်ငါသာ၊ ချီးသုံးပါ၊ သံသာပစ္စုပ် ဘေးရန်ရှဲလိမ့်သောဝ်။

၄။ (၁) မာနလာနှယ်ရုံ၊အိမ်ကိုခြုံ၊ လေဟုန်တိုက်၍-ဘုန်းဘုန်းလဲ။

၅။ ပစ္စည်းပစ္စယံ၊ ဘုန်းအောက်ပြန်၊ လောဒေါရန်ကြောင့်ကိုယ်ကျိုးနဲ။

၆။ (၂) ခြပုန်းပိုးရွ၊ တောင်ပို့ထ၊ ပလူဖြစ်က- သေလူ့ယ်သည်။

၇။ သောသွမ်းတတ်လှ၊ လူဗာလ၊ ဆုထူးရက-ကျေလွယ်သည်။

၈။ (၃) ပြာပုံခဲကျ၊ ဖြစ်တုံက၊ ထောင်းထောင်းထ၍-ဖျက်ဖျက်ကြဲ။

၉။ ပေါ့လွန်းတတ်လှ၊ လူဗာသ၊ လာဘ်ကြီးရက– သွက်သွက်လဲ။

၁၀။ (၄) နတ်ရူးဘုံပြု၊ ဖြစ်တုံက၊ ကုစားမရ၊ ကိုယ်ကျိုးနဲ။

၁၁။ ကြောသွကြမ်းတတ်လှ၊ လူဗာလ၊ မင်းမြောက်ချီချ–ပျက်စီးမြဲ။

၁၂။ (၅) ဘုံများစွင့်စွင့်၊ ဥချင့်မြင့်၊ လေဟုန်လွင့်၍တိုက်ချမြဲ။

၁၃။ ဟော့ရမ်းတတ်လှ၊ လူဗာလ၊ စည်းစိမ်ကြီးက ဖါယ်ငရဲ။

၁၄။ (၆) နံနက်မှန်ကင်း၊ ညချမ်းထင်း၊ ကျွန်းသား စိတ်နေမမြင့်သာ။

၁၅။ မင်းမြှောက်စားလင့်၊ ရာထူးမြင့်၊ ကြော့ကြော့ ကြော့ကြော့-မဝင့်ရာ။

၁၆။ (၇) ရွှေနားဍောင်းရောင်၊ ပါးကိုပြောင်၊ ပါးရောင်မှတ်လို့-ဝင့်တတ်သည်။

၁၇။ မိဘကုံလုံ၊ သူပြည့်စုံ၊ သားတမြုံက ဖင့်ဘဘ်သည်။

၁၈။ (၈) ပုန်းရည်ချဉ်လို့- သူချဉ်ရ၊ ကန်ဇွန်းရွက်က-မယောင်နှင့်။

၁၉။ ဆရာသခင်၊ ကျေးဇူးရှင်ကြောင့်၊ အူမ-ခေတာင့်၊ တပည့်ရှင်တို့-မထောင်နှင့်။

၂၀။ (၉) ငါးသိုင်းချိုလို့ - ဟင်းရည်ချို၊ မှိုနတိုက-မယောင်နှင့်။

၂၁။ ဘုရားဂုဏ်တော်-ကျေးဇူးပေါ်၊ ကိုယ့်ဂုဏ်ကျော်သည်မထောင်နှင့်။

၂၂။ (၁၀) ဆွမ်း သင်ပုဘ်တွင်၊ စားပေးလျှင်၊ ဆွမ်းတော်တင်ကို-မဟောင်နှင့်။

၂၃။ ဘုရားဒါယကာ၊ လူများစွာ၊ မေတ္တာပြယ်လို့-မပြောင်နှင့်။

၂၄။ (၁၁)ဘုရားလိုက်ခေါင်း၊ အောင်း၍မာန်ဖသွေး၊ ဟောင်
သည့်ခွေး၊ ခေါင်းသွေးဖြဖြ ထွက်တတ်သည်။

၂၅။ သာသနာညစ်ကြေး၊ ရန်အလေး၊ ခင်ကြီးအရေး-ပျက်
တတ်သည်။

၂၆။ (၁၂)နွတ်သီးထိုရော်၊ မလှီးသော်၊ ထိုင့ှက်ကြမ်းချော်-
တစ်တယ်တူး၊ မခံနိုင်အောင်-နားကိုစူး။

၂၇။ နှုတ်သီးတဖန်၊ လှီးတုံပြန်၊ ကြွက်ကြွက် ညံအောင်—
စွစ်စွယ်စူး။

၂၈။ ခေါင်းမဘုံးခ်၊ တို့မောင်ရှင်၊ သင့်လျော်ရုံမျှ-မာနမူး။

၂၉။ ခေါင်းတုံး ပြီးနောက်၊ မာန်မိုမောက်၊ ဆေးမှလောက်
အောင် တက်တက်ရူး။

၃၀။ သို့မဖြစ်အောင်၊ သတိဆောင်၊ အားလုံးခေါင်က ကျူး
စေသော်ဝ်၊

၃၁။ (၁၃) စာမတတ်မူ၊ အခေါက်ထူ၊ လူထဲရှင်ထဲ—
သုံးမကျ။

၃၂။ စာတတ်ပြန်လျှင်၊ စိတ်ကြီးဝင်၊ လူမြင်တိုင်းက အော့
ချင်ကြ။

၃၃။ သို့မဖြစ်အောင်၊သတိဆောင်၊ အမောင်-ခဲပါမှ။

၃၄။ (၁၄)တံခွန်ဖြူစပါး၊ အဆန်ရှား၊ အားလုံးထိပ်က-
တစွင့်စွင့်။

၃၅။ သဒ္ဓါသီလ၊ သုတရှားပါး၊ လူငနွား၊ လူများခေါင်းက-
တဝင့်ဝင့်၊ လူမြင်တိုင်းက နှလုံးနင့်။

၃၆။ (၁၅)အဆန်ပြည့်စွာ၊ပြောင်းဖူးမှာ၊အဆစ်အောက်မှာ
ပုန်း၍ဖူး။ လူမြင်တိုင်းက လာ၍ခူး။

၃၇။ မပြည့်အဆန်၊ ထိုပြောင်းနှံ၊ ပျံတော့မလို ထိပ်ကဖူး။
ဘယ်သူတယောက် မဆွတ်ခူး။

၃၈။ ယင်းသည့်ပုံကို၊ နှလုံးသို၊ မိမိဂုဏ်ကို ဝှက်လေလော။

၃၉။ (၁၆)အဆန်ပြည့်လေ၊မှည့်လေလေ၊ညွတ်ခွေငိုက်၍လဲ။
သလေးစပါး သူဖြစ်နဲ့။

၄၀။ ထက်ရောက်လေလေ၊ ကျမ်းတတ်လေ၊ နှိမ့်ချသေခွေ–
သူ့အောက်လျှံ၊ ပညာရှိတို့ ကျင့်စမြဲ။

၄၁။ ယင်းသို့ ဖြစ်အောင်၊ သတိဆောင်၊ မိမိဉာဏ် ရောင်
ကဲလိမ့်သော်ဝ်။

၄၂။ မဆောင်သတိ၊ ဖြစ်တုံဘိ၊ မိမိဉာဏ်ရောင် နဲလိမ့်
သောဝ်။

၄၃။ (၁၃)လေတာထဲတွင်၊ မီးထွန်းလျှင်၊လေဝင်တိုက်ဖျက်
သေရမြဲ။

၄၄။ မှန်အိမ်ထဲတွင်၊ တောက်ရလျှင်၊ဘယ်လေမှဝင် တရဲရဲ။

၄၅။ ယင်းသည့်ပုံထဲ၊ နှလုံးစွဲ၊ သူဘော်ကောင်းနှင့် အမြဲ
ပေါင်းလေလော။

၄၆။ (၁၈)ဝက်သား ကြက်သား၊ ငါးကြင်းသား၊ရေနံများ
နှင့် –ကြော်မည်လော။

၄၇။ သီတင်းဖြူဆွ၊ သုသီလ၊ ဒုဇ္ဇနနှင့်-တော်မည်လော။

၄၈။ (၁၉)ကျန်းဂန္ဓတတ်သူ၊ ဖြစ်စေမူ၊ သီလမဖြူ-ကြောက်
လေလော။

၄၉။ လည်ရှဲတန်ဆာ၊ ဝင်းဝင်းဝါ၊ နဂါး–ကြီးလာ–
မပေါက်လော။

၅၀။ (၂၀) ရူတင်ကျင့်သူ ဖြစ်စေမူ၊ သီလဖြူမှ တင့်တယ်
မည်။

၅၁။ ဘယက် တန်ဆာ၊ ဆင်စေကာ၊ ခါးဝတ်မ ပါ–ဘယ့်
နှယ်နည်း။

၅၂။ (၂၁) သီလဖြူစွာ ဖြစ်စေကာ၊ ရူတင်ဝေးကွာ မပွင့်
လန်း။

၅၃။ အဆင်းလှစွာ နံ့မပါ၊ ပမာ–ပေါက်ပွင့်ပန်း။
၅၄။ (၂၂) သီလပညာ ရှိစေကာ၊ ခန္တီပါမှ လှူခိုမည်။
၅၅။ တုပ်တတ်ခါချဉ်၊ အင်ကြင်းပင်၊ ဘယ်သူဝင်၍ ခို
သနည်း။

၅၆။ (၂၃) ကျမ်းဂန်ကိုသာ တစာစာ၊ အံရှာလေသည့်–
မှောင်ပဥ္စင်း။

၅၇။ စာခေါ်ဆိုပုံ၊ ကိုယ်ကျင့်ပုံ၊ နှစ်စုံပွဲတွင်ကုန်း။
၅၈။ (၂၄) ကျမ်းဂန်စာပေ၊ များတတေ့၊ ပို့ချနေသည့်
မှောင်ကျမ်းတတ်။

၅၉။ ကိုယ်မကျင့်ကြံ၊ ဖြစ်တုံပြန်၊ မီးရှူးထမ်းဟန်–သူကန်း
မှတ်။

၆၀။ (၂၅) နေ့ရော ညဥ့်ပါ၊ တစာစာ၊ သူများကိုသာ
အတွင်ဟော။

၆၁။ ကိုယ်မကျင့်လို၊ ပဥ္စင်းပျို၊ ပုံဆိုပါလော၊ ကိုယ့်ဖြစ်ပျက်။

၆၂။ စောင်းသမားနားထိုင်း၊ ပုံနှင့်နှိုင်း၊ ရှိုင်းလိုက်လေခြင်း မဆိုနှင့်။

၆၃။ (၂၆) အစာမခေ်၊ ဖြစ်တုံလျှင်၊ ကောင်းကင်ဝေဟာ တဝဲဝဲ၊ ထိုငှက်လင်းတ–ဘေးကင်းမြဲ။

၆၄။ ခွေးကောင်ပုပ်တွင်၊ မက်မောလျှင်၊ မြေသို့သက်ဝင်– ကျော့ကွင်းထဲ။ ထိုငှက်လင်းတ–ဘေးထိမြဲ။

၆၅။ ဤသို့ပုံကို၊ နှလုံးသို၊ ကာမဂုဏ်ကို–လွတ်အောင် ဖွဲ့လေ လော။ သာသနာ၌–မြဲစေသော်ဝ်။

၆၆။ သာသနာတွင်၊ မမွေ့လျော်လျှင်၊ တရားတော်ကို မင်ပါမှု။

၆၇။ တရားမမင်၊ ဖြစ်ပါလျှင်၊ ဘုရားရှင်နှင့်–ကဏ္ဍက။

၆၈။ (၂၇) တင်လဲအိုးထဲ၊ တင်လဲခဲ၊ မဲ၍တက်သည့်– ပိုးပရွက်။

၆၉။ အစားမဘတ်၊ ဖြစ်တုံလတ်၊ အစာသက်၍- သေမည် ချက်။

၇၀။ ယင်းသည့်ပုံသွင်၊ နှလုံးဝင်၊ မောင်ရှင်သီလ—ထက်လိမ့် သော်ဝ်။

၇၁။ (၂၈) ရွှေတောင်ကြီးမှာ၊ ရွှေကိုသာ၊ လူတို့ရှာယူ– ဘယ်မစဲ။

၇၂။ ဘောသားသမင်၊ ဖြစ်တုံလျှင်၊ မြက်ပင်ကိုသာအတွင်ခဲ။

၇၃။ ဘောသမင်ထံ၊ နည်းမခံ၊ ပညာလျှံ၍-ကဲစေသောဝ်။ ပစ္စည်းသို့မှီး-နဲ့စေလော။

၇၄။ (၂၉) ဝေဘူသာခေါင်၊ ပတ္တမြားတောင်၊ အရောင်လျှပ်လျှပ်ကြဲ။
၇၅။ ပတ္တမြားကောက်သူ၊ ထိုသည့်လူ၊ ဘီလူးဖမ်းမူ-ရှုးစမြဲ။
၇၆။ ဘီလူးဖမ်းစား၊ ရွှးတုံငြား၊ ပတ္တမြားကျောက်နှင့်-တက်တက်လဲ့။ မစင်ကျောက်ကိုသာ—အတင်မဲ့။
၇၇။ ဘီလူးနိုင်တက်၊ ဆရာမြွတ်၊ ကြုပ်ကြုပ်မောင်မှိဝဲ။
၇၈။ ဘီလူးမသိ၊ အင်းဆေးနိ၊ ကိုယ်လုံးချိရှဲစွဲ။
၇၉။ ယင်းသည့်ပုံထဲ၊ နှလုံးစွဲ၊ သီလလျှ ကဲ—ဖြစ်လိမ့်သော်ဝ်။
၈၀။ (၃၀) သာသနာတွင်၊ ပုန်းခိုဝင်၊ ဘုရားရှင်ကို-နောက်ဖယ်ထား။
၈၁။ အတွင်းတော်မှာ၊ ပြင်ကမြဲ၊ ပန်းဘဲမင်းကြီး-လူအလား။
၈၂။ ယင်းသို့ပုလျှင်၊ တို့မောင်ရှင်၊ ယမမင်းထံ-ဝင်ပေလော။
၈၃။ (၃၁) ဘုရားသခင်၊ ဆရာရှင်နှင့်၊ မိခင်ထံပါး၊ ရောက်တုငြား၊ ကြောက်လန့်တကြား-တုပ်ခကော်ရော်။
၈၄။ မီးနှင့်မသွေ၊ မြေနှင့်မခြား၊ လွန်ခန့်ငြား၊ မပြတ်သတိ—ထားလေလော။
၈၅။ (၃၂) ဆရာကောင်းထံ၊ နည်းမခံ၊ ဂုဏ်မာန်တတင်းတင်း။
၈၆။ နည်းယူတဖန်၊ ခံတုံပြန်၊ အတန်ငယ်မျှ- နည်းရလျှင်။
၈၇။ ဒေဝဒတ်သွင်၊ ဆရာရှင်၊ ဘက်ပြိုင်အင်တု—လွတ်အောင်ကျင်း။
၈၈။ ဝိဒေဟာသခင်၊ တိုင်းကြီးရှင်၊ ပုတ်သင်ပြိုင်တု-ပြောင်တင်းတင်း။

၈၉။ မိဘသခင်၊ ဆရာရှင်၊ ဂုဏ်ပြိုင်ချင်၍-တအင်းအင်း။
၉၀။ ယင်းသို့ပြုမှား၊ လူငနွား၊ အားလုံးဝိုင်း၍- နှင်းလိမ့်
သောဝ်စ်။
၉၁။ (၃၃) ဆရာထိုသို၊ ဆည်းကပ်လို၊ ထိုထိုဆရာတတ်
ကို-သိရမည်။
၉၂။ ကမ်းတဘက်ကို၊ ကူးမြောက်လို၊ ဆိပ်ကောင်းရာကို-
သိသောနည်း။
၉၃။ (၃၄) ပညာလည်းချွန်၊ သီလဝန်၊ ဆရာမွန်ကို-ကပ်ရ
မည်။
၉၄။ သားရဲမိကျောင်း၊မကိန်းအောင်းရာ၊ ဆိပ်ကောင်းမှာ၊
ဆင်းသက်ရာသောနည်း။
၉၅။ (၃၅) ဘုန်းကံကြီးသူ၊ဖြစ်စေမူ၊ သီလမြူမှု-ကပ်လေ
လော။
၉၆။ ဥစ္စာရှိသူ၊ ဖြစ်စေမူ၊ ရှုးသည့်သူနှင့်-ခေါင်းမည်လော။
၉၇။ (၃၆)ဆရာကောင်းတွင်၊ဆည်းကပ်လျှင်၊ ဆရာချစ်ခင်
ရှိစေသောဝ်။
၉၈။ ချစ်ခင်စေလို၊ ဆရာကို၊ ထိုထို ဝတ်နှင့်-ဖြားယောင်း
လော။
၉၉။ ဆရာ့စကား၊ မိုဃ်းကြိုးသွား၊မစံ့မစား-ကြောက်လေ
လော။
၁၀၀။ ခွန်းတုံ့မပြန်၊ မလှန်ဆန်၊ တသန်ထည်းသာ-လိုက်လေ
လော။

၁၀၁။ ဆရာလိုရာ၊ သူ့ထက်ငါ၊ ညီညာဖြဖြ—ပြုကြလော။
၁၀၂။ အရေးကြီးလျှင်၊ ရှေ့ကတင်၊ ဆရာအရင်-ခဲလေလော။
၁၀၃။ ဘေးရန်ရောက်ခါ၊ မရှောင်သာ၊ ဆရာ့ဘက်တော-ရဲစေလော။
၁၀၄။ နာဖျားမကျန်း၊ ကိုယ်ချိနွမ်း၊ ခြေစမ်း လက်စမ်း-မြဲစေသောဝ်။
၁၀၅။ ဆရာပြစ်ဘင်၊ ပြုပြန်လျှင်၊မျက်နှာ ရှင်လန်း– သဲစေသော်ဝ်၊
၁၀၆။ နောက်ကိုတဖန်၊ပြစ်တင်ရန်၊မရှိအောင်-ကြံလေလော။
၁၀၇။ ကြိမ်လုံးတပြာ၊မရှယ်လာခင်၊ ပြေးစိုင်းနှင်၊သိန္ဒောမြင်းသွင်–ကျင့်လေလော။
၁၀၈။ နှင်ထုတ်တဖန်၊ဖြစ်တုံပြန်၊ ကျိုးကျိုးနွံ့နွံ့-တောင်းပန်လော။
၁၀၉။ သဲညှင်း တဖန်၊ မခံပြန်၊ တန်တန် ဒဏ်ထမ်း–တောင်းပန်လော။
၁၁၀။ တောင်းပန်မရ၊ မရှိရမြဲ၊ ကြိတ်အံခဲ၊ အနဲ့နဲ့သာ–တောင်းပန်လော။
၁၁၁။ ယင်းသို့ပြုတတ်၊ တပည့်မြတ်၊ ကြပ်ကြပ်ဆရာ-ခင်လိမ့်သောဝ်။
၁၁၂။ ဆရာကခင်၊ ကိုယ်ကမင်၊နေ၍ပျော်ရှင်-ရှိလိမ့်သောဝ်။
၁၁၃။ ပျော်ရှင်နေရ၊ ရှိတုံမှ၊ ဓမ္မလှလှ—ကျင့်နိုင်သောဝ်။
၁၁၄။ ဓမ္မလှလှ၊ ကျင့်နိုင်မှ၊ နိဗ္ဗူပါရ–ရောက်နိုင်သောဝ်။

၁၁၅။ နိဗ္ဗုပြပါရ၊ ဆောက်တုံမှု၊ သမ္ဘဝဘယ-ကင်းငြိမ်းသောစ်။
၁၁၆။ သြဝါဒကထာ၊ မိုဃ်းကြီးရွာ၊ ဤခါ မိုဃ်းရေ-
သိမ်းလတ်ပြီ။
၁၁၇။ သောတုဇန်၊ မျိုးသိဿာ၊ ငါးဖြာပီတိ-ဟိန်းလတ်ပြီ။
၁၁၈။ သာခုကာရံ၊ ကောင်းချီးညံ၊ ဘဝဂ်ဘုံယံ-ဟိန်းလတ်ပြီ။

၁၂၅၀-ပြည့်နှစ်။
ပြာသိုလပြည့်ကျော်-၁၀-ရက်။

# ဒုတိယဩဝါဒကထာ

၁။ (၁) သုခကာမာနိ ဘူတာနိ၊ ယော ဒဏ္ဍေန ဝိဟိံသတိ။ အတ္တနော သုခ မေသာနော၊ ပစ္စ သော နလဘတေ သုခံ။....မိန့်တော်သံ၊ နိယံ နှလုံးထား။

၂။ ကိုယ့်အသက်ကို၊ ရှည်စေလို၊ သူ့အသက်ကို—လွှန်သနား။

၃။ ဘဝထိုထို၊ ချမ်းသာလို၊ မိမိတုတ်ကို—ချ၍ထား။

၄။ (၂) ဒါနံ ဒါဘဗ္ဗံ၊ ဒါနံ ဟိ ဘောဂသမ္ပဒါ။.... မိန့်တော်လာ၊ အမောင်နားမှာစွဲ။

၅။ ဘဝထိုထို၊ မောင်ရွှဲလို၊အမောင့်ဥစ္စာ —ကြွဲလေလော။

၆။ (၃) အန္န မေဝါဘိနန္ဒန္တိ၊ ဗဟူဒေဝါ မနုဿကာ။ အထကော နာမ သော ယက္ခော၊ ယော အန္နံ နာဘိနန္ဒတိ။....ကျမ်းလာဘိ၊ အမောင်သိသည်မဟုတ်လော။

၇။ ထမင်းမမင်၊ နတ်အသွင်၊ အမောင် ဖြစ်ချင်လှသလော။

၈။ ထမင်းမမုန်း၊ အများထုံး၊ အမောင်သုံးမည်မဟုတ်လော။

၉။ ထမင်းစားလို၊ မောင်လှူပျို၊ အမောင့်သဒ္ဓါကို ပြုစေလော။

၁၀။ (၄) သီလံ ရက္ခိတဗ္ဗံ၊ သီလံ သဂ္ဂါရောဟန သောပါနံ။....မိန့်တော်သံ၊ တည့်ညှိနှင့် မကြားလော။

၁၁။ နတ်ပြည်ခြောက်ရွာ၊ ထိုဘုံမှာ၊ ချမ်းသာလှသည်-မသိ
လော။

၁၂။ ပါယ်ဝလေးဖြာ၊ ယမရွာ၊ သားယာ လှသည်- ထင်
သလော။

၁၃။ လေးရွာမလို၊ ခြောက်ရွာလို၊ စောင်းတန်းတိုလို့-တော်
မည်လော။

၁၄။ (၅) ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊ မာပစ္ဆာဝိပ္ပဋိ
သာရိနော အဟုဝတ္ထ။....တဖွဖွ၊ အမောင့် နားတ-
မကြားလား။

၁၅။ နေ့မီး ညမီး၊ ထိန့်ထိန့်ညီး၊ မီးပုံကြီးလှ—ချည်တကား။

၁၆။ ငရဲမီးကို၊ ငြိမ်းစေလို၊ အမောင့်မီးကို ငြိမ်း၍ထား။

၁၇။ (၆) အဟံ နာဂေါ သင်္ဂါမေ၊ စာပတော ပတိတံ
သရံ၊ အတိဝါကျံ တိတိက္ခိဿံ၊ ဒုဿီလောဟိ ဗဟုဇ္ဇ
နော။....မိန့်ဟောထွေလာ၊ ဒေသနာ၊ နည်းယူစရာ-
မကောင်းလော။

၁၈။ ကောသမ္ဗီခေါ် ပြည်တော်နေသား၊ လူအများ၊ ဘုရား
ကိုပင်-ဆဲသကား။

၁၉။ ဘုရားသော်မှ၊ ဆဲခံရ၊ ဒုဇ္ဇနမှ-လွတ်အောင်ရှား။

၂၀။ ဒုဇ္ဇနအကြား၊ နေရခြား၊ မိမိတွတ်ကိုချ၍ထား။

၂၁။ တုတ်ဘများများ၊ ခွေးပုံကြား၊ သွား၍ ဘော်မည်လား။

၂၂။ (၇) အကောဓေန ဇိနေ ကောဓံ....မိန့်တော်သံ၊
ကြွက်ကြွက်ညံ့အောင်-မကြားလား။

၂၃။ သဲ့ညှင်းမခံ၊ သူ့ကိုလှန်၊ အာဏာတော်ကို—မဆန်လော။
၂၄။ အာဏာတော်ကို၊ မောင်ဆန်လို၊ အဘယ်မောင့်ရန်—ပြုလိမ့်နည်း။
၂၅။ (၈) အသာခု သာခုနာ ဇိနေ၊-မိန့်ခွန်းတွေ၊ အမောင် မကြား—လေသလော။
၂၆။ သူ-စလောင်းဖဲ့၊ ငါ-အင်ဖဲ့၊ ရွှဲ့ချင်းရွှဲ့လို့- တော် မည်လော။
၂၇။ (၉) ဇိနေ ကဒရိယံ ဒါနေန၊....မိန့်တော်ကျ၊ ထိပ် ထက်သံမှို-မရှလော။
၂၈။ သူ့ဟာလိုချင်၊ ကိုယ်ကပင်၊ ရှေးဦးကင်၍- ပေးလေ လော။
၂၉။ (၁၀) သစ္စေနာ လိကာ ဝါဒိနံ၊.... ရန်အောင်ရန်၊ မိန့်တော်ပြန်လာ-မကြားလော။
၃၀။ လိမ်လည်ကောက်ကျစ်၊ အမှုညစ်သူ၊ ထိုသည့်လူ၊ သစ္စာ မူ၍—အောင်လေလော။
၃၁။ (၁၁)အညာ ဟိ လာဘူပနိသာ၊ အညာနိဗ္ဗာန ဂါမိနီ။ ဧဝ မေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော။ သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေက မနုဗြူဟယေ။.... မိန့်ခွန်းတွေ၊ မောင့်အနေနှင့် ဘယ့်နှယ်နည်း။
၃၂။ နိဗ္ဗာန်ရကြောင်း၊ လာဘ်ရကြောင်း၊ နှစ်ကြောင်းဘယ် တွင် လိုက်မည်နည်း။
၃၃။ လာဘ်လမ်းကိုကြိုက်၊ အမောင်လိုက်၊ နိဗ္ဗာန်တိုက်၍—မွဲလိမ့်မည်။

၃၄။ မစင်တွင်းနိုက် ဘဝဆိုက် ပတ္တမြားတိုက်နှင့် လွဲသည့်နည်း။

၃၅။ ယင်းသည့်ပုံကို၊ နှလုံးသို၊ သက္ကာရကို-လွတ်အောင်မဲလေလော။

၃၆။ (၁၂)တကွမ်းစားတန်၊ သံဃာ့ဆန်၊ သံဃာမပန်-သုံးမိ ဦးပဥ္စင်း။

၃၇။ ငရဲမရဏာ၊ မြေပြိတ္တာ နောက်တဆက်မှာ ဝိစိဆင်း။

၃၈။ ယင်းသည့်ခြင်းရာ မောင်ထောက်စာ သံဃာ့ဥစ္စာ-လွတ်အောင်ကွင်းလေလော။

၃၉။ (၁၃)စေတီပြင်မှု၊ အဝတ်စ၊ လေဟုန်လွင့်ချ လယ်ခင်းထဲ။

၄၀။ လယ်ရှင်ယောကျ်ား ကောက်ဝတ်မှား သေသည့်ခြားမဲ့သူ့ဖြစ်နဲ့။

၄၁။ ဝင်းဝင်းပြောင်ပြောင် မီးကြီးလောင် အခေါင်ထိပ်ကိုစွဲ။

၄၂။ ဤသည့်ခြင်းရာ ထောက်စာနာ၊ စေတီဥစ္စာ လွတ်အောင်လေရှဲလော။

၄၃။ (၁၄)မယားဝနိုး သားဝနိုး၊ ဖွဲ့ကိုထိုး၍ စပါးဆောင်း။

၄၄။ ယင်းသို့ပြုငြား ငမိုက်သား၊ နောက်ဘဝလား—သူ့အကြောင်း။

၄၅။ ဖွဲမီးပုံကြီး၊ ထိန်ငြိးလောင်ယှာ၊ မီးကိုသာ ဘာသာယူ၍ကိုယ်ကိုလောင်း။

၄၆။ ယင်းသည့်ဘုရား နှာ ဝယ်ကြား၊ ကုန်သည်လူများ ကြောက်စကောင်း။

၄၇။ (၁၅)ကုဋ္ဌေလးဆယ် ဥစ္စာကြွယ်၊ မိုက်ခေါင်တယ် သည့် သူဋ္ဌေးသား။

၄၈။ ယေးယောက်လုံးပင် ရှုးစိတ်ဝင်၊ သူ့မယားတွင်— ကာလလျား။

၄၉။ လောဟကုမ္ဘိ ကြေးအိုးနိဗ္ဗ ဘေးကြီးဆိုက်၊ မိုက်ပြစ် မဟုတ်လား။

၅၀။ ယင်းသည့်တရား နှလုံးထား၊ ပရဒါရ—ရှားလေလော။

၅၁။ (၁၆)ကဏ္ဏမုဏ္ဍ ရေအိုင်စတွင်၊ ဆင်လောက်ကြီးမား၊ ခွေးကြီးစား၊ မုသားကျိန်မိ ယင်းအပြစ်။

၅၂။ ဝေမာနိက ပြိတ္တာမ ကျမ်းဝယ်ညွှန်ပြ သူ့သနစ်။

၅၃။ ဤသည့်ဝတ္ထု နှလုံးပြု၊ မုသားမဖြစ် ရှောင်လေလော။

၅၄။ (၁၇)ရဟန်းသိက္ခာ၊ ကျွင့်ဘူးရှာ၊ မွှားရှာသေအရက်။

၅၅။ ရေကြည်ဘဲပေါက် မသောက်လေရ၊ ကာလကိစ္စက ပြိတ္တာ၊ သူ့ခြင်းရာ၊ မှတ်ပါနောင်တသက်။

၅၆။ ယင်းသည့်တရား နှလုံးထား၊ သူရာပါးပါး ရှောင် လေလော။

၅၇။ (၁၈) ဘောင်ကာစကား မြောက်စကား၊ ပြောကြား ဂုံးတိုက် ထိုသူညစ်။

၅၈။ သေသောအခါ ငရဲရွာ၊ နောက်တဆက်မှာ ပြိတ္တာဖြစ်။

၅၉။ သူစိလောမ အမည်ရ ကျမ်းဝယ်မော်ပြ သူ့သနစ်။

၆၀။ ယင်းသည့်ပုံထဲ နှလုံးစွဲ၊ ပို သူလွှတ်အောင်ဖဲလေလော။

၆၁။ (၁၉)လင်ကို ကျိန်တွယ် အသွယ်သွယ် မဖွယ်ကြမ်းတန်း ဣတ္ထိမိုက်။

၆၂။ ပရိမရဏာ၊ ရောက်သောခါ၊ ပြိတ္တာဘုံမှာ–ဘေးကြီးဆိုက်။

၆၃။ ကိုယ်ကျိန်သမျှ၊ ကိုယ်ခံရ၊ ဌာနထာကျမ်းမှ- လာတိုက်ရိုက်။

၆၄။ ယင်းသည့်ပုံဥ၊ ဘဝင်ချိုက်၊ ဖရုဿနှင့်– မတိုက်မိစေသောဝ်။

၆၅။ (၂၀)မနုဿတ္တ၊ဒုလ္လဘ၊ ရလွယ်လှသည်-ထင်သလော။

၆၆။ ဗုဒ္ဓုပ္ပါဒ၊ နဝမ မခဲယဉ်းလှ၊ ထင်မည်လော။

၆၇။ သဒ္ဓမ္မသစ်နှ၊ ဒုလ္လဘ၊ ယခုလက်ငင်း-ရဆဲမဟုတ်လော။

၆၈။ ဤမျှလောက်စင်၊အခြေမြင်၊ ဒု ကြဉ်ရုံမျှ-ခဲမည်လော။

၆၉။ ဒု–ဆယ်ကြဉ်ဖဲ၊သု-ဆယ်မြဲ၊သု-နှစ်ခုဥ–စွဲလိမ့်သောဝ်။

၇၀။ ဩဝါဒကထာ၊ ဒုတိယာ၊ ဤခါအောင်စည်-စလတ်ပြီ။

၇၁။ သောတုနှောင်လာ၊မျိုးသိဿာ၊နိဗ္ဗူပါရ-မြဲလောက်ပြီ။

၁၂၅၀-ပြည့်နှစ်။
ပြာသိုလပြည့်ကျော် ၁၄-ရက်။

# အဝတ်ဆင်ခြင်ရန်

၁။ ရတနာသုံးအင်၊ ဂမုန်းပင်၊ ဦးတင် ယှက်ပါသား။
၂။ ဥပဒ္ဒဝေ၊ ဘေးညစ်တော၊ ရှောင်လေ ဝေးဝေးရှား။
၃။ ပစ္စဝေက္ခဏာ၊ သောအဟံ၊ လိက္ခံ ရေးပိမ့်—အောင်စေဆောင်။
၄။ လူရောရှင်ပါ၊ ဤသည့်စာ၊ ဘယ်ညာ ချန်မထား။
၅။ အဝတ် ဝတ်ခါ၊ ဆင်ခြင်ရာ၊ များစွာ ကျယ်မပွါး။
၆။ ချမ်းပူခြင်မှက်၊ နှိပ်စက်ကင်းအောင်၊ ငါသုံးဆောင်၊ လှုအောင်မို့လို့လား။
၇။ လှုအောင်ပါဟဲ့၊ ဆင်ကတဲ့၊ လှဘဲ့အမြင်သား။
၈။ မလှမှန်းကို၊ မင်းသိလို့၊ ကိုယ်မှာ ခွါတော့လား။
၉။ လူရောရှင်ပါ၊ မြင်မသာ၊ မျက်နှာလွှဲလိမ့်-ရှောင်မမှား။
၁၀။ လက်ခုတ် တီးကာ၊ ရယ်စရာ၊ ဘယ်မှာ လှလိမ့်—သတိထား။
၁၁။ အဝတ် မဆင်၊ ခွေးအိုပင်၊ လူမြင် ကောင်းသေး—ပါတကား။
၁၂။ မောင်မင်းကိုယ်ဘွင်၊ မဝတ်လျှင်၊ လူမြင်မတောင်း—ပါတကား။
၁၃။ ခွေ့ အိုလောက်မျှ၊ ဟန်မရ၊ မုချ အမြင်သား။
၁၄။ ထမင်းစားရာ၊ ခွေးအိုလာ၊ သူငါ နွံ့သလား။
၁၅။ အဝတ်ဗလာ၊ မောင်မင်းလာ၊ လျင်စွာထရှဲ-သွားဘူးလား။

၁၆။ အော့နှလုံးနာ၊ ထွိဘွယ်သာ၊ ရွှံရှာကင်းလိမ့် ထင်
သလား။

၁၇။ ဆက်တိုင်းကမ္ဘာ၊ ဖြစ်လေရာ၊ ရံခါ ပျောက်ဘူး—
လေသလား။

၁၈။ ပြည်တစိုစို၊ ထွက်စီးယို၊ အိုင်းအမှာလို-ပုံမခြား။

၁၉။ ယင်းသို့ သွယ်သွယ်၊ ရှက်ရွှံဘွယ်၊ ခုဝယ် ဖုံးရ—ပါ
တကား။

၂၀။ ရှက်ရွှံကင်းရုံ၊ ဖုံးပါတုံ၊ မောင့်ပုံတိုး၍—လှသလား။

၂၁။ ရှက်ရွှံ မျှသာ၊ ကင်းလွတ်ပါ၊ မောင့်မှာ နဂိုရ်—
အတိုင်းသား။

၂၂။ နဂိုရ်တိုင်းကိုပင်၊ လှသည်ထင်၊ ကိုယ်ပင် မမှား—
လေဘူးလား။

၂၃။ အမှားကိုယ်ပင်၊ အမှန်ထင်၊ လူရှင် အရူး—မဆိုလား။

၂၄။ အရူးဟူက၊ ဤလောက၊ ယုတ်စွာ့ ငှင်တရား။

၂၅။ အပါယ်ကိုသာ၊ သူလမ်းရှာ၊ လဲဝါ—ပုံမမှား။

၂၆။ လေအောက်သို့သာ၊ လွင့်လေရှာ၊ လဲဝါ-သူဖြစ်လား။

၂၇။ လောဘာကပ်ပူး၊ ထိုသူရူး၊ စူးစူး အပါယ်သွား။

၂၈။ ဓာတုသညာ၊ ဆင်ခြင်ရာ၊ မှတ်ပါနည်းတပါး။

၂၉။ ပထဝီ အာပေါ၊ ဝါယောတေဇော၊ ဤကာယ၊ ဓာတ်မျှ
အမှန်စွဲ။

၃၀။ အဝတ်မှာလည်း၊ ဓာတ်မျှချည်း၊ ဤနည်းမှန်မလွဲ။

၃၁။ မဟာဘုတ်ချင်း၊ ဓာတ်ရုပ်ချင်းပင်၊ ဖြစ်လျက် လျှင်၊
လှချင်ဘယ်သူ—ပြုမည်လဲ။

၃၂။ သူလဲမသိ၊ ငါလဲမသိ၊ ဆိုဘိပုံမလွဲ။

၃၃။ သူ့သေ ကောင်မှာ၊ ဝတ်သောခါ၊ ဘဇာ သူက သိမည်လဲ။

၃၄။ သူသေကောင်ကို၊ ပူးဝင်ခို၊ ဖုတ်အိုပုံစံဘဲ။

၃၅။ သူတို့ချင်းလဲ၊မသိဘဲ၊ စပ်ကြားဖုတ်အို၊အထင်လွဲ။

၃၆။ သူ့သေပမာ၊ ဤကိုယ်မှာ၊ တကျာ့ဖုတ်အိုစွဲ။

၃၇။ ကိုယ်နှင့်အဝတ်၊ အဝတ်နှင့်ကိုယ်၊ မသိလိုဘဲ၊စပ်ကြား တကျာ့ အထင်လွဲ။

၃၈။ လှုသည့်အနေ၊ ဖုဘ်အိုမွေ၊ ထင်လေသူမှာ—အကျိုးနဲ။

၃၉။ ယင်းတစ္ဆေယုတ်၊တကျာ့ဖုတ်၊ မန်းမှုတ်ထုတ်မှ-ဖဲ။

၄၀။ မန်းမှုတ်ထုဘ်ကာ၊ရွတ်စရာ၊ ဂါထာ—ဤတနဲ။

၄၁။ တန်—တစ္ဆေယုတ်၊ တကျာ့ဖုတ်၊ သုတ်သုတ်ခွာလေလွဲ။

၄၂။ နှင်လှည့်စားရာ၊ နှင့်တွက်တာ၊ ငါ့မှာသံသာထဲ။

၄၃။ ယခုတိုင်ကြာ၊ မလွတ်သာ၊ လည်ချာတသဲသဲ။

၄၄။ မြင်းပြေးလေလေ၊ ငါမောလေ၊ ဆိုထွေပုံမလွဲ။

၄၅။ နှင်လှုဓေလေ၊ ငါပန်းလေ၊ သံသာရေရှည်—ဘယ်မစဲ။

၄၆။ နှင်၏ခြင်းရာ၊ ခုဤခါ၊ သေချာသိပြီဘဲ။

၄၇။ ပြေးလေထွက်လေ၊ သက်ပါလေ၊ တစ္ဆေမောင်ဖုတ်မွဲ။

၄၈။ ဤသည့်ဂါထာ၊ ရွတ်၍သာ၊ သေချာသတိစွဲ။

၄၉။ ဖုတ်အိုတကျာ၊ တောပြိတ္တာ၊ ထွက်ကာ ပြေးလိမ့်မနေဘဲ။

၅၀။ မကျဉ်းမကျယ်၊ ဆင်ခြင်ဘွယ်၊ ဆောင်လွယ်လူခပဲ။

၅၁။ သင်္ဘောပမာ၊ ဤသည့်စာ၊ အောင်ချာနိဗ္ဗူ–ချဉ်း
သော်ဝ်။

၅၂။ ပစ္စဝေက္ခဏာ၊ ပထမာ၊ ဤခါ အောင်မြေနင်းလိမ့်
သောဝ်။

၅၃။ မမပုညံ၊ ကုသလံ၊ နိဗ္ဗာန်ရွှေမြို့–လင်းလိမ့်သောဝ်။

## အစားဆင်ခြင်ရန်

၁။ နေ့ဝ-ဒဝါ၊ နှ-မဒါနှင့် စသည် ရှစ်ဖြာ၊ စုံလင်စွာ
စားကာနှလုံးသွင်း။

၂။ ဓာတုသညာ၊ ဝ-ဝတ္ထာ၊ ရံခါမမေ့လျှင်း။

၃။ ပဋိကူလ၊ ဆင်ခြင်က၊ သို့မှ တပ်ခြင်းကင်း။

၄။ ပဋိကူလာ၊ ထင်အောင်သာ၊ ကောင်းစွာနှလုံးသွင်း။

၅။ ဤသည့်စားဘွယ်၊ ဤနဲဘွယ်၊ တင့်တယ်သူဖြစ်ခြင်း။

၆။ ပရိသာတ်လယ်၊ တင်စမွာယ်၊ မယ်မယ်တည်ပါခြင်း။

၇။ စားမည်ပြင်ဆင်၊ နယ်ပြီးလျှင်၊ လက်တင်ခုချက်ခြင်း။

၈။ သွေးပြည်ခြင်ဆီ၊ ပုတ်ဟောင်ညှီ၊ လက်ဆီလက်ချေး–
ထောက်မိလျှင်း။

၉။ ချစ်ကျွမ်းလွန်ဝင်၊ မိတ်ဆွေခင်၊ စားချင် အာသာ
ကင်း။

၁၀။ ခံတွင်းအာပေါင်၊ သွင်းမည်ဆောင်၊ ပါးစောင်
နှစ်ဘက်တွင်း။

၁၁။ ခွဲခမ်း သွားချေး၊ သလိပ်မြေး၊ တံတွေး ရေဖျော် ကျင်း။

၁၂။ ညက်ညက်စိစိ၊ ဝါးတုံဘိ၊ သိသိကျေလေလျှင်း။

၁၃။ ယင်းသည့်အစာ၊ ထိုအခါ၊ ခွေးနှာအောဖတ်ဆင်း။

၁၄။ ခွေးစာခွက်မှာ၊ ခွေးကျွေးစာ၊ သူငါ မြင်ဝံ့– လေငဲ့ မင်း။

၁၅။ ယင်းသည့်အစာ၊အာပေါင်မှာ၊သူငါမြင်ရှဲ-မရဲတင်း။

၁၆။ ရဲမည့်အဟန်၊စိတ်ထင်ပြန်၊တဖန်ထွေးရှဲ-မျိုစမ်းမင်း။

၁၇။ မမျိုဝံ့လျှင်၊ စားခွက်တွင်၊ တစောင်ကပင် – ထည့်ဦးမင်း။

၁၈။ စားခွက်အလုံး၊ တက်တက်ပြုန်း၊ မလုံးပစ်လိုက်– ချင်လိမ့်မင်း။

၁၉။ ဤမျှတကယ်၊စက်ဆုပ်ဘွယ်၊ခုဝယ်ရောက်လေလျှင်း။

၂၀။ တပြည်လုံးပင်၊ လူဗိုလ်ရှင်၊မမြင်စမ်းပါ·တကယ်မင်း။

၂၁။ မမြင်ဝံ့ကောင်း၊ ရောက်တုံရှောင်း၊ လည်ချောင်း အာစောက်တွင်း။

၂၂။ ပုပ်ဟောင်ညှီမဲ၊ ခွဲပုပ်ထဲ၊ ခွဲရှဲသွားလေလျှင်း။

၂၃။ ယောက်သွားပုပ်ပမာ၊ယင်းအစာ၊ ပုပ်စွာညှီမယွင်း။

၂၄။ တည့်ညွှဲသိပ်ခါ၊ ယင်းအစာ၊ သက်လှာတစိတ္တင်း။

၂၅။ မသက်တဖန်၊ဖြစ်တုံပြန်၊ပူပန် ကိုယ်လုံးချဉ်း။

၂၆။ အစာမကျေ၊ဖြစ်ပြန်လေ၊ ထွေထွေရောဂါညှဉ်း။

၂၇။ ကုဋ္ဌရောဂါ၊ သွေးဒူလာ၊ စစွာ ဤထမင်း။

၂၈။ ယင်းသည်အခါ၊ဖြစ်များစွာ၊ နောင်လာနှလုံးသွင်း။

၂၉။ အသင့်ဆင်ခြင်၊ ပညာရှင်၊ လွန်လျှင် တပ်ခြင်းကား။
၃၀။ ရသေတကျော၊ မှောင်ကြီးကာ၊ များစွာလူတဘင်း။
၃၁။ ခွေးငယ်ပမာ၊ စိတ်နှင့်သာ၊ သူငါသုံးမိလျှင်း။
၃၂။ ယင်းသည့်အစာ၊ ကိုယ့်ကိုယ်သာ၊ သံသာနှစ်လိမ့်မင်း။
၃၃။ မနှစ်ရအောင်၊ သတိဆောင်၊ ကြံဆောင်ကြရာမင်း။
၃၄။ သဘောပမာ၊ ဤသည့်စာ၊ အောင်ချာနိဗ္ဗူ–ချဉ်း
လိမ့်သောဝ်။
၃၅။ ပစ္စဝေက္ခဏာ၊ ဒုတိယာ၊ ဤခါ အောင်မြေ–နင်း
လိမ့်သောဝ်။
၃၆။ မမပုညံ၊ ကုသလံ၊ နိဗ္ဗာန်ရွှေမြို့–လင်းလိမ့်သောဝ်။

ဇရာမရဏာဆင်ခြင်ရန်

၁။ ရေသားတွန့်လိမ်၊ စားမမြိန်၊ သွားချိန်ဿာလ–
တန်ချေပြီ။
၂။ ပါးရေလိပ်လိပ်၊ သားရေအိတ်၊ အဆိပ်ဘယ်မှာ-မရှိပြီ။
၃။ ကြောပြိုင်းထကာ၊ ရွှဲစရာ၊ မှန်စွာအတိ–ဖြစ်ခဲ့ပြီ။
၄။ ရှိုးကားခေါ့ခေါ့၊ ကုန်းကြော့ကြော့၊ ပြော့ပြော့ခွေကာ-
လဲချေပြီ။
၅။ အရေအသား၊ ခန်းခြောက်ပြား ခါးကိုင်း နားထိုင်း–
ဖြစ်ခဲ့ပြီ။

၆။ အစားမမြိန်၊သားရေလိမ်၊သွားချိန်ကာလ-တန်ချေပြီ။
၇။ သွားကား ဘယ် ညာ၊ မရှိပါ၊ စားရှာချင်လျက်-
ငတ်လေပြီ။
၈။ အရိုးခေါက်ခက်၊ သွားလိုလျက်၊ သက်သက်ခုဝယ်-
လဲချေပြီ။
၉။ အိပ်ရာထဲဝယ်၊ လူးလယ်လယ်၊ ထက်ဝယ်ဖွဲ့ခွေ-
နေချေပြီ။
၁၀။ မရကာဇော၊ဤသဘော၊ဆောဆောလျင်စွာ—ပါတော့
မည်။
၁၁။ ကျင်ငယ် ကျင်ကြီး၊ ယိုကျစီး၊ သက်ကြီး ရှိုက်ငင်-
ပန်းခဲ့ပြီ။
၁၂။ စကားမပြော၊တုကော့ဘော၊ မောရှိတခါ-လဲချေပြီ။
၁၃။ မရကာမင်း၊ နှိပ်စက်ခြင်း၊ အတင်းမခနေ- ခေါ်ချေပြီ။
၁၄။ ခေါ်ရှိငင်ကာ၊ ဆွဲကြရှာ၊ မှန်စွာခုဝယ်-ပေါ်ချေပြီ။
၁၅။ အပုပ်ဖြစ်ခါ၊ အသုဘာ၊ ဝေးစွာလူများ- ပြေးချေပြီ။
၁၆။ ထွက်ပြေးရှိသာ၊ ကွယ်ထောင့်ရာ၊ ရှောင်ကာလူများ-
သွားချေပြီ။
၁၇။ မီးဉ္ဖုတ်ကာ၊ မြေမြှုပ်ကာ၊ သည်မှာပစ်ရှိ-သွားချေပြီ။
၁၈။ မရကာသန္ဓ၊ မှတ်ချက်ကျ၊ဆွဲချယူငင်—ခေါ်ချေပြီ။
၁၉။ ရွှေ ငွေ အသပြာ၊ ထုတ်ရှိသာ၊ ဝယ်ကာ မရပြီ။
၂၀။ အမိအဘ၊ ဆွေမျိုးစု၊ ဆွဲထ ယူငင်-မရပြီ။
၂၁။ ဆွေမျိုးတစု၊ ပူဒုက္ခ၊ ရင်ဝ ထုကာ-လဲချေပြီ။
၂၂။ ငိုကာငိုကာ၊ တစာစာ၊ ဘယ်မှာပြန်ရှိ- မကြည့်ပြီ။

၂၃။ မိဘမယား၊ ပစ်ခါသွား၊ လားလားတွယ်တာ-မရှိပြီ။

၂၄။ အိမ်သို့ပြန်သွား၊ သားမယား၊ အိမ်ကား ဟောင်းလောင်း—တွေ့ချေပြီ။

၂၅။ ကသီလင်တ၊ ပူဆွေးရ၊ ဒုက္ခကြီးကျယ်—ခံရပြီ။

၂၆။ မျက်ရည်စက်လက်၊ သုံးလေးရက်၊ သက်သက်အစာမစားပြီ။

၂၇။ ငါးရက်ခန့်ကျော်၊ ခြောက်ရက်ပေါ်၊ ပျော်ပျော်ပါးပါးရှိချေပြီ။

၂၈။ ရွှင်ပျော်ပျော်ပါး၊ နေနိုင်ငြား၊ လားလားသတိ-မရပြီ။

၂၉။ ခလုတ်ထိမှ၊ အမိတ၊ မှန်လှကောန်-မလွဲပြီ။

၃၀။ ချောက်ကမ်းနားတွင်၊ သစ်ပင်သွင်၊ ခုပင်မကြာ-လဲချေမည်။

၃၁။ ခုနေ့နက်ဖန်၊ သေရမှန်၊ ကောန်မချွတ်-မြဲတော့မည်။

၃၂။ မုန့်ညင်းဆန်သား၊ ပွတ်ဆောက်ဖျား၊ တင်ထားခုဝယ်ကျချေပြီ။

၃၃။ အသက်ခန္ဓာ၊ မရဏာ၊ မှန်စွာမလွဲ-သေတော့မည်။

၃၄။ အနိစ္စနှင့်၊ ဒုက္ခတရား၊ ခုလိုများ၊ လားလားမမြဲပြီ။

၃၅။ အနတ္တရေး၊ သာလို့ဝေး၊ သေဘေးကိုများမကြောက်ပြီ။

၃၆။ နောင်သံသရာ၊ ခံရရှာ၊ ကမ္ဘာရှည်လျား—ချေတော့မည်။

၃၇။ လွန်မှတခါ၊ ပြုချင်ရှာ၊ ဘယ်မှာအခွင့်—မရပြီ။

၃၈။ နောင်တကိုသာ၊ နောက်မှသာ၊ ပြန်ကာပြန်ကာ—တတတ်သည်။
၃၉။ သဘောပမာ၊ ဤသည့်စာ၊ အောင်ချာနိဗ္ဗူ—ချဉ်းလိမ့်သောဝ်။
၄၀။ ပစ္စဝေက္ခဏာ၊ တတိယာ၊ ဤခါအောင်မြေ—နင်းလိမ့်သောဝ်။
၄၁။ မမပုည်၊ ကုသလံ၊ နိဗ္ဗာန်ရွှေရောင်-လင်းလိမ့်သောဝ်။

## ကိုယ်တွင်းသုတ်သင်ရန်

၁။ ခိုးသားထားပြ၊ ဟူတုံက၊ မှုချကြောက်အပ်စွာ။
၂။ ကိုယ်တွင်းသူခိုး၊ မြင်သူခိုး၊ နှစ်မျိုးမှတ်ကြရာ။
၃။ ကိုယ်တွင်းထားပြ၊ ပြင်ထားပြ၊ နှစ်ဝရှိသည်သာ။
၄။ ကိုယ်တွင်းရန်သူ၊ ပြင်ရန်သူ၊ နှစ်မူခွဲရှုရာ။
၅။ ပြင်ပလူထက်၊ ကိုယ်တွင်းခက်၊ ဆက်ဆက်သိအပ်စွာ။
၆။ ကိုယ်တွင်းခိုးသား၊ လက်ခံထား၊ ပြင်ခိုးသားတွေ—မွေလိမ့်မည်။
၇။ ကိုယ်တွင်းထားပြ၊ လက်ခံကြ၊ ပြင်ကထားပြ—ချေလိမ့်မည်။
၈။ ကိုယ်တွင်းရန်သူ၊ လက်ခံမူ၊ ပြင်ရန်သူကြောင့်—သေလိမ့်မည်။

# အလှူပွဲသွင်းဆင်ခြင်ရန်

၁။ ရုပ်သေးပွဲလမ်း၊ ငွေးရမ်းအလှူ၊ ပေးသည့်သူ၊ ထိုသူမှုဆိုး၊အသင့်-ကုသိုလ်ရှင်။

၂။ အခငွေယူ၊ ပွဲပြသူ၊ ထိုသူမှုဆိုး-ခွေးအသွင်။

၃။ ပွဲလာပွဲသွား၊ လူတာလွှား၊ ခွေးတွေကိုက်စား—ဇတာ သမင်။

ရွှေကျောင်းဆရာတော်။

# ဘာဝနာအရသာ

# နှင့်

# သိသာကောဝါဒ

# စကားပုံများ

ဝင်းမော်ဦး
စာပေဖြန့်ချိရေး

အမှတ်(၅၀၁)ကုန်သည်လမ်း ရန်ကုန်မြို့။